
http://cyberbooks.myanmarchat.org



http://cyberbooks.myanmarchat.org

စလောကကောမ်းပေါ်းစာအုပ်ထုတ်ဝေရေး
၁၂/၄၁၈၊ ကျွန်စစ်သားလမ်း
ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်
ရန်ကုန်။

http://cyberbooks.myanmarchat.org

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏
မဖြစ်မနေသော တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေး နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းရေး
- ပြဋ္ဌာန်းလိုက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://cyberbooks.myanmarchat.org

ညီညီဝင်း

[ဂိုင်စာ]

စီစဉ်သည်

http://cyberbooks.myanmarchat.org

[တန်ဖိုး - ၄၅ ကျပ်]

http://cyberbooks.myanmarchat.org

သင်းသင်းသာ

# မိုး

[လုံးချင်းဝတ္ထုသစ် စ– ဆုံး]

http://cyberbooks.myanmarchat.org

ခွင့်ပြုချက်အမှတ်
စာမူ - ၂၂၆/၂၀၀၂ (၃)
မျက်နှာဖုံး - ၂၄၁/၂၀၀၂ (၃)

ပုံနှိပ်ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၂ မေလ

အုပ်ရေ
၁၀၀၀

ထုတ်ဝေသူ
ဦးတင့်လွင်
ဆောင်ကာစာပေ
၆၀၅၊ သုခမ္မာ၊ မြောက်ဥက္ကလာ
ရန်ကုန်။

ပုံနှိပ်သူ
ဦးထွန်းလင်း (၀၆၃၆၂)
ဝိုးဝေအော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ကွန်ပျူတာစာစီ
Dream City

စာပြင်
နောင်နိုး

စာအုပ်ချုပ်
ကိုတင်အေး

မျက်နှာဖုံးပန်းချီ
မုတ်သုန်

http://cyberbooks.myanmarchat.org

# လောကကမ်းပါးစာအုပ်အစီအစဉ်

**ထုတ်ဝေပြီး**

၁။ အောင်ဝေး − ယာမာဂူရှုံခင်မွေးရှိသို့ (၁၉၉၁)
၂။ သင်းသင်းသော − ဝေးဝေးက သက်တံ (၂၀၀၀ မေ)
၃။ သင်းသင်းသော − စင်ရော် (၂၀၀၁ ဒီဇင်ဘာ)

**ယခု**

၄။ သင်းသင်းသော − မိုး

**ဆက်လက်၍**

၅။ သင်းသင်းသော − တတိယဆိပ်ကမ်း
၆။ မြန်မာ့အလင်းစိန်နဝင်း(မြန်မာပြန်)−ဆော်ကွန်းမဝင်သောစစ်သည်တော်
၇။ မြတ်သင်း − မြတ်သင်းနှစ်ယောက်နှင့် ဝတ္ထုတိုများ
၈။ Aung Way - The Purple Wild Horse

http://cyberbooks.myanmarchat.org

အချစ်ဆိုတာ သွေးရူးသွေးတန်း အတ္တတစ်ခုသာ ဖြစ်လိမ့်မည်။ အချစ်တွင်ရှိသော ရောင်စဉ်တို့က တည်ငြိမ်အေးစက်နေခြင်းမရှိဘဲ ဆည်းလည်းသံကဲ့သို့ တလွင်လွင်သာယာလိုက်၊ အလုံးစုံငြိမ်နေသော မိုးသားထုအောက်တွင် အေးစက်မာကျောလိုက်၊ လေပြည်အခတ်တွင် ယှဲ့ယှဲ့ဆိုညည်းလိုက်ဖြင့် တစ်သမတ်တည်း မရှိသည်ကိုပင် တွေ့နေရသည်။ အချစ်တွင်ရှိသော ရောင်စဉ်တို့က အစဉ်အမြဲနိုးကြားကာ အရောင်ပြောင်းတတ်သည့် သဘောသည်သဘာဝဖြစ်စဉ်တစ်ခု ဖြစ်နေခြင်းကြောင့် အချစ်သည်အချို့သောလူများအတွက် မသက်ဆိုင်သည့် ဘာသာရပ်တစ်ခု ဖြစ်လာသည်။ မပတ်သက်ချင်သည့် အကြွင်းတစ်ခုဖြစ်နေသည်။ အကြွင်းတကာ့အကြွင်းများထဲတွင် အချစ်ကြွင်းသည် တစ်သက်တာအတွက် ဝေဒနာဖြစ်မှာကိုစိုးရိမ်နေသူတစ်ယောက်အဖို့ အချစ်မှာ အကြွင်းမရှိစေလို။ အကြွင်းမရှိသောကြောင့် မချစ်လိုသော လူများရှိလာခဲ့ရသည်။

http://cyberbooks.myanmarchat.org

# အဆောင်သူ

မေမေက ပုသိမ်ဒီဂရီကောလိပ်တွင် ကျောင်းသွားတက်မည့် မိုးဦး အနားတွင်ထိုင်ကာ တတွတ်တွတ် ပြောနေသည်။ မိုးဦးကတော့ မေမေ့စကားများကို အားစိုက်၍နားမထောင်မိ။ မေမေကပူပန်တတ်သူပင်။ မေမေ၏ ရည်းစား မထားရဘူး၊ ယောက်ျားလေးတွေဆိုတာ ယုံရတာ မဟုတ်ဘူး၊ ကိုယ့်ဘာသာ တည်တည်ငြိမ်ငြိမ်နေ၊ ယခုလက်ရှိ ပေါင်းသင်းသည့် လဲ့လဲ့၊ မော်ကြီး၊ နွယ်ချိုတို့နဲ့ပဲပေါင်း၊ ယောက်ျားလေး မိတ်ဆွေ မထားနဲ့၊ မေမေ့သမီးကို ပညာရေးအတွက်သာ တစ်နယ်တစ်ကျေး လွှတ်ရတာ၊ မေမေ့မျက်စိအောက်က အပျောက်ခံချင်တာ မဟုတ်ဘူး၊ အထူးသဖြင့် ယောက်ျားလေးကိစ္စ ရှုပ်ထွေးတာမျိုး မရှိစေချင်ဘူး စသော စကားများပင် ဖြစ်သောကြောင့် နားထောင်နေရသော မိုးဦးမှာ စိတ်ညစ်လာခဲ့သည်။ ဟာ. . . မေမေကလည်း ထပ်ချည်းတလဲလဲ ဖြစ်နေပြီဟု မပြောရက်။ မေမေတို့က လွန်ကို လွန်လွန်းတယ်၊ သူများတွေလည်း ဒီလိုပဲ သွားနေကြတာပဲဟုလည်း မပြောလိုတော့။ အင်းပါ၊ အင်းပါ ဆိုပြီး မေမေရေသွားတိုက်ဆေး၊ သွားပွတ်တံ၊ အဝတ်လျှော်ဖို့ ဇလုံအသေး၊ အခန်းထဲမှာ ရေသုံးရအောင် အဖုံးပါတဲ့ ရေကိုင်းပုံး၊ ခန်းဆီးလည်း ထည့်ပေးဦးလို့ စကားလွှဲရသည်။

http://cyberbooks.myanmarchat.org



မေမေကိုယ်တိုင် ကျောင်းတက်ခဲ့စဉ်ကတည်းက ယောက်ျားလေးမိတ်ဆွေ မထားခဲ့၊ မိန်းကလေးမိတ်ဆွေပင် တစ်ယောက် နှစ်ယောက်သာရှိခဲ့သည်။ နောက်ပြီး မေမေက ယောက်ျားလေးတွေကို အရက်သောက်တတ်သောသူ၊ မိန်းမရှုပ်တတ်သောသူ၊ ကစားဝိုင်းတွင် ကစားတတ်သောသူ အဖြစ်သာ မြင်ကြောင်း အမြဲပြောတတ်သည်။ နောက်ပြီး ယောက်ျားလေးဆိုတာ မယုံရဘူးတဲ့။ ဖေဖေနဲ့ ဘယ်လို အိမ်ထောင်ကျခဲ့သလဲမေးရင်တော့ မတော်တဆ သတိလက်လွတ် ဖြစ်သွားတာဟု ပြောတတ်သည်။ ထို့ထက်တိကျရေရာသော အဖြေ မရခဲ့။ အဲဒီတုန်းကဖေဖေကအရက်ကိုလွန်လွန်ကျူံကျူံသောက်တတ်၊ မူးတတ်တယ်ဆို၊ အဲဒါနဲ့များ မေမေက ဘာဖြစ်လို့ ယူဖြစ်တာလဲဟု မေးတတ်ရင်လည်း မတော်တဆ သတိလက်လွတ်ဖြစ်သွားတာဟုပဲ ဖြေတတ်သည်။ သားသမီးတွေကမေးတိုင်း ထိုသို့ခပ်ပြတ်ပြတ်ဖြေပြီး ရှောင်ထွက်သွားတတ်သော မေမေ့ကို ထပ်မမေးမိတော့ချေ။

အတန်းတက်စရာရှိတာတက်ပြီး ကိုယ့်အခန်းထဲမှာပဲ ကိုယ်နေ၊ ဘယ်မှ လျှောက်မသွားနဲ့၊ အပေါင်းအသင်းတွေ များများထားပြီး တရုန်းရုန်းလည်း မနေနဲ့၊ မိန်းကလေးဆိုတာ တည်တည်ငြိမ်ငြိမ် နေရတယ်၊ ကိုယ့်အစုလေးနဲ့ကိုယ် သိုသိုသိပ်သိပ်နေ၊ မိုးဦးကတော့ မေမေပြောချင်တာပြောတော့ ကိုယ်ယူချင်သော ပစ္စည်းလေးတွေကို စဉ်းစားပြီး ထည့်နေမိသည်။ ကျောက်ပျဉ်၊ သနပ်ခါးတုံး၊ လှဦးမယ် သနပ်ခါးတစ်ခဲ၊ သနပ်ခါးရေဘူး၊ ပရိုမီနာမိတ်ကပ်၊ မျက်ခုံးမွေးဆွဲခဲတံ၊ နှုတ်ခမ်းနီ။

"ဟဲ့. . . ငါပြောနေတာ ကြားရဲ့လား မိုးဦး"

မေမေ ခပ်ငေါက်ငေါက် ပြောလိုက်တိုင်း မိုးဦးမှာ တုန်တုန်သွားရသည်။ ငယ်ငယ်ကတည်းက မေမေက စိတ်မထင်ရင် မထင်သလို တွေ့ရာပစ္စည်းဖြင့်ရိုက်တတ်၊ ဝေးနေလျှင်လှမ်းပစ်တတ်သောကြောင့်

http://cyberbooks.myanmarchat.org



ယခုအချိန်ထိမေမေခပ်ငေါက်ငေါက်ပြောလိုက်လျှင် ကြက်သီးမွေးညင်းထကာကြောက်မိသည်။ မေမေ့မျက်နှာကြည့်မိတော့ ဒေါသဖြစ်မနေဘဲ စိတ်အလိုမကျစွာ ပူပန်နေမှုသာ တွေ့ရ၍ တဒိန်းဒိန်းခုန်နေသော နှလုံးခုန်သံမှာ တဖြည်းဖြည်း လျော့ရဲလာတော့သည်။ မိုးဦးက မေမေ့ရဲ့ ငယ်ကြောက်သာ ဖြစ်ခဲ့ရသည်။

မေမေက အပြင်ထွက် မဆော့ရဘူးဆိုလျှင် မဆော့ရဲခဲ့၊ နတ်ပွဲမကြည့်ရဘူးဆိုလျှင် မကြည့်ရဲခဲ့၊ ဝတ္ထုမဖတ်ရဘူး ဆိုလျှင် မဖတ်ရဲခဲ့။ မေမေ့ကို လွန်ဆန်ပြီး ပေါ်ပေါ်ထင်ထင် ဘာမှ မလုပ်ရဲခဲ့ချေ။ မေမေက ထဘီကို ချုပ်ရိုးကနေ ကွင်းအတိုင်း ရေစင်အောင်ညှစ်၊ ခါပြီးတော့မှ လှန်းရမယ်ဟုမှာလျှင် မေမေပြောတဲ့အတိုင်းသာလုပ်၊ မေမေပြောတဲ့အတိုင်း မဟုတ်လို့ ထဘီရေစိုက အသားချင်းကပ်နေလျှင် အနည်းဆုံး ၁၀ ချက် မနည်း အရိုက်ခံခဲ့ရတာကြောင့်လည်း မိုးဦးက မေမေ့ကို ကြောက်ခဲ့ရသည်။

အခုလည်း မေမေက ရည်းစားမထားရဘူး၊ မိတ်ဆွေအသစ်မထားရဘူး၊ အတန်းမှန်မှန်တက်၊ အားလပ်ချိန်လည်း အဆောင်ထဲမှာပဲနေ၊ ဘယ်မှ လျှောက်မထွက်နဲ့၊ စတဲ့ စကားများက မိုးဦးနားထဲက မထွက်တော့။ မေမေနဲ့ဝေးရာ ပုသိမ်မြို့မှာ ကျောင်းတက်နေရပေမဲ့ မေမေသိသွားရင် ဆိုသော အတွေးက မိုးဦးအသိထဲမှာ အမြဲရှိနေခဲ့တော့သည်။

မိုးဦးရဲ့ စိတ်ကပဲ မေမေ၏ ချုပ်နှောင်ခြင်းကို ခံနေရတာလား၊ မိုးဦးကိုယ်တိုင်ကပဲ မေမေ့အလိုကျ ချုပ်နှောင်ထားလိုက်ခြင်းလား၊ မဝေခွဲတတ်တော့။ သေချာတာကတော့ မိုးဦးမှာ အတားအဆီးများ ရှိနေခဲ့သည်။

* * *

http://cyberbooks.myanmarchat.org


ပုသိမ်သွားဖို့ ဟသ်ာတဘူတာမှာ ရထားစောင့်နေစဉ် မေမေ၏ မာန်ထန်နေသောမျက်နှာကြောင့် မိန်းကလေးသူငယ်ချင်းများ၊ ယောက်ျား လေး သူငယ်ချင်းများပင် မိုးဦးကို နှုတ်မဆက်ရဲခဲ့။ မေမေ့မျက်နှာကြော ကြောင့် မိုးဦးကိုယ်တိုင်ပင် သိမ်ငယ်သလို ခံစားနေမိသေးသည်။ မေမေ့အကြောင်းသိသော လဲ့လဲ့၊ မော်ကြီးနဲ့ နွယ်ချိုတို့သာ မိုးဦးနဲ့ တိတ်တိတ်ဆိတ် လာထိုင်ခဲ့ကြသည်။ သူတို့ကလည်း မေမေ့ရှေ့မှာ စကားကျယ်ကျယ်ရော တိုးတိုးပါ မပြောရဲ။ စကားကျယ်ကျယ် ပြောသံ ကြားလျှင် ဘဝင်မကျသော အကြည့်ဖြင့် ကြည့်တတ်ပြီး စကား တိုးတိုးပြောလျှင် ရည်းစားသနာအကြောင်း ပြောတယ်ထင်ပြီး ဘာလဲ ဘာလဲဟု မေးတတ်သောကြောင့် ဖြစ်သည်။

ဟသ်ာတဘူတာမှ ရထားမထွက်မချင်း မေမေ့ရဲ့ အကြည့် အောက်မှာ မိုးဦးဘာအပိုမှ စကားမပြောရဲ။ မေမေ့ကို ကြောက်နေရ သည်ကိုပင် မိုးဦးမှာ ဘဝင်မကျနိုင်ပေမဲ့ မေမေ့ကို ဘာမှ မလွန်ဆန်ရဲ။ မိုးဦးတို့နဲ့ ဘေးချင်းကပ်ရက်ခုံမှ ယောက်ျားလေးအုပ်စုကို အလိုမကျစွာ ကြည့်ရင်း စကားကျယ်ကျယ် မပြောနဲ့၊ ပေါ့လားဝါးလားလည်း မရယ်နဲ့၊ ကိုယ့်ဘာသာကိုယ်နေ၊ အရောလည်း သွားမဝင်နဲ့၊ ဟိုက အရောလာဝင်လည်း မသိချင်ယောင်ဆောင်နေ၊ ငါတော့အေ စိတ်မချ နိုင်ပါဘူးဟု တတွတ်တွတ် ပြောနေတုန်းမှာပဲ ရထားထွက်ခဲ့သည်။

http://cyberbooks.myanmarchat.org



မိုးဦးက မေမေ့ကို လက်ပြနှုတ်ဆက်နေသည်ကိုပင် မမြင်ဘဲ မိုးဦးတို့ ဘေးခုံတန်းက ယောကျ်ားလေးအုပ်စုကိုသာ သဲသဲမဲမဲကြည့်ရင်းကျန်ခဲ့သည်။ မေမေ့လောင်းရိပ်အောက်မှ လွတ်ပြီဆိုပြီး မိုးဦး ရဲရဲတင်းတင်း မလွတ်လပ်ရဲ။ သို့မဟုတ် အကျင့်ပါသွားပြီလားမသိ။ မိုးဦးက တိတ်တိတ်ဆိတ်ဆိတ်ပဲ တွေးနေတတ်သည်။ ဟာသဉာဏ်ရှိသော နွယ်ချို၏ အစ အနောက်တွင်သာ လိုက်လံရယ်မောတတ်သည်။ ပတ်ဝန်းကျင်က လူတွေကို တိတိပပ ဝေဖန်တတ်သော လဲ့လဲ့နှင့် မော်ကြီးတို့၏ စကားသံများအောက်တွင်သာ နစ်မျောတတ်သည်။ ထိုသို့မဟုတ်လျှင် မိုးဦးမှာ သီချင်းညည်းချင် ညည်းတတ်သလို၊ တရားစာရွတ်ချင်လည်း ရွတ်တတ်သည်။ ကဗျာဖတ်ချင် ဖတ်တတ်သည်။ အရုပ်ရေးချင် ရေးတတ်သည်။ ကိုယ့်အကြောင်းလည်း ကိုယ်စိတ်မဝင်စားတတ်သလို သူများအကြောင်းလည်း စိတ်မဝင်စားတတ်။

လူကဲခတ်တတ်ပြီး ပေါင်းသင်းဆက်ဆံရေး နားလည်သော လဲ့လဲ့နှင့် မော်ကြီးမှာ မိုးဦးတို့၏ ဘေးခုံတန်းမှ ယောကျ်ားလေးများနှင့် အဖွဲ့ကျနေပြီဖြစ်သော်လည်း မိုးဦးနဲ့နွယ်ချိုကတော့ ကောင်းကင်ကြီးကို ငေးရင်း တိတ်တဆိတ် သီချင်းဆိုညည်းခဲ့သည်။ မိုးဦးတို့ ဘေးခုံမှာ ထိုင်နေသော ယောကျ်ားလေးများကိုလည်း မိတ်ဖွဲ့ရမှန်း မသိခဲ့။ စကားပြောတတ်ရမှန်း မသိခဲ့။ မိုးဦးနဲ့ နွယ်ချိုတို့ကိုလည်း တို့နဲ့ မိတ်ဆက်ပေးပါဦးလို့ လဲ့လဲ့နဲ့ မော်ကြီးကို ပြောလိုက်တဲ့ စကားသံကြားလိုက်ပေမဲ့ အိပ်ချင်ယောင်ဆောင်နေခဲ့သည်။ ဒါကိုသိတော့ လဲ့လဲ့နဲ့ မော်ကြီးက အိပ်နေတယ်ဟု ပြောလိုက်သည်။

တကယ်ရော မိုးဦးဘဝမှာ ယောကျ်ားလေးမိတ်ဆွေ လိုသလား တကယ်မသိခဲ့။ မေမေက အပေါင်းအသင်းမလုပ်နဲ့ဆိုလျှင် မလုပ်ရုံသာရှိသည်။ ဒီလိုပဲ မိန်းကလေး မိတ်ဆွေလည်း များများမထားတတ်။

http://cyberbooks.myanmarchat.org


ကိုယ့်အုပ်စုလေးနဲ့ ကိုယ့်အခန်းထဲမှာ နေထိုင်ရတာကိုက ချစ်စရာကောင်းနေပြီဟု ထင်မိသည်။ အခန်းနံရံတွေကို ကျော်ဖြတ်လာတဲ့ စကားလုံးများထဲမှာ ဒေါသမျက်ဝန်းများ၊ ရင့်သီးတဲ့ အပြုအမူများ၊ ကြမ်းတမ်းတဲ့ အတွေးအခေါ်များ၊ ကပ်ကပ်ပါလာတတ်သောအခါ မိုးဦးအတွက် မေမေသင်ပေးလိုက်တဲ့ သီးသန့်နေထိုင်တတ်ခြင်းဟာ အလိုလို တတ်မြောက်လာခဲ့တယ်။

* * *

http://cyberbooks.myanmarchat.org



မိုးဦးတို့နေရသည့် အဆောင်က ယုဇနဆောင်။ အဆောင်မှူးက ဒေါ်နော်မာအေး။ အခန်းလွတ်များကို ကြည့်တော့ အပေါ်ထပ်ရှေ့ဘက်ခြမ်းမှ အခန်း ၂ ခန်းကို ရွေးရသည်။ မိုးဦးနဲ့မော်ကြီးက အခန်းအမှတ် ၅၉၊ လဲ့လဲ့နဲ့နွယ်ချိုက အခန်းအမှတ် ၇၃၊ အဆောင်မနေဘူးတဲ့ မိုးဦးအတွက် အဆောင်က အခန်းထဲမှာ လှဲနေလိုက်၊ ထိုင်ကြည့်လိုက်၊ ခန်းဆီးကိုပင့်တင်လိုက်၊ အခန်းပြင်ကနေကြည့်လိုက်နှင့် အရာရာကို ကျေနပ်မိသလို နွေးထွေးမှု၊ လုံခြုံမှု၊ လွတ်လပ်မှုစတဲ့ ခံစားမှုတွေပါ ရောထွေးရနေတော့သည်။ အခုအချိန်မှာ သူမ ဖတ်ချင်သည့် စာအုပ်များကို တစ်အုပ်ပြီး တစ်အုပ် ဖတ်လို့ရပြီ။ ထမင်းမစားချင်ရင် မစားလို့ရပြီ။ အဝတ်မလျှော်ချင်သေး၊ မီးပူမတိုက်ချင်သေးလျှင်လည်း မိုးဦးကို ဆူမယ့်သူမရှိ စတဲ့အတွေးမျိုး မတွေးမိဘဲနှင့်ကို မိုးဦးမှာ တခုန်ခုန်ပျော်နေမိသည်။

ညနေ ၆ နာရီ အဆောင်တံခါးပိတ်ပြီးချိန်တွင် ထမင်းစားခန်းတံခါး၊ ရေချိုးဆောင်တံခါးများလည်း ပိတ်သွားပြီး အဆောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်ကပင် ကြည်နူးစရာ။ အခန်းတိုင်းအခန်းတိုင်း မီးကိုယ်စီဖွင့်ပြီး ဝရန်တာမှာ လက်ပြနှုတ်ဆက်နေသူ အချို့ကို တွေ့နိုင်သေးသလို ဝရန်တာမှာ စကားဝိုင်းလေးတွေလည်း ရှိနေတတ်သေးသည်။ **Roll Call** ခေါ်င်းလောင်း တီးလျှင်တော့ **Parlour**

http://cyberbooks.myanmarchat.org


ထဲမှာ စုပြီး လူစစ်ဆေး Roll Call ခေါ်အပြီး တစ်ဆောင်လုံးရှိ မိန်းကလေးများ စုပေါင်းပြီး ဘုရားရှိခိုးကြတာလည်း ကြည်နူးစရာပင်။ အဲဒါပြီးရင်တော့ Parlour ထဲမှာရှိသောတီဗွီကြည့်ချင်ကြည့် ကိုယ့်အခန်းပြန်ချင်ပြန်၊ အားလုံး စကားဝိုင်းမဖွဲ့ရတော့ဘဲ တိုးတိုးတိတ်တိတ်သာ စကားပြောခွင့်ရှိတော့သည်။

မိုးဦးတို့အဆောင်က ယုဇနဆောင်ဖြစ်သော်လည်း ယုဇနပန်းပင်တွေကို လှိုင်လှိုင်မတွေ့ရ။ စိန်ပန်းပင်ကြီးများသာအုပ်ဆိုင်းနေသည်။ မိုးဦး အခန်းရှေ့တည့်တည့်မှာ စိန်ပန်းပင်ကြီးတစ်ပင်ရှိပြီး ထိုအပင်ကြီးရဲ့အောက်ခြေက ခုံတန်းလျားလေးနဲ့ မြက်ခင်းပြင်ကြီးက အလွန်လိုက်ဖက်လှသည်။ ည ၈ နာရီ ခေါင်းလောင်းတီးသံ ကြားရပေမဲ့ မိုးဦးနဲ့မော်ကြီးမှာ ဝရန်တာမှာ တိတ်တိတ် ဆိတ်ဆိတ် ထိုင်ရင်း အဆောင်ရှေ့ကတ္တရာလမ်းလေးကို ငေးမောနေမိသလို မြက်ခင်းစိမ်းစိမ်းနဲ့ မိုးကောင်းကင်ကြီးကိုလည်း ငေးမောနေမိသေးသည်။ ဘာကိုလွမ်းမှန်းမသိ လွမ်းနေမိတဲ့အထဲမှာ မေမေမပါတာကတော့ အံ့သြစရာမရှိချေ။ မနက် စောစောထပြီး ထမင်းမချက်ရတော့တာကို တွေးမိပြီးပျော်နေသလို တောင်ပေါ်သွားတဲ့ ကားလမ်းကွေ့ကွေ့ကောက်ကောက်လေးကို ငေးရင်း စိတ်ကြည်လင်နေခဲ့သည်။ မေမေ့ရှေ့မှာ ခပ်တည်တည်ခပ်ထည်ထည်နေခဲ့ရသမျှ နွယ်ချို၏ ဟာသများကြားမှာ ရယ်မောတတ်ခဲ့ပြီ။ နွယ်ချိုစိတ်ထွေနေပြီး တွေငေးနေတတ်လျှင်ပင် မိုးဦးက ဟာသများ ပြောတတ်လာခဲ့သည်။ အဆောင်သူဘဝဟာ ဘယ်လောက်ပျော်ရွှင် ကျေနပ်စရာကောင်းသလဲဟု တွေးမိရင်း မိုးဦးစိတ်တွေ လွတ်လပ်နေသည်က အမှန်ပင်။

အဲဒီနေ့က အိပ်ရာက စောစောနိုးနေသဖြင့် အိမ်သာနှင့်မျက်နှာသစ် ဘေစင်တွင် မည်သူ့ကိုမျှ မစောင့်ရဘဲ ပြီးသွားခဲ့သည်။ မနက် ၈ နာရီ အတန်းတက်စရာရှိလျှင် ဒီလိုပဲ စောစောထမှဖြစ်မယ်ဟု

http://cyberbooks.myanmarchat.org



တွေးမိသွားသည်က မိုးဦးနောက်မှ ရောက်လာသော အဆောင်သူအချို့၏စောင့်ဆိုင်းနေမှုကြောင့်ဖြစ်သည်။ တစ်ဆောင်လုံး (လူ၂၀၀ကျော်ရှိသော အဆောင်တစ်ဆောင်)အတွက် အိမ်သာခန်း ၁၂ ခန်းသာရှိသောကြောင့် မနက်အိပ်ရာထ အိမ်သာဝင်ဖို့ စောင့်နေသောလူများစွာကို တွေ့ရသည်။ အတန်းတိုင်းက မနက် ၈ နာရီဆို စတာများသည်။ မိုးဦးတို့ အတန်းပင် ၈ နာရီ စတက် ရသောရက်က တစ်ပတ်မှာ ၄ရက် ရှိနေသည်။ ၈ နာရီ အတန်းတက်ဖို့အတွက် ၆ နာရီ နောက်အကျဆုံး အိပ်ရာထမှ ဖြစ်တော့မည်ကို တွေးမိရင်း မိုးဦးပြုံးမိသေးသည်။ အတန်းလစ်ပြီး အိပ်ရအောင်တော့ မိုးဦးမှာ သတ္တိမရှိသေး။ အိမ်သာသွားမျက်နှာသစ်ပြီး ရေချိုးကန်ကို ပြေးပြီး ရေချိုးရသည်ကလည်း မနက်အလုပ်ထဲမှာ ထည့်ထားရမည်။ ရေချိုးကန်ကလည်း နောက်ကျလျှင်လူများပြီး ရေခွက်တစ်ခွက်စာ ကန်ပေါင်ပေါ်တင်ရဖို့ပင် ၁၀ မိနစ်ခန့်စောင့်ရတတ်သည်။ ကျောင်းသူအယောက် ၂၂၀ အတွက် ၅၀ × ၃၀ပေခန့် ကန်ကြီးက လူကျချိန်မှာ တန်းစီရတာပါပဲ။ တစ်ခါတလေရေလာအားက နည်းပြီး သုံးတဲ့သူ များနေလျှင် ရေတစ်ခွက်ရဖို့အတွက်ပင် တန်းစီစောင့်ရတတ်တာမျိုး ကြုံဖူးသည်။ မိုးဦးတို့အဖွဲ့မှာလဲ့လဲ့နဲ့ မော်ကြီးက ဝီရိယကောင်းပြီး အစောဆုံးသွားတတ်သည်။ သူတို့ချိုးပြီး ပြန်လာမှ ဟဲ့ ထကြတော့ ဟိုမှာ ရေကုန်တော့မယ်၊ နင်တို့ဖို့ တစ်ပုံးစီခပ်ထားခဲ့တယ်၊ မြန်မြန်သွား၊ သူများခပ်ချိုးသွားဦးမယ်ဆိုမှ မိုးဦးတို့ အမြန်ဆုံး ပြေးချိုးရတတ်သည်။ နွေရာသီမှာတော့ ရေလည်း အလုအယက် ချိုးဖြစ်သေးသည်။

မိုးဦးအတွက် အကြီးအကျယ်ဆုံး ဒုက္ခဟုဆိုလျှင် မနက်စောစောကျွေးသည့် အဆောင်ထမင်းပင်ဖြစ်သည်။ မနက် ၆ နာရီမှ ၁၀ နာရီအတွင်း အဆောင်ထမင်းကျွေးချိန် ဖြစ်သည်။ နေ့လယ်ပိုင်း ၁၁နာရီ ၁၂ နာရီမှ ပြန်စားလျှင် သို့မဟုတ် အတန်းသို့ ထမင်းဘူးနဲ့

http://cyberbooks.myanmarchat.org



ထည့်သွားလျှင် ရသော်လည်း မိုးဦးကတော့ ထိုသို့မလုပ်ချင်။ ထို့အတူ မိုးဦးတို့ တစ်ဖွဲ့လုံးကလည်း ထိုသို့မလုပ်ခဲ့။ မနက် ရေမိုးချိုး၊ ကျောင်းသွားဖို့ပြင်ပြီးလျှင် မနက်စာထမင်းကို ဆင်းစားရသည်။ ကျောင်းသူတိုင်းလိုလိုပင် မနက်စာကို စားသွားတတ်သည်။ မနက်စောစော စားရသည့်အတွက် သိပ်လည်းမစားနိုင်။ ထမင်းကလည်း ခပ်မာမာ၊ ခပ်ကြမ်းကြမ်း၊ စပါးလုံး နိုင်းချင်း၊ ဟင်းကတော့ ဘာဟင်းဖြစ်ဖြစ်၊ ဇွန်း ၂ ဇွန်းထက် မပို။ ဘဲဥ ဆိုလျှင်တော့ တစ်လုံးရတတ်ပြီး ငါးကြော် ဆိုလျှင် ခပ်ပါးပါးတစ်ကွင်းရတတ်သည်။ အစားရဆုံး ဟင်းကတော့ ငါးသေတ္တာငါးကို အကောင်မပျက် ပေါင်းထားခြင်းဖြစ်သည်။ မနက်စောစော ထိုငါးနှင့် ထမင်းစားရဖန်များတော့ ထမင်းစားဆောင်ရောက်မှ ငါးသေတ္တာငါး ဆိုလျှင် မစားဘဲ ပြန်ထွက်ပြေးခဲ့သည်အထိ ဖြစ်ရသည်။

ဘာပဲဖြစ်ဖြစ် အဆောင်သူတစ်ယောက်ရဲ့ ဘဝဟာ မိုးဦးရဲ့ ဘဝသက်တမ်းတစ်လျှောက်လုံးမှာ အမှတ်ရစရာ ပျော်စရာတစ်ခု ဖြစ်ခဲ့သည်။

* * *

http://cyberbooks.myanmarchat.org

# မနီးခင်ကလေး

မိုးဦးတို့အုပ်စု နံနက်စာစားသည့်အချိန်က နေ့လယ် ၁၁ နာရီနှင့် ၁၂ နာရီကြား အချိန်ပင်ဖြစ်သည်။ အဆောင်မှာ မနက်စာအဆာပြေသဘော စားခဲ့ရသည့် ထမင်းနှင့် မတင်းတိမ်၍ နေ့လယ်စာကို မိုးဦးတို့အတန်း နံဘေးက အပေါ်ကင်တင်းဟုခေါ်သော ဆိုင်တွင် နေ့တိုင်း စားဖြစ်သည်။ ထိုဆိုင်လေး၏ အပြင်ဘက် မြက်ခင်းပြင်တွင် ချထားသည့် ခုံများတွင် မထိုင်ဖြစ်ဘဲ ဆိုင်အတွင်းထဲတွင်သာ နေ့တိုင်းလိုလိုထိုင်ဖြစ်သည်။ ထိုသို့ ထိုင်ဖြစ်ခြင်းကလည်း ဆိုင်တွင်းမှာ လူရှင်းသောကြောင့်ဖြစ်သည်။ အပေါင်းအသင်းများသော လဲ့လဲ့နှင့် မော်ကြီးက အခြားသောသူများနှင့် သွားရောက်စကားပြောတတ်သော်လည်း မိုးဦးနဲ့ နွယ်ချိုကတော့ ထိုခုံလေးမှာ နေ့စဉ် ၁၁ နာရီမှ ၁၂ ကြားအမြဲထိုင်တတ်ခဲ့သည်။ မိုးဦးတို့ ရွေးထိုင်တဲ့ နေရာလေးကလည်း ဆိုင်ပြင်မှကြည့်လျှင် ဆိုင်ကောင်တာနှင့် ကွယ်နေတတ်ပြီး မိုးဦးတို့နေရာက ကြည့်လျှင်လည်း ဆိုင်ကောင်တာနှင့် ကွယ်နေတတ်သောကြောင့် ဆိုင်တစ်ဆိုင်လုံးကိုပင် တစ်ဝက်မျှသာ မြင်နိုင်သည်။ တတွတ်တွတ် စကားပြောစရာရှိပုံရသော အတွဲတချို့တလေသာ ဆိုင်တွင်းသို့လာထိုင်

http://cyberbooks.myanmarchat.org



တတ်ပြီး ဟေးလားဝါးလား ပျော်ပျော်ရွှင်ရွှင်စနောက်စကား ပြောတတ်သော အုပ်စုများက ဝင်မထိုင်တတ်ပေ။ ထိုသို့ သီးသန့်ဆန်ဆန် တိတ်ဆိတ်သောဆိုင်လေးကို မိုးဦးတို့ စထိုင်သည့်နေမှာပင် တစ်ရက်မပျက်ထိုင်ခဲ့သည်။ တခြားသော အပေါင်းအသင်းများ၏ မဲဆွယ်မှုကြောင့် လဲ့လဲ့နှင့်မော်ကြီးတို့က တခြားသော ဆိုင်များသို့ သွားထိုင်တတ်သော်လည်း မိုးဦးနဲ့နွယ်ချိုက ထိုဆိုင်လေး၏ ထိုနေရာလေး တစ်နေရာမှာသာ အမြဲထိုင်တတ်သည်။

ထိုနေ့ နေ့လယ်စာ စားချိန်မှာ မိုးဦးနဲ့ နွယ်ချိုတို့နောက်ကို လဲ့လဲ့နဲ့မော်ကြီးက အခြားအပေါင်းအသင်းများနဲ့ စုပြီး လိုက်လာသည်။ မိုးဦးနဲ့ နွယ်ချိုက ထမင်းကြော်တစ်ပွဲစီမှာအပြီး စောင့်နေတုန်း သူတို့အုပ်စုက ရောက်လာခြင်းဖြစ်သည်။

"မိုးဦးနဲ့နွယ်ချို နင်တို့နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ငါတို့အတန်းထဲက၊ ပုသိမ်ကပဲလေ။ ကိုကျော်သူ၊ ကိုညီညီ၊ ကိုမြင့်အောင်တဲ့"

ထိုသို့ မိတ်ဆက်ပေးတာကို မိုးဦးနှင့်နွယ်ချိုက ပုံမှန်အတိုင်း မှန်ကုပ်ကုပ်နှင့် ဟုတ်ကဲ့ဟုသာ တုံ့ပြန်ခဲ့သည်။

"သူတို့က ငါတို့ကို မြို့ထဲက ငွေစင်ရော်မှာ လိုက်ကျွေးပါရစေတဲ့။ သူတို့မှာ ကားပါလာတယ်။ အဲဒါ လိုက်ခဲ့ပါလား"

လဲ့လဲ့အသံက တကယ့်ကို တောင်းပန်တိုးလျှိုးသံ။ မျက်နှာလေးကလည်း ငယ်လို့။ နွယ်ချိုကတော့ မျက်နှာကို ပိုတင်းထားပြီး ခေါင်းငုံ့နေတယ်။ သူ့ကို မခေါ်သယောင်။ သူနဲ့ မဆိုင်သယောင်။

"မလိုက်ချင်ပါဘူးဟာ၊ လိုက်စားဖို့လည်း အချိန်မရပါဘူး၊ အတန်းပြန်တက်ရင် ပေပါသရီးဟ။ ငါက ပေပါသရီးမှာ ညံ့တယ်လေ။ အတန်းပျက်လို့ မဖြစ်ဘူး။ ငါတို့ ဒီမှာလည်း ထမင်းကြော် မှာပြီးပြီ"

မိုးဦးကတော့ သကောင့်သား သုံးယောက်ကို တစ်ချက်ဝေ့ကြည့်ပြီး အေးအေးဆေးဆေး ပြန်ပြောမိသည်။ အဲဒီ အထဲမှာ

http://cyberbooks.myanmarchat.org



ကိုညီညီဆိုတဲ့သူကတော့ အတော်သွက်ပုံရသည်။ မျက်လုံးက ရီပြီး လဲ့နေသောကြောင့် ဖြစ်သည်။

"မော်ကြီး ပြောထားလို့ မမိုးဦး လိုက်မှာမဟုတ်ဘူး ဆိုတာ ကျွန်တော်တို့ သိပါတယ်။ ဒါပေမယ့် ဘယ်လိုပြောရမလဲ၊ ကျွန်တော်နဲ့ မော်ကြီးက ရပ်ဆွေရပ်မျိုးတွေ အခုမှပြန်တွေ့တာဆိုတော့ မော်ကြီး ကိုလည်း ကျွေးချင်သလို မော်ကြီးရဲ့ သူငယ်ချင်းတွေဖြစ်တဲ့ မမိုးဦး တို့မနွယ်ချိုတို့ကိုလည်း ကျွေးချင် ခင်ချင်လို့ပါ"

"ဒီမှာ မှာပြီးနေလို့ပါ"

"နောက်မှ"ဆိုတဲ့ စကားလုံးထွက်အံ့ဆဲဆဲ မထွက်ဖြစ်အောင် ရုပ်သိမ်းလိုက်သည်။ နောက်မှလည်း လိုက်မစားချင်။

သူတို့ရုပ်တွေကလည်း အရောဝင်ချင်စရာမကောင်း။ မေမေ ကြိုက်ပါ့မလားမသိ။ မကြိုက်ဖို့ကများသည်။ မိုးဦးစိတ်ထဲမှာ ခင်ချင် စိတ်မရှိ။ အပေါ် စည်းကပြောသည်ဟု ထင်မိသည်။

"မော်ကြီးနဲ့ လဲ့လဲ့ နင်တို့ပဲလိုက်သွားကြပါဟာ။ ဒီလိုပဲ ငါ တို့ကျန်နေကျပဲ။ အခုမှ အရေးလုပ်ပြီး လာခေါ် မနေနဲ့၊ ငါတို့ ကတော့ပုံမှန်အတိုင်း မှာပြီးပြီ၊ ကျွန်မတို့ကိုပါ ဖိတ်တဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုညီညီ"

နွယ်ချိုကတော့ နာမည်စာလုံးရော စကားလုံးအဓိပ္ပာယ်ပါ ချိုလျှက် စကားပြောလျှင်တော့ "မချို"၊ ပြတ်လွန်းအားကြီးသည်။ မိုးဦးကိုငေးကြည့်နေတဲ့ ကျော်သူနဲ့ မြင့်အောင်ကို မိုးဦးမြင်လိုက်တော့ မတ်တတ် ထရပ်ရင်း ကဲ သွား သွား၊ နောက်ဆံတင်းမနေနဲ့ နင်တို့ အတွက် စာတွေကူးပေးမယ်လို့ ပြောမိလျက်သားဖြစ်သွားသည်။ သူတို့အုပ်စု ထွက်သွားအပြီး ဆိုင်ထဲကို ဝေ့အကြည့်မှာ ဆိုင်ထောင့်စွန်း တစ်နေရာ မိုးဦးတို့နဲ့ မျက်စောင်းထိုးနေရာလောက်ကနေ လူတစ် ယောက် မိုးဦးကို စိုက်ကြည့်နေတာ သိလိုက်သည်။ ထိုလူကို

http://cyberbooks.myanmarchat.org



မြင်ဖူးသလိုလိုရှိ၍ တစ်ခါပြန်ကြည့်လိုက်ပေမဲ့ ထိုလူ၏ အကြည့်တွေသာ ရင်ဆိုင်ရပြီး ဘယ်သူမှန်း ဝေခွဲမသိခဲ့။

မိုးဦးရဲ့ တွေဝေနေပုံ ခဏလေးကို နွယ်ချိုကမြင်ပြီး ဆိုင်ထဲကို ဝေ့ကြည့်လိုက်မိပုံရသည်။

"မိုးဦး ငါ ဟိုလူကို မြင်ဖူးတယ်။ မြင်ဖူးတာမှ ရင်းရင်းနှီးနှီးမြင်ဖူးတာ ဘယ်သူပါလိမ့်"

"ငါ့ကို တစ်ယောက်ယောက်က ကြည့်နေတယ်ထင်လို့ ကြည့်လိုက်တာဟိုလူဖြစ်နေတယ်။ ငါလည်းမြင်ဖူးတယ်ဆိုပြီး နောက်တစ်ချက် ထပ်ကြည့်လိုက်သေးတယ်။ နှစ်ခါစလုံး ငါ့သူကိုကြည့်တာ သူမြင်သွားတယ်။ ဒီလူတော့ တော်တော်ကြီးကို ဘဝင်မြင့်သွားဦးမှာပဲ"

မိုးဦးရဲ့စကားကို နွယ်ချိုက မတုံ့ပြန်အား။ ခုံပေါ်မှာ လက်ထောက်ပြီး လက်ကြားထဲသို့ မျက်နှာဝှက်ကာ ထိုလူကို တစ်ချက်ခိုးကြည့်နေပြန်ပြီ။

"ဆံပင်က ထူပွပွ၊ မျက်ခုံးမွေးကောင်းကောင်း၊ မျက်လုံးအိမ်ကျယ်ကျယ်၊ မျက်နှာက ခပ်သွယ်သွယ်၊ မျက်မှန်က ဒီဂရီအထူကြီးနဲ့ ဘယ်သူများပါလိမ့် ငါမြင်ဖူးတယ်"

နွယ်ချို တတွတ်တွတ် ရွတ်နေစဉ်မှာပင် မိုးဦးတို့မှာထားသော ထမင်းကြော်က လာချသည်။

"ကိုလာ နှစ်ပုလင်း ပေးဦးနော်"လို့ မိုးဦးက စားပွဲထိုးလေးကို ပြောရင်း နွယ်ချိုကိုလည်း နာရီကြည့်ကာ နာရီဝက်ပဲကျန်တော့တယ်၊ မြန်မြန်စားဟု ပြောမိသည်။

မိုးဦးရဲ့ညာဘက် မျက်စေ့ထောင့်စွန်းမှာ ပေါ်နေတဲ့ ထိုလူ၏ ပုံရိပ်ကိုတော့ မြင်နေရဆဲဖြစ်သည်။ ထိုလူ၏ အကြည့်စူးစူးကိုလည်း မိုးဦး ခံစားသိနေမိသည်။ ဒီလို ခံစားသိမိတာမျိုးကတော့ မိန်းကလေးတိုင်းမှာရှိတဲ့ လှုံ့ဆော်မှုတစ်ခုသာ ဖြစ်လိမ့်မည်။

http://cyberbooks.myanmarchat.org



သူက ဘာလို့ ငါ့ကိုကြည့်တာပါလိမ့်ဆိုတဲ့ အတွေးမျိုးကလည်း မိုးဦးထံသို့ ခဏခဏဝင်လာတတ်သည်။ ညည်းကလှတာမဟုတ်ဘူးလို့ မေမေပြောခဲ့သောစကားကြောင့် မိုးဦးကိုယ် မိုးဦး ဘယ်တုန်းကမှ လှတယ်မထင်ခဲ့။ "ညည့် မျက်လုံးက ပိတ်ပိတ်၊ နှုတ်ခမ်းလေးတွေကလည်း သေးသေးကွေးကွေး၊ မျက်နှာကလည်း ဝိုင်းဝိုင်းစက်စက် လှတာကိုမရှိဘူး။ ညည်း ရည်းစားမထားနဲ့၊ ထားရင်တော့ ရည်းစားက ပစ်ပြေးမှာပဲ" မေမေ ထိုကဲ့သို့ ပြောတတ်သောကြောင့် မိုးဦးက အလှမပြင်ခဲ့တော့။ သနပ်ခါးပင် ဖြောင့်အောင် မလိမ်းတတ်။ အမြဲတမ်း သနပ်ခါး၊ ဘဲကျားနှင့် မိုးဦးကို စိတ်ဝင်စားတဲ့အကြည့်နဲ့ကြည့်ကြပေမဲ့ မည်သူမှလည်း ရည်းစားစကား ပြောတာမခံခဲ့ရ။ ကိုယ့်ကို ဂရုမစိုက်သော ယောကျ်ားလေးများသာ တွေ့ခဲ့ရသော မိုးဦးအတွက် ကိုယ်က ဂရုမစိုက်သော ယောကျ်ားလေးများသာ ဖြစ်ရမည်။ ဒီလိုပဲ ကိုယ်က ဂရုမစိုက်သော ပတ်ဝန်းကျင်သာ ဖန်တီးမိသည်။

ယခုလည်း ထိုလူ၏အကြည့်သည် မိုးဦး၏ ဖြူဝင်းသော အသားအရေနှင့် ခန္ဓာကိုယ်အလှကြောင့်သာဖြစ်ရမည်ဟု တွေးမိရင်း ထိုလူကို မိုးဦး စိတ်ထဲမှာ ပထုတ်နိုင်ခဲ့သည်။ ရင်းရင်းနှီးနှီး မြင်ဖူးနေသော ထိုလူ့မျက်နှာကို စဉ်းစား၍မရသောကြောင့် စိတ်ထဲမှာ ဘဝင်မကျချင်။ ထိုလူကို တစ်ချက်မျှ ကြည့်လိုက်ချင်သော်လည်း မကြည့်ရဲ။ မိုးဦးအတွက် ထိုအကြည့်တစ်ချက်ဟာ ရာဇဝင်ရိုင်းသွားနိုင်တယ်လေ။

"ငါသိပြီ ငါသိပြီ အဲဒါ အဆိုတော် သက်မှူး မဟုတ်လား"

"အေး ဒါကြောင့် ငါမြင်ဖူးပါတယ်ဆိုပြီး ဖြစ်နေတာကိုး" ထိုသို့ပြောလိုက်ပေမဲ့ မိုးဦးက ထိုအဆိုတော်ကို လှည့်မကြည့်ဖြစ်။ နွယ်ချိုကတော့ ထိုအဆိုတော်ကို လှည့်ကြည့်ပြီး-

"ဟဲ့ ငါတို့ သူ့နာမည် ဖော်လို့ရသွားတာ သိသွားပုံရတယ်၊

http://cyberbooks.myanmarchat.org



ငါ့ကိုပြုံးပြီး ခေါင်းငဲ့ပြတယ်ဟ”

နွယ်ချိုကတော့ အတော်လေး ပျော်ရွှင်နေပုံရသည်။ သက်မှူးရဲ့ သီချင်းတစ်ပုဒ်ပင် ညည်းတွားနေသေးတော့သည်။

“ဟဲ့ သက်မှူးက ငါတို့နဲ့ တစ်တန်းတည်း မဟုတ်လား”

နွယ်ချို့အသံက တိုးလျလျ။ ဒါပေမဲ့ မိုးဦးကတော့ မိုးဦး တို့ သူ့အကြောင်း ပြောနေတာကို သူ့ကို မသိစေချင်။

“နင်နော် သူ့ကို တစ်စိမ့်စိမ့် ကြည့်မနေနဲ့။ ဘဝင်မြင့်သွားဦးမယ်”

“မြင့်ချင်မြင့်ပါစေဟာ၊ သူက အဆိုတော်ပဲ။ အခုထွက်ခဲ့တဲ့ အခွေဆို နင်ရော ငါရော ဝယ်ထားတာပဲ။ အလားအလာလည်း ရှိတယ်လေ။ ငါတော့ ကြိုက်သွားပြီ”

နွယ်ချိုက သူထင်ရာမြင်ရာကို ပွင့်ပွင့်လင်းလင်း ပြောဆိုခံစားတတ်သည်။ ဒီအချိန်မှာ နွယ်ချိုကို ပိတ်ပင်နေရင် ပိုဆိုးကုန်မည်။ မိုးဦးကတော့ မျက်ဝန်းရဲ့ ညာဘက်ထောင့်စွန်းမှာ မြင်နေရသော သက်မှူးပုံရိပ်ကို မမြင်ချင်၍ စည်းနှောင်ထားသော ဆံပင်ရှည်ကို ဖြေလိုက်ကာ သက်မှူးဘက်က မြင်နေရသော မျက်နှာတစ်ခြမ်းကို ဆံပင်များနှင့် ဖုံးလွှမ်းလိုက်သည်။ ထိုသို့ပြုလုပ်လိုက်ခြင်းကတော့ သဲသဲလှုပ်နေသော နွယ်ချိုကို အသံတိတ် ပြောင်ပြောင်တင်းတင်း ဆန့်ကျင်လိုက်ခြင်းဖြစ်သလို မိုးဦးထံ အကြည့်လွှတ်ထားသော သက်မှူးကို ငြင်းပယ်လိုက်ခြင်းလည်း ဖြစ်သည်။

သူဘယ်အချိန်က အဲဒီခုံမှာ ဝင်ထိုင်လိုက်လဲ မသိဘူးနော်။ ငါတို့ဟိုကောင်တွေနဲ့ ဘုတောနေတာ သူမြင်ပုံရတယ်။ အမလေးဟယ် အဆိုတော်ဖြစ်ပြီး စီးကရက်တော့ မသောက်ဘူး၊ ဆေးပေါ့လိပ်ကြီး ခဲနေတယ်။

နွယ်ချို့ရဲ့ တတွတ်တွတ်ပြောနေတဲ့ စကားတွေကို ဘာတစ်ခွန်း

http://cyberbooks.myanmarchat.org



မှ ပြန်မပြောတော့ဘဲ အအေးဆက်သောက်ရင်း ပိုက်ဆံအိတ်ထုတ်လိုက်သည်။

“အတန်းတက်ဖို့ ၁၀ မိနစ်တောင် လိုသေးတယ်။ ငါကြည့်ပါရစေဦးဟယ်၊ နင်ကလည်း ရက်စက်တယ်”

မိုးဦးက နွယ်ချို့စကားများကို မကြားဟန်ဆောင်ကာ ကောင်တာမှာ ပိုက်ဆံရှင်းပြီး ဆိုင်အပြင်ဘက်သို့ ခပ်မှန်မှန် ထွက်လာခဲ့သည်။ သက်မှူးကြည့်နေလိမ့်မယ်လို့ သိနေတဲ့ အသိက ခြေလှမ်းကို ပိုမြန်စေခဲ့သည်။

နွယ်ချိုက မိုးဦးနောက်ကို ကမန်းကတန်း ပြေးလိုက်လာပြီး။

“နင်ကလည်း ဘာမာန်တက်စရာရှိလို့ တက်နေရတာလဲ၊ တကတည်း သဲကိုသဲလွန်းတယ်”

“ဟ ဘာမာန်တက်ရမှာလဲ။ သူ အဆိုတော်ဖြစ်တယ်ဆိုတာနဲ့ ငါက သူကြည့်တာခံနေရမှာလား၊ ငါ သူ့အခွေကို ကြိုက်လို့ ဝယ်နားထောင်တယ်။ သူ့ကျေးဇူး ငါ့မှာမရှိဘူး၊ သူနဲ့ပတ်သက်စရာ ဘာမှမရှိဘူး၊ အသားလွတ်တော့ သူကြည့်တာ မခံဘူးဟေ့။ ကျားဆိုတာ ကျားသဘာဝအတိုင်းပဲ ရှိလိမ့်မယ်၊ နင်ကကျားမဟုတ်ဘူးဆိုတာပဲ နားလည်ထားစမ်း”

ထိုနေ့တစ်နေ့လုံး မိုးဦးရော နွယ်ချိုရော သက်မှူးအကြောင်း မပြောဖြစ်တော့။ သက်မှူးက အဆိုတော်ဖြစ်နေတဲ့ အတွက်လည်း မိုးဦးနဲ့ အလှမ်းပိုဝေးသွားခဲ့ရသည်။ မိုးဦးစိတ်ထဲမှာရှိနေတဲ့ အရာအားလုံးကို မိုးဦးကိုယ်တိုင်ပင် သေသေချာချာ မသိနိုင်ခဲ့သောကြောင့် ဖြစ်သည်။ မိုးဦး သိနေသည်က သက်မှူးဟာ မိုးဦးနဲ့ ပတ်သက်စရာ အကြောင်းမရှိဆိုတာပဲဖြစ်သည်။

* * *

# ပကတိဖြူ

မိုးဦးဘဝမှာ အဆိုတော်တစ်ယောက်နှင့်ပတ်သက်စရာအကြောင်း လုံးဝ မရှိခဲ့။ သွားရင်းလာရင်း ဆုံတွေ့ပြီး ကိုယ်ကသွားရောက် ပတ်သက်ဖို့ ဆန္ဒမရှိသလို ကိုယ့်ကို တစ်နည်းတစ်ဖုံ လာရောက် ပတ်သက်လာ လိမ့်မည်ဟုလည်း စိတ်ကူးမယဉ်ခဲ့ဖူးချေ။ သက်မှူး ဒီကျောင်းမှာ တက်နေတာ သိနေပေမဲ့ ဒီနေ့လိုဖြစ်ရပ်မျိုး ကြုံလာလိမ့်မယ်လို့ မတွေးမိခဲ့။ မိုးဦးရုပ်ရည်က သာမန်မှ သာမန်စစ်စစ်။ မိုးဦးမိဘတွေက လည်း သိပ်အချမ်းသာကြီးမဟုတ်။ တကယ့်ကို ရုပ်ရည်အရ မတောက်ပ ခဲ့သလို ဓနငွေကြေးအရမမော်ကြွားနိုင်တဲ့ မိုးဦးက အရာရာကို ချင့်ချိန် တတ်ခဲ့သည်။ အစစအရာရာ ကြွယ်ဝမှုမရှိခဲ့တဲ့အတွက်လည်း ကိုယ့် ကိုယ်ကိုလည်း ဘယ်တော့မှ အထင်မကြီးခဲ့သလို တစ်ပါးသူကိုလည်း ဘယ်တော့မှ အလွယ်တကူ အထင်မကြီးတတ်ခဲ့။ အဲဒီ အထဲမှာ မေမေ့ရဲ့ ဆိုဆုံးမမှုကလည်း တစ်ဝက်မက ဆိုင်ချင်ဆိုင်နေ နိုင်သေး သည်။ မျက်နှာမှုန်ကုပ်ကုပ်နဲ့ စကားနည်းလွန်းသော မိုးဦးမှာ မိန်းကလေးချင်းပင် အလွယ်တကူ မိတ်ဆွေမဖြစ်ခဲ့။ တတိယနှစ် ကျောင်းသူကြီးဖြစ်နေသောမိုးဦးကို တမ်းတမ်းစွဲကြိုက်လို့ စာလိုက်ပေးတဲ့

http://cyberbooks.myanmarchat.org



သူပင် မရှိခဲ့ခြင်းမှာလည်း အံ့ဩစရာမဟုတ်တော့။ သာမာန်ရုပ်ရည်၊ သာမန်အဝတ်အစားနဲ့ ခပ်ကုပ်ကုပ်၊ မှုန်တေတေ နေတတ်သော မိုးဦးကလည်း ပျော့ပျောင်းစွာ နေတတ်ဖို့ထက် ဟန်တင်းနေထိုင်ခြင်းနဲ့သာ ရှိခဲ့သည်။ ပတ်ဝန်းကျင်နဲ့ မိုးဦးက တခြားစီ။

အဆောင်သူဘဝ ရောက်သွားတော့လည်း ကိုယ့်ဘာသာ သွားချင်ရာသွား၊ ပထမနှစ်ကတည်းက သိကျွမ်းလာသော လဲ့လဲ့တို့နှင့် အဆင်သင့်သလို ပြောဆိုဆက်ဆံ၊ ကိုယ်ဖတ်ချင်တဲ့ စာအုပ်ကလေး တစ်အုပ်ဖတ်၊ ဒီလိုပဲ အချိန်ကုန်ခဲ့သည်။ ပတ်ဝန်းကျင်နဲ့ မရောထွေးတတ်သောကြောင့် အခြားအခြားသော အဆောင်သူတချို့က မိုးဦးကို ငကြောင်မ၊ ဦးနှောက် စာတွေဖတ်ပြီး ဂေါက်နေတာဟု ပြောသံများ ပြန်ကြားရသည်။ ထိုအခါတိုင်း မိုးဦးမှာ ပြုံးရခက် ရယ်ရခက်။ ဒီနေ့ထိရည်းစားမထားဖြစ်သေးတာလည်း ယောက်ျားလေးတွေအပေါ် အယုံအကြည် နည်းလို့ပဲဖြစ်သည်။ မိုးဦးထံ ချဉ်းကပ်သည့် ယောက်ျားလေးများကလည်း မိုးဦး မယုံကြည်သည့်အတိုင်း အပျော်သဘော ကြိုက်ချင်တာလောက်၊ ရည်းစားစကား ပြောချင်တာလောက် ပဲဖြစ်သည်။ လေးလေးနက်နက် ရှိတာ မတွေ့ရခဲ့။ ရည်းစားထားတယ်ဆိုတာ အိမ်ထောင်ဘက်ကို ရွေးချယ်လိုက်တာလို့ပြောတဲ့ မေမေ့စကားကြောင့်လည်း မိုးဦးအပေါ် လေးလေးနက်နက် မရှိတဲ့သူကို ရည်းစားအဖြစ် မထားခဲ့ခြင်းဖြစ်သည်။ ၁၉ နှစ်အရွယ်အထိ မိုးဦးအပေါ် လေးလေးနက်နက် ချစ်သော သာမန်ယောက်ျားတစ်ယောက်တလေမျှ မရှိခဲ့ခြင်းအတွက် သူ၏ချဉ်းကပ်မှု အလုံးစုံကိုလည်း လေးလေးနက်နက်မရှိဟု ယုံကြည်မိခဲ့သည်။

သူ့ထံမှာလည်း မိုးဦး ယုံကြည်လောက်စရာ သတင်းစကား မရှိခဲ့။ ပတ်ဝန်းကျင်က ပြောနေသော သူ့အကြောင်းများကြားတွင် မိုးဦးကို သူ့အတွက် ကစားစရာအရုပ်တစ်ရုပ်လောက်သာ သဘော

http://cyberbooks.myanmarchat.org


ထားလိမ့်မည်ဟု ထင်ခဲ့မိသည်။ အလှမ်းကွာဝေးသော ဘဝနှစ်ခုကို ပေါင်းဆုံဖို့အတွက် အချစ်သည် အဓိကမကျနိုင်ဘူးဟု ယုံကြည်ခဲ့မိသည်။

အိပ်မက်မက်ခြင်း၊ စိတ်ကူးယဉ်ခြင်းတို့နဲ့ မရင်းနှီးခဲ့ရသော မိုးဦးက လက်တွေ့ကျကျ စဉ်းစားဖို့သာ အားသန်ခဲ့သည်။ စိတ်ရှူး ထချင်လျှင် ထခွင့်ရှိသော လူတစ်ဦးတစ်ယောက်ကို အလိုလိုက် ခွင့်ပြုလိုတဲ့စိတ် မရှိခဲ့။ တစ်စုံတစ်ယောက်ကို အသုံးချဖို့ မကြိုးစားခဲ့ သလို အသုံးချခံဖို့လည်း စိတ်မကူးခဲ့။ အမှန်တကယ်တော့ ချစ်ခြင်း မေတ္တာဆိုတာ မိုးဦးနဲ့ အလှမ်းဝေးလွန်းခဲ့သည်။

ထိုနေ့က မိုးဦးနှင့် နွယ်ချိုမှာ အဆောင်ပြန်ရောက်သော်လည်း လဲ့လဲ့နှင့် မော်ကြီးတို့မှာ အဆောင်မရောက်သေး။ မိုးဦးရေချိုးဆင်းပြီး တက်လာမှ လဲ့လဲ့နှင့်မော်ကြီး ရောက်နေတာ တွေ့ရသည်။ နွယ်ချိုက သူ သက်မှူးနဲ့ ကြုံခဲ့သည့်အကြောင်း အားရပါးရ ပြောရင်း အကျေနပ် ကြီး ကျေနပ်နေသလို သက်မှူးသီချင်းကိုလည်း ကက်ဆက်နှင့် ဖွင့်ထားသေးသည်။

"ငါဟယ် သက်မှူးကို မမှတ်မိလို့ ဒီပါးကိုတောင် ရိုက်ပစ်လိုက် ချင်တယ်"

"အတန်းထဲရောက်မှ မေးကြည့်ရသေးတယ်။ သက်မှူးက ငါတို့သင်္ချာက မဟုတ်ဘူးတဲ့။ ရူပဗေဒကတဲ့။ ဒါပေမဲ့ အင်္ဂလိပ်စာ အချိန်ဆို ငါတို့အတန်းမှာ တက်တတ်တယ်တဲ့။ မနက်ဖြန် အင်္ဂလိပ်စာ အချိန်မှာ သက်မှူးကိုပဲ ထိုင်ကြည့်တော့မယ်"

နွယ်ချိုရဲ့ စကားများကို နားကြားပြင်းကတ်လာပုံရသော လဲ့လဲ့က-

"ဘာလဲ သက်မှူးက နင့်ကို ရိုက်လိုက်လို့လား၊ ဘယ်လိုလဲ မျက်လုံးချင်း စကားပြောခဲ့တာလေးတွေလည်း ပြောဦးလေ"

"ငါ့ရိုက်လို့ကတော့ ဘယ်ရမလဲ။ ငါ့စိတ်ထင် ဟိုမမမုန်းကြီး

http://cyberbooks.myanmarchat.org



ကို ထင်တာပဲ။ အဲ့မယ် မမမုန်းကြီးကလည်း ပညာတတ်တယ် ဆရာရေ့။ သက်မှုူးကြည့်နေတယ်ဆိုမှ ဆံပင်နဲ့ မျက်နှာကို ကွယ်ပစ်တာ”

“ဟုတ်လား ဟားဟား မမမုန်း ဟုတ်လား”

လှဲ့လှဲ့တို့နဲ့အတူ မော်ကြီးကပါ ဝိုင်းရယ်ပြီး မိုးဦးမေးဖျားကို ကိုင်ကာ မမမုန်း မမုန်းဟု ခေါ်သဖြင့် မိုးဦးလည်း ရယ်မိတော့မလို ဖြစ်သွားခဲ့ရသည်။

“နေပါဦး နွယ်ချို နင် ဒီလို တစ်ခါမှ မပြောဖူးပါဘူး။ အခု တော့ သက်မှုူးအတွက် မိန်းမတို့ ဣန္ဒြေ ရွှေပေးလို့မရကနေ မိန်းမတို့ ဣန္ဒြေ နွံ့ပိတ် ဖြစ်သွားဦးမယ်”

မိုးဦးစကားက အနည်းငယ် ရင့်သီးကောင်း ရင့်သီးနိုင်သည်။ စတွေ့ကတည်းက သက်မှုူးက အခုချိန်ထိ မှူးလို့ မပြီးသေး။ “ကိုယ့်ဈေး ကိုယ်ဖျက်တဲ့ မိန်းမ” ဟုလည်း ထပ်ပြောလိုက်တော့ လှဲ့လှဲ့နဲ့ မော်ကြီးက ရယ်ကာ. . .

“နွယ်ချို နင်ကလည်း နင်ပဲ။ ပထမနှစ် ဒုတိယနှစ် ၂ နှစ် စလုံး ယောကျ်ားလေးအကြောင်း လုံးဝမပြော၊ နင့်ရည်းစားစာ လိုက်ပေးတဲ့ သူတောင် ဆဲနေသေးတဲ့သူက အခုလို ဖြစ်တော့ ပြောချင် စရာပေါ့”

“ဟဲ့ နဂိုက ငါ့ကိုကြိုက်တဲ့ဟာတွေက ငါ့ထက်တောင် နလပိန်းတုံးနိုင်သေးတယ်။ အခုဟာက နာမည်ကြီးဦးမယ့် အဆိုတော် ဟဲ့၊ ငါ့လို နလပိန်းတုံး မဟုတ်ဘူး”

နွယ်ချိုကတော့ ကလေးဆန်စွာ ထင်မိထင်ရာ စွတ်ပြောနေ ပြန်သည်။

“အရှုးပါးမ ကိုယ့်အတွက်ကျတော့ ကိုယ်သိပ်သိပါလား”

မော်ကြီးက နွယ်ချိုကို ထိထိမိမိ ပြောလိုက်တော့ နွယ်ချိုက

http://cyberbooks.myanmarchat.org



တဟဲဟဲလုပ်ရင်း ရှင်ဘုရင်နဲ့ ညားတော့ မိဖုရားဟဲ့ မသိဘူးလား လို့ ပြန်ပြောလိုက်သည်။

"ဟဲ့ စိုင်းခမ်းလိတ်က ရေးထားတယ်နော်။ ဘယ်သူမဆို တန်ရာပဲရမယ်ဆိုတာလေ၊ အဲဒါလည်း မမေ့နဲ့ဦး"

မိုးဦးက ခပ်တည်တည်နဲ့ ပြန်ပြောတော့ နွယ်ချိုက "ဟောဒီမှာဗျို့၊ မမမုန်းကြီး သူများကို မနာလိုဖြစ်နေတယ်။ သူများ ပျော်နေတာကို မနာလိုဖြစ်နေတယ်"လို့ ခပ်အုပ်အုပ်အော်ရင်း သူ့အခန်း သူ ပြန်ပြေးသွားတော့သည်။

နွယ်ချိုကို ကြည့်ရင်း မိုးဦးရင်မောမိသည်။

အဆိုတော်မို့ ပေါ်ပြူလာဖြစ်ချင်လို့ ကြိုက်ချင်တာလား၊ သီချင်းတွေကို စွဲလမ်းပြီး လူကိုပါ စွဲလမ်းသွားတာလား၊ အကြောင်း အမျိုးမျိုးကြောင့် ဖြစ်နိုင်ပေမဲ့ မိန်းကလေးဆိုတာ ကိုယ့်သိက္ခာ ဣန္ဒြေနဲ့ပဲ နေထိုင်ရမှာပေါ့၊ စိတ်ရူးထတိုင်း ထင်တိုင်းလုပ်နေလို့ ဖြစ်မလားဟု ပင် တွေးမိသည်။ နွယ်ချိုကတော့ အပြောင်အပြက် ပြောတာ ဖြစ်တန်ကောင်းပါရဲ့လို့ ဖော့တွေးလိုက်မှ စိတ်သက်သာရာရသွား သည်။

တကယ်တော့ မိုးဦးက ကိုယ့်အုပ်စုလေးနဲ့ကိုယ် ပျော်ပျော် ပါးပါး စစနောက်နောက်ပဲ နေတတ်ခဲ့သည်။ အထူးသဖြင့် မိုးဦးနဲ့ အတွဲညီတာက နွယ်ချိုပဲဖြစ်သည်။ လဲ့လဲ့နဲ့ မော်ကြီးက အားလုံးနဲ့ အဆင်ပြေအောင် နေထိုင်ရင်း လူမှုရေးကိစ္စတွေလည်း လုပ်တတ် သေးသည်။ မိုးဦးနဲ့ နွယ်ချိုကတော့ ဘေးအမြင်က ကြည့်လျှင် အမြင် ကတ်ချင်စရာ ရုပ်ဖြစ်နေပေမဲ့၊ တကယ့်ကို လူ့အကြောင်းမသိတဲ့ ရှူးပေါ်ပေါ် နှစ်ယောက်သာဖြစ်နေသည်။ တစ်ဦးနဲ့ တစ်ဦး အရင်ဦး အောင် စနောက်နေတတ်ခြင်းပင် ရှိခဲ့သည်။

သက်မှူးနဲ့ တွေ့ပြီး နောက်တစ်နေ့ နေ့လယ်စာ စားချိန်ကို

http://cyberbooks.myanmarchat.org



လဲ့လဲ့ရော မော်ကြီးပါ စိတ်လှုပ်ရှားစွာရှိနေကြခြင်းကလည်း နွယ်ချို ကြောင့်ဖြစ်သည်။ မနက်ဖြန် ကင်တင်းမှာ သက်မှူးနဲ့ တွေ့ရင် အော်တို ရေးခိုင်းမယ်။ ဒီဗလာစာအုပ်ကို ရွက် ၆၀ ပြည့်အောင် ရေးခိုင်းမယ်လို့ တတွတ်တွတ် ရွတ်နေသောကြောင့်ဖြစ်သည်။

မမမုန်းကြီး မနက်ဖြန် ကင်တင်းမလိုက်နဲ့ဟာ၊ နင့်မျက်နှာထား တင်းတင်းကြီးကြောင့် ငါ့သက်မှူးလေး လန့်ပြေးသွားမှာစိုးလို့။

နွယ်ချိုက မိုးဦးမကြိုက်မှန်း သိသောကြောင့် တတွတ်တွတ် ပြောဆိုနောက်ပြောင်နေခြင်းဖြစ်သည်။ ဒီကိစ္စကိုတော့ မိုးဦး နွယ်ချိုနှင့် မငြင်းချင်ပေ။ မသိချင်ယောင်သာ ဆောင်နေလိုက်သည်။

"ဘာဆိုင်လို့ ကင်တင်း မလိုက်ရမှာလဲ၊ ဒါက ငါတို့နေ့လယ် စာ စားချိန်၊ စားလာတာလည်း နှစ်ပဲကုန်တော့မယ်၊ တစ်ရက်မှ မပျက်ခဲ့ဘူး၊ ဘာမဆိုင် ညာမဆိုင် သက်မှူးကြောင့် ငါတို့ဆိုင် ပြောင်းထိုင်ရမှာလား၊ အဓိပ္ပာယ်မရှိလိုက်တာ"

မော်ကြီးက နွယ်ချိုစကားကို ဝင်ငြင်းပေးခဲ့သည်။

"ငါက နင်တို့ မထိုင်နဲ့ ပြောတာပါ။ ငါကတော့ ထိုင်ရမှာပေါ့၊ ဒါမှ ငါက ပြိုင်ဘက်မရှိ ရှိတ်လို့ ရမှာလေ ဟဲဟဲ"

"အရှူးပါးမ" အားလုံးတညီတညွတ်တည်း ဝိုင်းအော်ရင်း တဟဲဟဲနှင့် သဘောကျနေသော နွယ်ချိုကို ဝိုင်းရိုက်ကြတော့ နွယ်ချို ထွက်ပြေးသွားတော့သည်။

"ငါ့အမေသာ မြင်ရင်တော့ ဣန္ဒြေမရတဲ့ မိန်းကလေးတွေလို့ ပြောခံထိဦးမယ်၊ ပါးစပ်ကတင် ပြောမှာမဟုတ်ဘူး ဆရာရေ၊ ပေါင်တွင်း ကြောပါ ပြတ်သွားမှာ"

မိုးဦးက သွားရင်းလာရင်း တဝုန်းဝုန်း ဆူညံနေမိတာကို သတိရရင်း ညည်းတွားလိုက်သည်။

"နင့်အမေကတော့ စံပဲ။ ချုပ်ချယ်တဲ့ နေရာမှာစံပဲ"

http://cyberbooks.myanmarchat.org



နွယ်ချိုက အလိုမကျစွာ နှုတ်ခမ်းစူရင်း မျက်နှာပိုး သတ်လိုက်သည်။

"ထားပါတော့ ချုပ်ချယ်တယ်ပဲထားပါတော့၊ နင့်အမေကရော အဲဒီလို မဆုံးမဘူးလား"

"ဆုံးမတာပေ့ါဟဲ့၊ ဒါကြောင့် ငါ့အမေရှေ့မှာဆို ငါ အေးအေး ဆေးဆေးပဲနေတယ်။ ငါ ဒီလို ပြောင်ပြောင်နောက်နောက်နေတာ အမေမှ မသိတာ။ အခုလည်း ငါက ဣန္ဒြေပျက်အောင်နေတာ မဟုတ်ပါဘူး၊ နင်ကသာ ထိန်းချုပ်လွန်းအားကြီးနေတာ"

"နင်တစ်ချိန်လုံး ငါနဲ့ပေါင်းလာခဲ့သမျှတော့ နင်ဟာ ယောကျ်ားလေးကိစ္စရော မိန်းကလေးအချင်းချင်းမှာရော အေးအေး ဆေးဆေးပဲ။ ဘာမှ မရှုပ်ဘူး။ ဒါပေမဲ့ အခု နင်ပြောနေတဲ့စကားတွေ၊ အထူးသဖြင့် သက်မှူးနဲ့ပတ်သက်ပြီး နင်ပြောနေတဲ့ စကားတွေက မိန်းမဈေးပျက်နေလို့ပဲဟေ့။ ကိုယ် ကြိုက်နှစ်သက်တဲ့ အနုပညာရှင် တစ်ယောက်ကို အားပေးတာ၊ သိချင် စကားပြောချင်တာ ငါလက်ခံ ပါတယ်။ ဒါပေမယ့် သဒ္ဓါတွေလွန်ပြီး သာမန်ထက် ပိုပေးမိရင် နင့်စိတ်ကတော့ ရိုးရိုးသားသားပဲလေ၊ သူ့အမြင်မှာ အထင်သေး စရာဖြစ်သွားမှာ စိုးလို့ပါ။ နင့်အနေနဲ့ သူ့ကို ကြိုက်တဲ့ ပရိသတ် တစ်ယောက်အဖြစ် အသိအမှတ်ပြုစေချင်တာလို့ မမြင်ဘဲ ဖြစ်သွားမှာ စိုးလို့ပါ။ နင်သိပ်ပြီး ဣန္ဒြေပျက်သွားမှာ စိုးလို့ပါ"

မိုးဦးစကားကို နားထောင်ရင်း နွယ်ချိုက ပခုံးတွန့်သည်။

"ငါ့သူငယ်ချင်းက စစ်မဖြစ်ခင်ကတည်းက မွေးဖွားခဲ့တာမှန်း အခုမှသိရတယ်။ နင် သိပ်စိတ်မပူပါနဲ့။ ငါ နင့်ကို နောက်နေတာပါ"

နွယ်ချိုရဲ့စကားကြောင့် မိုးဦး၊ လဲ့လဲ့နဲ့ မော်ကြီးတို့ပါ ပြုံးမိကြသည်။ နွယ်ချိုက အဲသလို ကလေးဆိုး ဆိုးတတ်မှန်း မိုးဦးတို့ကလည်း သိနေသည်။ တကယ်တမ်း သက်မှူးနှင့် တွေ့လျှင်လည်း

http://cyberbooks.myanmarchat.org


သူပြောသလို ဗလာစာအုပ်တစ်အုပ်လုံး အော်တိုရေးခိုင်းရဲသည့်သတ္တိ မရှိတာလည်း မိုးဦးတို့ သိနေသည်ပဲ။

ထိုနေ့က မိုးဦးအပါအဝင် သူငယ်ချင်းအားလုံး စိတ်လှုပ်ရှားစွာ ကင်တင်းကို လာခဲ့ပေမဲ့ သက်မှူးက ရောက်မလာခဲ့ပါ။ မိုးဦးက နွယ်ချိုကို နောက်လိုက်ချင်ပေမဲ့ မနောက်ခဲ့ပေ။ သက်မှူးနဲ့ ပတ်သက်တဲ့အကြောင်း မိုးဦးတို့အဖွဲ့မှာ ဘယ်တော့မှ မပြောဖြစ်အောင် အားလုံးက ထိန်းချုပ်လိုက်ကြခြင်းဖြစ်သည်။ ဒါကလည်း နွယ်ချိုကို မဖြစ်နိုင်မယ့် စွဲလမ်းမှုမျိုးကို မရှင်သန်စေချင်သောကြောင့် ဖြစ်သည်။

* * *

http://cyberbooks.myanmarchat.org



အဆောင်ဆိုတာကလည်း လူပေါင်းစုံ စရိုက်ပေါင်းစုံရှိသော မိန်းကလေးများ စုနေကြခြင်းဖြစ်သည်။ မေမေပြောခဲ့သော စကားကလေးတစ်ခွန်းကလည်း မိုးဦးအတွက် အမှတ်တရပင်။ အဆောင်နေတော့မှ ကိုယ့်ဟာကိုယ် အားကိုးတတ်လာတယ်၊ ကိုယ့်ပတ်ဝန်းကျင်မှာ ကြုံလာရတဲ့ အခက်အခဲတွေ၊ စိတ်အနှောင့်အယှက်ဖြစ်စရာတွေကို ကိုယ်တိုင် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရတတ်တယ်၊ အဲသလိုမျိုးမှာ ကိုယ့်ပြဿနာကိုယ် ရှင်းပေတော့၊ မိဘအိမ်မှာ နေတုန်းကလို မဟုတ်တော့ဘူး၊ အရာရာကို သည်းခံတတ်လာရတယ် စတဲ့ မေမေ့စကားတွေက အဆောင်နေတော့မှ သတိရစရာတွေ ဖြစ်လာခဲ့ရသည်။ မေမေတတွတ်တွတ်ပြောနေတုန်းကတော့ နားငြီးလိုက်တာလို့ စိတ်ထဲတွေးနေတတ်မိခဲ့တာကို သတိရရင်း မေမေ့ကို အားတုံ့ အားနာဖြစ်ခဲ့ရသေးသည်။

အဆောင်နေတာ ၃ လ မပြည့်တတ်သေး ဆပ်ပြာခွက်ထဲက ဆပ်ပြာ အခိုးခံခဲ့ရဖူးသည်။ ညဘက်အကျီ မရုပ်မိလို့ အကျီအခိုးခံခဲ့ရပြီးပြီ။ နေ့လယ်ဘက် အကျီလှန်းထားတာကို အလစ်လာသုတ်သော ၁၀ နှစ်အရွယ် ကလေးငယ်လေး တစ်ယောက်ကို ခေါင်းခေါက်ပြီး အကျီတွေ ပြန်ယူထားခဲ့ဘူးသည်။ ဟုတ်တာ မဟုတ်တာ အပထား

http://cyberbooks.myanmarchat.org



အဆောင်မှာခြောက်တဲ့ သရဲဇာတ်လမ်းတွေကို ကြားမိပြီး ည ၈ နာရီကျော်လျှင် တစ်ယောက်တည်း အိမ်သာသို့ မသွားရဲပြန် ဖြစ်ရသည်။ အဆောင်မှာ ပိုက်ဆံအရှိဆုံး၊ မာနအကြီးဆုံး၊ အဝဆုံး အမျိုးသမီးတစ်ယောက်က သူ့ရည်းစားအင်္ကျီတွေကို လျှော်ပေးနေတာကြည့်ပြီး ရယ်ခဲ့မိလို့ ညည်းတို့က ငါ့ကြည့်ပြီး ဘာရယ်တာလဲဟု စိန်ခေါ်သံလည်း ကြားဖူးပြီးပြီ။ အခန်းတစ်ခန်းက ဓာတ်ကြိုးရှော့ခ်ဖြစ်ပြီး မီးလောင်နေတာကို ဘာမှမလုပ်ဘဲ အော်နေကြတဲ့ မိန်းကလေးတစ်စုကြောင့် ကိုယ့်အခန်းက အပြေးအလွှားသွားပြီး မိန်းဆွစ်ကြီးကို ခက်ခက်ခဲခဲ ခုံဆင့်တက်ပြီး ပိတ်ခဲ့ဖူးသည်။ ညတိုင်း ဘုရားစုပြီး ရှိခိုးတိုင်းသွားသွားရှိခိုးခဲ့လို့ ကြားဖူးနားဝရှိခဲ့သော ဓမ္မစကြာ တရားတော်နဲ့ မေတ္တသုတ်ကိုလည်း အလွတ်ရခဲ့ပြီးပြီ။ ရည်းစားတွေ ထည်လဲတွဲပြီး အဆောင်ပြန်မအိပ်တတ်တဲ့ ကောင်မလေးတွေရဲ့ နေပုံထိုင်ပုံတွေ မြင်ခဲ့ရသလို စာတော်ဖို့ အဓိကထားပြီး ကျောင်းလာတက်တဲ့၊ တစ်ချိန်လုံး စာကြည့်နေတဲ့ မိန်းကလေးတွေကိုလည်း မြင်ခဲ့ရသည်။ အိမ်ထဲက အိမ်ပြင်မထွက်ရ၊ စာအုပ်မဖတ်ရတဲ့ မိုးဦးအတွက် အဆောင်နေကျောင်းသူဘဝ ဖြစ်ရတာဟာ ပတ်ဝန်းကျင်က သင်ကြားခြင်းကို ခံနေရတာနဲ့ အတူတူပင်ဖြစ်သည်။

ထိုသို့ စရိုက်ဆန်းများ တွေ့ရသော မိုးဦးအတွက် အရာရာသည် အသစ်အဆန်း ဖြစ်နေတော့သည်။ အရာရာကို ကိုယ့်စိတ်နဲ့နှိုင်းပြီး မတွက်ချက်ရဲတော့ပေ။ ဘယ်ထောင့်ချိုးက ထွက်လာမယ့် ဘယ်သူ့လက်ထဲမှာ ကိုယ့်ကို လုပ်ကြံနိုင်တဲ့ ဘယ်လို လက်နက်မျိုးရှိနိုင်မလဲဆိုတာကို တွေးတတ်လာခဲ့သည်။ ကိုယ့်အုပ်စုနှင့်ကိုယ် ရေချိုးဆင်း၊ အိမ်သာတက်တာမျိုး မလုပ်လျှင် ပစ္စည်းပျောက်တတ်သောကြောင့် အနည်းဆုံး နှစ်ယောက်တွဲ၍ နေရတတ်သည်။ ကိုယ်နဲ့နှစ်တူပြီး မေဂျာကွဲသော အခန်းနီးချင်း သူငယ်ချင်းများကို ခင်မင်အောင်

http://cyberbooks.myanmarchat.org



ပေါင်းသင်းပြီး သတိဝီရိယနှင့် နေထိုင်လိုက်တော့မှ ပစ္စည်းပျောက် သက်သာသွားခဲ့သည်။

* * *

http://cyberbooks.myanmarchat.org

# တီးတိုးသံများ

စနေတနင်္ဂနွေလိုနေ့မျိုးဆိုလျှင် တစ်ရက်ခန့် ပုသိမ်မြို့ထဲ ဆင်းပြီး လိုအပ်တဲ့ပစ္စည်း ဝယ်စရာရှိတာများဝယ်ပြီး ငွေစင်ရော်မှာ ထမင်းစား ကြသည်။ ငွေစင်ရော် ထမင်းဆိုင်လေးရှေ့မှာ စာအုပ် အဟောင်းဆိုင် ရှိသဖြင့် လဲ့လဲ့နဲ့ မော်ကြီးတို့ စားသောက်ဆိုင်ထဲ ဝင်သွားပေမဲ့ မိုးဦးကစာအုပ်တွေကို အသည်းအသန် ရွေးနေဆဲဖြစ်သည်။ ဒဂုန် တာရာရဲ့ စာပေသဘောတရား၊ စာပေဝေဖန်ချက် စာအုပ်ကို ၄၀၀ ကျပ်နဲ့ ဝယ်ပြီး စားသောက်ဆိုင်ထဲအဝင်မှာ ငြိမ်ကုပ်ကုပ် ထိုင်နေသော နွယ်ချိုကို တွေ့လိုက်ရသဖြင့် သူတို့ တစ်ခုခုဖြစ်နေပြီဆိုတာ ခံစား မိသည်။ မိုးဦးဝင်ထိုင်ပြီး လဲ့လဲ့ကို ဘာဖြစ်နေတာတာလဲဟု မျက်ခုံး နှစ်ဖက်ပင့်ပြီး အသံတိတ်မေးမိတော့ လဲ့လဲ့ကလည်း မိုးဦးကို မျက်ခုံးနှင့်ပင် မျက်စောင်းထိုးပြသည်။ လဲ့လဲ့ မျက်စောင်းထိုးပြရာ နေရာကို ကြည့်လိုက်တော့ မမျှော်လင့်ဘဲ သက်မှူးကို တွေ့လိုက်ရသည်။ နွယ်ချိုကတော့ မျက်နှာပိုးသတ်ထားတာ ပိပိရိရိ မရှိခဲ့။ အသတ်လွန်၍ တင်းနေသည်။ မော်ကြီးနဲ့ လဲ့လဲ့ကတော့ ပုံမှန် အတိုင်းပင်။ မိုးဦးက လည်း လဲ့လဲ့မျက်စောင်းချိတ်ထားရာ တစ်ချက်ကြည့်မိပြီး "ဒီလူ

http://cyberbooks.myanmarchat.org


ကြီးများ”ဟု လွှတ်ခနဲ ခပ်အက်အက် ထွက်သွားသည်။ သက်မှူးက မိုးဦးတို့အဖွဲ့ကို ဆေးတာကိုလည်း တွေ့လိုက်မိသည်။ မိုးဦးကတော့ နွယ်ချိုကို ဤကဲ့သို့ တင်းမထားစေချင်။

“နွယ်ချို နင်ဘာမှာထားလဲ။ ငါ့အတွက် ဆိတ်သားဟင်း ရောမှာပြီးပြီလား။ နင် ပုစွန်ဟင်းနဲ့ မစားနဲ့နော်။ စားချင်ရင်လည်း ကိုယ့်ဟာကိုယ်ရှင်း၊ တစ်ပွဲ ၄၅၀ ဆိုတာ မတန်ပါဘူးဟာ။ တို့စားသလို တစ်ပွဲ ၁၂၀ တန်လောက်ပဲစား။ နင့်မျက်နှာကြီး တင်းမထားနဲ့၊ နင့်ဖို့အချိုရည် မှာပေးမယ်လေ”

နွယ်ချိုကတော့ အသံကိုပင် လေသံပြောင်းပြီး ခေါင်းကို နှိမ့်ကာပြောသည်။ မိုးဦး၊ လဲ့လဲ့၊ မော်ကြီးတို့ကတော့ သက်မှူးရှိနေ၍ ဘာမှ ရှုံးတိုးရှန့်တန့်ဖြစ်စရာ မလိုဟု ထင်ခဲ့၍ ဘာမှ မဖြစ်ခဲ့ပေမဲ့ နွယ်ချိုကတော့ စိတ်လှုပ်ရှားတတ်သူပီပီ တစ်စုံတစ်ခု ခံစားနေရလိမ့် မည်ဟု တွေးမိခဲ့သည်။ ဆိုင်ကဖွင့်တာ မဟုတ်ဘဲ အပြင်တစ် နေရာကနေ လွင့်လာတဲ့ သက်မှူးသီချင်းတစ်ပုဒ်ကိုလည်း ကြားနေရ သေးသည်။ သက်မှူးအတွက် တော်တော်ဘဝင်မြင့်စရာ ကောင်းနေပြီ ပေါ့ဟု တွေးမိရင်း ကိုယ်နဲ့ရွယ်တူ ကောင်လေးတစ်ယောက်ရဲ့ အောင်မြင်မှု ရလာဒ်ကိုလည်း ဂုဏ်ပြုအသိအမှတ်ပြုပေးချင်သည်။ သို့သော် မိုးဦးမလုပ်ခဲ့။ မေမေတိုင်းတာသော မိန်းမစျေးနဲ့ တွက်ပြီးတော့ ဘာမှ မလုပ်ဖြစ်။

* * *

http://cyberbooks.myanmarchat.org



ထမင်းဆိုင်မှာရော အပြန်လမ်းတစ်လျှောက်လုံးပါ အောင့်အည်းလာတဲ့ နွယ်ချိုက အဆောင်ဝင်းထဲ ဝင်ဝင်ချင်းပင် သက်မှူးအကြောင်း စပြောတော့သည်။ ထိုသို့ပြောခြင်းကိုတော့ မိုးဦးက ဘာမှ မကန့်ကွက်မိတော့။

"သက်မှူးလေး သနားပါတယ်။ ပညာရေးကတစ်ဖက် အနုပညာရေးက တစ်ဖက်နဲ့ အချိန် အားလေးတောင် ရှိပဲ့မလား မသိဘူး"

မိုးဦး ပြုံးနေမိချိန်မှာ . . .

"အချိန်လား အားလွန်းလို့ ရည်းစားတွေထားလိုက်တာ သောက်သောက်လဲရော၊ နင်မသိဘူးလား၊ အဆောင်မှာနေပြီး အခန်းအောင်းစာကျက်နေဖို့ပဲ သိတာကိုး"ဟု လဲ့လဲ့က ဝင်ပြောလိုက်သည်။

"ကဲ. . . ပြောပါဦး မစပ်စုကြီးရဲ့၊ နင့်ကို ဘယ်သူပြောသလဲ" နွယ်ချိုကလည်း ပြန်မေးသည်။

"တို့မေဂျာကပဲ၊ ပြည်က သန်းသန်းအေးလေ၊ သူက ပုသိမ်မြို့ကြီးမှာ အပ်ကျပျောက်တာကအစ သိတယ်။ မယုံသွားမေးပါလား။ ငါတို့နောက်ခန်း အခန်း ၈၀ မှာ နေတယ်။ သွားမေးလိုက်ဦးနော်"

လဲ့လဲ့ရဲ့ စကားကြောင့် နွယ်ချိုက အဆောင်အပေါ်ထပ်ကို အပြေးအလွှားတက်သွားသည်။ ကိုယ့်အခန်းထဲတောင် ကိုယ်မဝင်

http://cyberbooks.myanmarchat.org



နိုင်သေးဘဲ၊ သန်းသန်းအေးအခန်းရှိရာ ထွက်သွားတာ မြင်လိုက်ရတော့ မိုးဦးတို့အားလုံး ပြုံးမိကြသည်။

“သူတော်တော် စပ်စုချင်နေတာ၊ လွှတ်ပေးထားလိုက်”

မော်ကြီးက နွယ်ချိုကို အရူးတစ်ယောက်လို သဘောထားပြီး ပြောလိုက်သည်။ မိုးဦးတို့ အုပ်စုထဲမှာ သူက တစ်ဦးတည်းသော သမီး။ အမေတွေ အဖေတွေ အဒေါ်တွေက ဝိုင်းမြှောက်ထားသောကြောင့် အစစအရာရာ အဆင်သင့်ရပြီး အားလုံးကို ဗိုလ်ကျလို့ရခဲ့သည်။ ပတ်ဝန်းကျင်အနေအထားကို အကဲခတ်ဖို့ထက် သူလုပ်ချင်ရာ သူပြောချင်ရာပြောခဲ့ လုပ်ခဲ့တဲ့အတိုင်း ကြီးပြင်းလာရသည်။ ဒါကြောင့်လည်း မိုးဦးတို့ တစ်ဖွဲ့လုံးက သူ့ကို ကလေးဆိုးတစ်ယောက်လို သဘောထားပြီး မြှောက်တန်မြှောက် ချောက်တန်ချောက် လုပ်နေရသည်။ နွယ်ချိုကတော့ ပကတိ အဖြူပင်။

မိန်းမတစ်ယောက်ရဲ့ ဘဝဖြစ်စဉ်ဟာ စိတ်ပျက်မွန်းကျပ်နေရတဲ့ဖြစ်စဉ် တစ်ခုလား။ သေသေချာချာ မသိပါ။ မိန်းကလေးမို့ ဒီလိုမနေရဘူး၊ ဒီလိုမထိုင်ရဘူး၊ ဒီလို မရယ်ရဘူး၊ ဒီလို မပြောရဘူး ဆိုတဲ့ သတ်မှတ်ချက် တွေက တစ်ခါတစ်ရံမှာ မွန်းကျပ်စေတာ အမှန်ပင်။ လသားအရွယ် ကလေးငယ်ကိုပင် ယောကျ်ားလေးဆို ဖင်တုံးလုံးနဲ့ ဓာတ်ပုံရိုက်ကြပြီး မိန်းကလေးဆို ခဏပင် ဘောင်းဘီ မချွတ်ခဲ့။ “မိန်းကလေးဆိုတာ”ဆိုတဲ့ ခေါင်းစဉ်အောက်မှာ သိတတ်စ အရွယ်ကတည်းက အရာရာ ထိန်းချုပ်ဖို့ ဖြစ်လာခဲ့သည်။ သမီးတစ်ကောင်နွားတစ်ထောင်တဲ့၊ ဗိုင်းကောင်းကျောက်ဖိတဲ့ စတဲ့ စကားပုံတွေကြောင့်လည်း အမေတွေက သမီးတွေကို ဘာလုပ်လုပ်ဟန့်တားဖို့ မျက်ခြည်မပြတ်ခဲ့။

ဒီအထဲမှာ မိုးဦးတို့အမေတွေ အမြင်မကျဉ်းတော့တဲ့အတွက် ကျေးဇူးတင်စရာပင်။ လူဆိုတာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်

http://cyberbooks.myanmarchat.org



ရမယ်လို့ အမြဲပြောခဲ့တာ မေမေက မိန်းမဆိုတာ ယောကျ်ားကို မှီခိုဖို့သက်သက် မဟုတ်ဘူးရယ်လို့ ပြောလိုက်တာနဲ့အတူပင်။ အမေက ယောကျ်ားကြိုက် ဘာသာရပ်တွေ မသင်ကြားပေးခဲ့။ (အမေလည်း တတ်မြောက်ခဲ့ပုံ မရပါဘူး) ဥပမာ အလှပြင်တာ၊ အဝတ်အစား ရွေးချယ်ဝတ်ဆင်စေတာ၊ ယောကျ်ားလေးတွေနဲ့တွေ့ရင် ဘယ်လို ပြောဆိုရမှာမျိုး မသင်ကြားခဲ့။ စာပဲကျက်၊ စာပဲကျက်၊ ရည်းစား မထားနဲ့။ စကားလုံးနဲ့သာ မိုးဦးကို အမြဲပိတ်လှောင်နေသည်။ နောက်ပြီး မိုးဦးကို ကြည့်တဲ့ အမေရဲ့ သံသယမျက်လုံးများကြောင့် မိုးဦးမှာ အနေကျပ်ရုံတင်မက မိန်းမဘဝကို စိတ်ပျက်လှသည်။

အမေသင်ကြားတဲ့ မိန်းမတို့၏ ကျင့်ဝတ်ကများပြားလှသည်။ အစ်ကိုတွေနဲ့ အတူတူကြက်တိုက်သွားတုန်းက အစ်ကိုတွေနဲ့ အတူတူ ကျောကော့အောင် အချခံဘူးသည်။ အစ်ကိုတွေနဲ့အတူတူ ရေကူး ကန်ကို လိုက်သွားမိလို့ အချခံခဲ့ဖူးသည်။ ဒီလိုပဲ ရပ်ကွက်ထဲက ကောင်လေးတွေရော အစ်ကိုတွေပါပါတဲ့ လိုက်တမ်းပြေးတမ်း ကစား မိလို့ ပေါင်တွင်းကြော လိမ်ခံခဲ့ရဖူးသည်။ အစ်ကို့ သူငယ်ချင်းတွေနဲ့ ဇယ်တောက်တမ်း ကစားမိလို့ ဗိုက်ခေါက်လိမ်ဆွဲတာ ခံခဲ့ရဖူးသည်။ ၁၀နှစ် ၁၁ နှစ်အရွယ် မိန်းကလေးတစ်ယောက်အတွက် သူစိမ်း ယောကျ်ားလေးတွေက အန္တရာယ်ရှိနေပြီလား။ ဘောင်းဘီတိုဝတ်နေဆဲ မိန်းကလေးတစ်ယောက်ရဲ့ စိတ်ထဲမှာ သူစိမ်းယောကျ်ားလေးတွေနဲ့ မပတ်သက်ရဆိုတဲ့ ထိန်းချုပ်မှုကြီးက ကြီးစိုးသွားခဲ့ဖူးသည်။ အမေ ရိုက်လို့ တရှုပ်ရှုပ် ငိုကြွေးရတိုင်း အဘွားကလည်း ညည်းက မိန်းကလေးပဲ၊ သေသေဝပ်ဝပ် နေရမှာပေါ့တဲ့။ ဒါကြောင့်လည်း မိုးဦးမှာတတိယနှစ်ကျောင်းသူဖြစ်တဲ့အထိ ယောကျ်ားလေး မိတ်ဆွေ မရှိခဲ့။ ယောကျ်ားလေးတွေကိုလည်း မိတ်ဆွေမလုပ်ချင်ခဲ့။ ကိုယ့်ကို လာမိတ်ဆက်ပေးတဲ့ သူများကိုလည်း မသိချင်ယောင်သာ ဆောင်နေ

http://cyberbooks.myanmarchat.org



ခဲ့တော့သည်။

ထိုနေ့က အဆောင်မှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားခဲ့သည်။ အဲဒီအချိန်မှာ မိုးဦးက မေငြိမ်းရဲ့ မီးခိုးငွေ့မီးခိုးမှိုင်း ဝတ္ထုကို ဖတ်နေခဲ့သည်။ မော်ကြီးက မီးပူတိုက်နေသည်။ အဆောင်ရှေ့ ဝရန်တာသို့ တရုန်းရုန်းနဲ့ ပြေးထွက်လာသူအချို့က အုတ်အုတ်ကျက်ကျက်။ စကားတွေလည်း ပြောနေကြသည်။ မိုးဦးတို့ အခန်းဘေးက လမ်းကြားကို ပြေးလျှောက်သွားသူအချို့ရဲ့ ခြေသံများကိုလည်း ကြားနေသည်။ မော်ကြီးက မီးပူပလပ် ဖြုတ်ပြီး အဆောင်ဝရန်တာကို ထွက်ကြည့်ပြီး ရယ်မောစွာ ပြန်ဝင်လာသည်။

“ငါတို့အဆောင်ကို သက်မှူးက သူ့သူငယ်ချင်းနဲ့ အဖော်လိုက်လာတာ၊ အဲဒါများ တစ်ဆောင်လုံးနီးပါး ထွက်ကြည့်ကြတယ်လို့ အံ့ရော”

မော်ကြီး စကားကြောင့် မိုးဦးမှာ ပြုံးမိရင်း စာပင် ဆက်မဖတ်နိုင်ခဲ့။ မိုးဦးတို့အခန်းထဲ လွင့်ပျံ့လာသော စကားသံအချို့ကြောင့် ဖြစ်သည်။ သြော် . . . သူတို့လို မိန်းမဘာဝကတော့ ဒီလို ပျော်စရာ ရင်ခုန်စရာလေးတွေ ဖြစ်တတ်ပါလား၊ နွယ်ချိုလိုလူမျိုးတွေ အများကြီး ပါလားလို့ တွေးမိလိုက်သေးသည်။ တဟေး ဟေးနဲ့ အော်သံများ တစ်စထက်တစ်စ ဆူညံလာချိန်မှာ ဟောကျူတာပင် အခန်းထဲမှာ အောင်းမနေနိုင်တော့။

“ဘယ်သူတွေ ဒါလောက် အူမြူးပြီး နေတာလဲဟေ့” ဆရာမ ဒေါ်ညွန့်ကြည်ရဲ့ အသံဝါဝါအက်ကွဲကွဲကြီးကြောင့် တဟေးဟေး အသံတွေရပ်သွားသလို ဝရန်တာပေါ်ကနေ လက်တဆန့်ဆန့် မြှောက်ပြနေသူတွေလည်း ရပ်တန့်သွားသည်။

ဆရာမက ပြောပြောဆိုဆို လျှောက်သွားပြီး

“နေပါဦး ဟိုဟာမတွေက ဘယ်သူတွေလဲ။ သက်မှူးနားမှာ

http://cyberbooks.myanmarchat.org



ဝိုင်းလို့။ တော်တော် ကဲတတ်ပါလား။ အံမယ် အံမယ် နွယ်မာဝေတို့ အုပ်စုကလည်း စာအုပ်ကိုင်ပြီး ဆင်းဦးမယ်"

ဆရာမဒေါ်ညွန့်ကြည်မျက်နှာကို ခပ်ကွယ်ကွယ်ပြုပြီးဆင်းသွားသော မိန်းကလေးအုပ်စုကိုကြည့်ရင်း ဆရာမက အဆောင်လှေကားထိပ်မှာ မျက်နှာဆိုးဆိုးကြီးဖြင့် ရပ်နေသည်။ အသံတွေကလည်း ခပ်အုပ်အုပ်သာ ကျန်တော့သည်။ အားလုံးက ပါးစပ်က မအော်ရပေမဲ့ သက်မှူးနဲ့ သူ့ရဲ့ ပရိသတ်ကို ဝိုင်းအုံ ကြည့်နေကြသည်။ သက်မှူး ဘေးနား ပါလာသော သူငယ်ချင်းက သူ့ကောင်မလေးနဲ့အတူ သက်မှူးကို ရပ်စောင့်နေ ကြသည်။ သက်မှူးလည်း ဒီလောက် များတဲ့ မိန်းကလေးအုပ်စုကို မြင်ပြီး လန့်သွားပုံရသည်။ ဘယ်သူ့မျက်နှာမှ မော့မကြည့်ရဲဘဲ လက်မှတ်သာ တွင်တွင်ငုံထိုးနေရတော့သည်။

"ဟဲ . . . မိုးဦး၊ သက်မှူးရောက်နေတယ်သိလား။ နင်တို့ ၃ ယောက်ကလွဲလို့ ဒီတစ်ဆောင်လုံးက မိန်းမတွေက ငါ့ထက်ကဲတာတွေ့လား။ ဆရာမ ဘီလူးဆိုင်းနဲ့ ထွက်လာမှ ငြိမ်သွားတာ ဟဲ့။ ငါတောင် ဝရန်တာရှေ့ တည့်တည့်က မကြည့်ရဲလို့ ခန်းဆီးနောက်ကွယ်က ကြည့်နေတာ၊ ဆရာမအော်သံကြားတော့ ခုတင်ပေါ်တက်ပြီး စာအုပ်ဖတ်နေလိုက်တယ် ဟိဟိ"

နွယ်ချိုက မိုးဦးတို့ အခန်းသို့ ကူးလာပြီး စကားပြောသည်။

"ငါ့စိတ်ထင် သက်မှူး ငါတို့ကို လာရှာတာလား မသိဘူးနော်။ အခုတော့ ကံဆိုးပြီး ခေါင်းတောင် မဖော်ရဲတော့ဘူး"

"အံမယ် နင့်ကိုယ်နင် စိတ်ကြီးဝင်မနေစမ်းပါနဲ့ နွယ်ချိုရယ်၊ ဒီလောက် မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ ယောကျ်ားတစ်ယောက်က တို့ကို ရှာမတဲ့လား။ တို့မှာ သူ့ပတ်ဝန်းကျင်က မိန်းကလေးတွေ ထက်သာတဲ့ အချက်ထက် လျော့တဲ့အချက်ပဲ ရှိမယ်။ စိတ်ကူးယဉ်

http://cyberbooks.myanmarchat.org



မနေစမ်းပါနဲ့။ သူလိုလူမျိုးက ခူးခပ်စားမှာ မဟုတ်ဘူး။ ခူးပြီးသား ပါးစပ်ထဲကို အဆင်သင့် ဝင်လာတာစားမှာပေါ့ သိပြီလား”

“အဆင်သင့် ဝင်တာမှ တစ်လုတ်ပြီး တစ်လုတ် ဝင်နေမှာ။ သူ့ပါးစပ်ပိတ်မှ မဝင်တော့မှာ သိပြီလား”

လဲ့လဲ့နဲ့ မော်ကြီးက အတိုင်အဖောက်ညီစွာ ပြောနေသဖြင့် မိုးဦးဘာမှ ဝင်မပြောခဲ့။ တကယ်တော့ လူတစ်ယောက်အကြောင်းကို သေသေချာချာ မသိဘဲ ကိုယ်ထင်ရာ မြင်ရာ ဝေဖန်နေခြင်းအတွက် မိုးဦး ဘဝင်မကျလှ။ ကိုယ့် ဝေဖန်ချက်က ထိုသူရဲ့ ကောင်းရာကောင်း ကျိုးဆိုလျှင် တော်သေးသည်။ ကိုယ့်ဝေဖန်ချက်က သူတစ်ပါး ထိခိုက်နစ်နာစေသော အကြောင်းအရာဖြစ်နေသောကြောင့် ကိုယ့် လိပ်ပြာ ကိုယ် ရှက်မိသည်။ သို့သော် မိုးဦး ဘာမျှ ဝင်မပြောခဲ့။ ဝင်ပြောခဲ့လျှင်လည်း မြားဦးက မိုးဦးဘက် လှည့်လာနိုင်သည်။ ဘာလဲနင်ရော စိတ်ဝင်စားလို့ သူ့ဘက်ပါသွားပြီလား ဆိုတဲ့ စကားမျိုးပင် မိုးဦး လက်မခံချင်။

မိုးဦး စာဆက်ဖတ်နေတာကို ကြည့်ပြီး လဲ့လဲ့ရော မော်ကြီးပါ ကိုယ့်အလုပ် ကိုယ်ပြန်လုပ်နေသည်။ “အင်း . . . ဒီခေတ်ကာလ မိန်းကလေးတွေ ခက်တယ်။ ကိုယ့်ဘာသာကိုယ် ကြန္တေရရ မနေ နိုင်ကြဘူး။” ဆရာမဒေါ်ညွန့်ကြည်ရဲ့ စကားသံသဲ့သဲ့က အခန်းရှေ့မှာ ပါးလျလျ ကျန်ခဲ့သည်။

* * *

http://cyberbooks.myanmarchat.org



မိုးဦးတို့ စားသောက်ဆိုင်လေးထဲ ရောက်လာချိန်မှာ သက်မှူးက ထိုဆိုင်လေးထဲရောက်နှင့်နေပြီ။ သက်မှူးရှိနေတာကြောင့် မိုးဦးတို့ တစ်အုပ်စုလုံးမှာ စကားပင်ကျယ်ကျယ် မပြောဖြစ်ဘဲ ကိုယ်ရှိန်သတ်မိသည်ထိ ဖြစ်သွားသည်။ ဒီအထဲမှာ နွယ်ချိုကတော့ ကိုယ်ရှိန်သတ်လွန်ကာ ခပ်တည်တည်ကြီး ထိုင်နေတော့သည်။ သက်မှူးကလည်း မိုးဦးတို့ ထိုင်ခုံနှင့် တစ်ခုံကျော် မိုးဦးတို့ ဝိုင်းဘက် မျက်နှာမူကာ နေရာယူထားသည်။ မော်ကြီးက သက်မှူးကို ဝေ့အကြည့်မှာ မျက်လုံးချင်းဆုံသွားပုံရသည်။ သက်မှူးကို ခပ်ရိပ်ရိပ်ပြုံးကာ နှုတ်ဆက်လိုက်ပြီး မျက်နှာလွှဲလိုက်သည်။ မိုးဦးကတော့ မျက်ဝန်းထောင့်စွန်းမှာ ကပ်နေတဲ့ သက်မှူးအရိပ်ကို မမြင်ချင်ယောင်ဆောင်ပြီး ဖတ်လက်စ ခင်မျိုးချစ်ရဲ့ ဥရောပစာပေကို ဆက်ဖတ်နေသည်။ လဲ့လဲ့ကလည်း သက်မှူးကို အနည်းငယ်ပြုံးကာ နှုတ်ဆက်ပြီး စားသောက်စရာများကို မှာသည်။

ကောင်မစုတ်တွေ ငါ့ကျတော့ ဣန္ဒြေမရဘူးတဲ့။ နင်တို့ကျတော့ တဖြီးဖြီး နှုတ်ဆက်နေလိုက်တာ။

နွယ်ချိုက စာတိုလေးတစ်စောင်ရေးပြီး လဲ့လဲ့ရှေ့သို့ တွန်းပို့လိုက်သည်။

ဟဲ့ . . . ငါတို့က လူမှုရေးအရ မျက်လုံးချင်းဆုံလို့ နှုတ်ဆက်လိုက်တာ သိလား။

http://cyberbooks.myanmarchat.org



လဲ့လဲ့က စာရေးပြီး နွယ်ချိုရှေ့ စာရွက်လေး ပြန်တွန်းပို့လိုက်သည်။

အားမလျှော့ပါနဲ့ နွယ်ချိုရေ၊ သက်မှူးတော့ မချောလေးယောက် ကိုယ်တစ်ယောက် ဇာတ်လမ်းခင်းချင်ပုံပဲ။ ဒါမှမဟုတ် ငါတို့ထဲက နွယ်ချို နင့်ကိုပဲ စပစ်ပြီလားမသိဘူး။ ဟိဟိ မငြင်းလိုက်နဲ့နော် တေးသံရှင်လေး သနားပါတယ်။

မော်ကြီးက ထိုစာရွက်ထဲမှာ စာထပ်ရေးပြီး နွယ်ချို့ရှေ့ထိုးပေးလိုက်သည်။

နင်တို့ တကယ်ပြောတာလား၊ နောက်နေတာလား။ ငါရောသေချာလို့လား။

နွယ်ချိုရဲ့စာကို လဲ့လဲ့နဲ့ မော်ကြီးက ဖတ်ပြီး ခပ်ကျိတ်ကျိတ်ရယ်လိုက်တော့မှ နွယ်ချိုစိတ်ဆိုးကာ ထရိုက်တော့သည်။ ထိုသို့လည်း ရှက်ရမ်းရမ်းတတ်သော နွယ်ချိုက သက်မှူးနဲ့ အကြည့်ချင်း ဆုံသွားတဲ့အခါ ခပ်မဲ့မဲ့ ပြုံးဖြစ်သွားတော့သည်။

သို့သော် ထိုနေ့နေ့လယ်က အပြုံးတို့သည် စားသောက်ဆိုင်လေးထဲတွင်သာ ကျန်ရစ်ခဲ့သည်။ မိုးဦးတို့ ဆိုင်ကထွက်ပြီး စာသင်ခန်းဘက် လျှောက်နေစဉ်မှာ သက်မှူးကလည်း မိုးဦးတို့နောက် တစ်ကောက်ကောက် လိုက်လာသဖြင့် အနည်းငယ်တော့ စိတ်ကျဉ်းကျပ်သွားသည်။ သက်မှူးနဲ့ မိုးဦးတို့မှာ တတိယနှစ်ချင်းတူသောကြောင့် အင်္ဂလိပ်စာဘာသာရပ်တွင် ကြိုက်တဲ့အတန်းကို တက်ခွင့်ရှိနေသည်။ မိုးဦးတို့အတန်းက အင်္ဂလိပ်စာဆရာမမှာ အသင်အပြ အလွန်ကောင်းသဖြင့် တခြားမေဂျာမှ လူများကလည်း အင်္ဂလိပ်စာအချိန်တွင် မိုးဦးတို့ အတန်းမှာ လာတက်တတ်သည်။ မိုးဦးရင်ထဲမှာတော့ မိုးဦးတို့အတန်းက အင်္ဂလိပ်စာကို သက်မှူး လာတက်တာမျိုးပဲ ဖြစ်စေချင်သည်။ ထိုသို့ ဖြစ်စေချင်သော ဆန္ဒကြောင့် မိုးဦးရင်ထဲမှာ

http://cyberbooks.myanmarchat.org



တစ်ခုခုကို ခံစားနေ ရသည်။ ဘယ်လို ခံစားမှုမျိုးလဲ ဟုလည်း ဝေခွဲမရ။

* * *

http://cyberbooks.myanmarchat.org



အဆောင်ရဲ့ ရေချိုးကန်မှာ လူစုံချိန် ၂ ချိန်ရှိသည်။ တစ်ချိန်က မနက်ကျောင်းသွားခါနီး ရေချိုးခြင်း ဖြစ်သောကြောင့် စည်ကားသည်။ သို့သော် ကျောင်းတက်ခါနီးအချိန် ရေချိုးသောကြောင့် တစ်ယောက်နှင့်တစ်ယောက် စကားပြောချိန်မရဘဲ မြန်မြန်ချိုးကာ မြန်မြန်ပြီးရသည်။ ဒုတိယရေချိုးစည်ကားသော အချိန်က ညနေ ၃ နာရီခွဲလောက်ဖြစ်သည်။ ထိုအချိန်မှာ ခေါင်းလျှော်ရင်း၊ အဝတ်လျှော်ရင်း၊ တစ်ယောက်ကျောကုန်းတစ်ယောက် ချေးတွန်းပေးရင်း၊ စနောက်ရင်း၊ ကျောင်းမှာကြုံခဲ့၊ ကြားခဲ့သော သတင်းစကားများကို ပြောရင်း ဆူညံနေတတ်သည်။

ထိုနေ့က မိုးဦးတို့ ၄ ယောက်စလုံး အတူတူရေဆင်းချိုးကြသည်။ ခေါင်းလျှော်ရည်ထုပ်လေးတွေ ခေတ်စားစပြုပေမဲ့ လဲ့လဲ့နဲ့ မော်ကြီးက အဆောင်ရှေ့ လာရောင်းသော တရော်နဲ့ ကင်ပွန်းသီး အထုပ်ကို ဝယ်လာကာ ခေါင်းလျှော်ကြသည်။ မိုးဦးနဲ့ နွယ်ချိုက မနေ့ညက ဝတ်ထားသော အင်္ကျီများကို အဝတ်လျှော်ခုံမှာ အတူတူ ဖွပ်နေခဲ့သည်။

အဲဒီအချိန်မှာ သန်းသန်းအေး၊ ခင်လေးနွယ်၊ ခင်လေးသွယ်တို့ အုပ်စုလိုက် ရေချိုးဆောင်ထဲဝင်လာသည်။

http://cyberbooks.myanmarchat.org



"သက်မှူး အဲဒီကောင်မလေးနဲ့ ငြိသွားတာက ကောင်မလေးက သက်မှူးအဆောင်ထိ လိုက်သွားပြီး မိတ်ဆက်လို့တဲ့ဟ"

"နွယ်နီလား၊ သူကတော့ ရည်းစားတွေ တစ်ယောက်ပြီး တစ်ယောက်ထားတာဟဲ့၊ သူ့ရုပ်ကလည်း ချောတာကိုး"

ထိုစကားများကြားတော့ မိုးဦးရင်ထဲ တထိတ်ထိတ် ဖြစ်သွားသည်။ နွယ်ချိုနဲ့ မိုးဦးလည်း အမှတ်မထင် အကြည့်ချင်း ဆုံသွားသည်။

"ဟော့ . . . သန်းသန်းရေ နင်ကြိုက်နေတဲ့ သက်မှူးတော့ နွယ်နီနဲ့ ငြိသွားပြီ၊ ငါ ကန်သုံးဆင့်ထဲမှာ သူတို့နှစ်ယောက် ပုခုံးဖက်ပြီး စကားပြောနေတာ တွေ့ခဲ့တယ်"

"အေးဟယ် ငါလည်း ဒီနေ့ အဲဒီသတင်းကြားလို့ အသည်းကွဲနေတာ။ ဒီနေ့ ညနေစာ ထမင်းမစားတော့ဘူး"

သန်းသန်းအေး စကားကြောင့် အားလုံးက ဝိုင်းရယ်ကြသည်။ မိုးဦးရင်ထဲက လေးလံနေမှုက သူတို့ရယ်သံများကြောင့် ပေါ့ပါးသွားသလို ရှိခဲ့ပေမဲ့ တကယ်တမ်း ပေါ့ပါးမသွားခဲ့။

"အံမယ် သန်းသန်းအေးရယ်၊ ဒီညနေ ငါးသေတ္တာငါးချက်တာ မို့လို့ နင်မစားချင်လို့ ပြောတာမဟုတ်လား။ နင့်ရုပ်လား အသည်း ကွဲတဲ့ရုပ်"

လွင်လွင်ချိုက ဝင်လာရင်း ဒီညနေ ဟင်းအကြောင်းကို စကားလွှဲလိုက်သည်။ တကယ်ပဲ လွင်လွင်ချိုက ရေချိုးဆင်းလာတိုင်း ဘာဟင်းချက်သလဲလို့ စားဖိုဆောင်မှာ နေ့တိုင်း ဝင်မေးတတ်သည်။ သူ ကြိုက်တတ်သည့်ဟင်း (ဘာဟင်းချက်ချက် အဆောင်သူတိုင်း ကြိုက်ကြရပေမဲ့ ငါးသေတ္တာငါးလို့ခေါ်တဲ့ ပင်လယ်ငါးကို ကြော်ကြော်ချက်ချက် အဆောင်သူတိုင်း မစားချင်ကြတော့။) ချက်လျှင် မြန်မြန်ချိုး ထမင်းစောစောစားရအောင် လောဆော်တတ်သည်။ သူဘယ်လိုပဲ လောဆော်လောဆော် ဟင်းက တစ်ခွက်ပဲ ရသည်။

http://cyberbooks.myanmarchat.org



ထို ဟင်းကလည်း ပွဲ ၂၀၀ အချိုးကျ ပြင်ပြီးသား၊ ဟင်းခွက်တစ်ခွက်မှ တစ်ကျပ်သားမပိုအောင် ညီတူညီမျှ ထည့်ပြီးသား၊ တစ်ခုတော့ရှိသည် ဟင်းဖတ်ကောင်းကောင်း ရွေးချယ်နိုင်သည်။ ဒီအခွင့်အရေး တစ်ခုပဲ ရှိသည်။

မိုးဦးတို့ အုပ်စုကလည်း ငါးသေတ္တာငါးချက်လျှင် ထမင်းဆင်း မစားတတ်တော့။ အဆောင်ရှေ့မှာ လာရောင်းသော ၅ ကျပ်တန် ထမင်းတစ်ထုပ်နှင့် လေးယောက်သား အိမ်ကကြော်ပေးသည့် ငရုတ်သီး ကြော်၊ ငါးပိကြော်၊ လက်ဖက်သုပ်တို့နှင့် ဖြစ်သလို စားတတ်ခဲ့သလို အဆောင်ပိတ်ဖို့ တစ်နာရီခန့် လိုသေးလျှင် ထမင်းဆိုင်တွေမှာ သွားစား တတ်ခဲ့သည်။

မိုးဦးဘေးမှာ အဝတ်လာလျှော်နေသည့် ကောင်မလေးနှစ် ယောက်ကလည်း သက်မှူးနဲ့ နွယ်နီအကြောင်းကို ပြောနေသည်။ ဒီသတင်းကြီးဟာ တော်တော်ပဲ ကြီးကျယ်နေသလား၊ လူတွေအတွက် တော်တော် စိတ်ဝင်စားဖို့ ကောင်းနေပြီလား၊ မပြောတတ်။ ရေလာ ချိုးတဲ့ ကျောင်းသူတိုင်း အော်ဟစ်ကာ ပြောတာတစ်မျိုး၊ ခပ်အုပ်အုပ် ပြောတာ တစ်မျိုးဖြင့် သက်မှူး ဆပ်ပြာပူဖောင်းများ ဖောင်းပွနေ ခဲ့တော့သည်။

နွယ်ချိုက ခပ်သွက်သွက်ရေတွေ လောင်းချပြီး အဝတ်ကို မြန်မြန်ပြီးအောင် လျှော်တော့ မိုးဦးလည်း မြန်မြန်လိုက်လုပ်ရသည်။ ပြီးတော့ အေးအေးဆေးဆေးပင် ဇိမ်ယူပြီး ရေမချိုးမိဘဲ အခန်းကို မြန်မြန်ပြန်လာခဲ့သည်။

မြန်မြန်ဆန်ဆန် ပြန်လာတာကြောင့် ကိုယ်လျှော်ခဲ့တဲ့ အဝတ် တွေ မေ့ကျန်ခဲ့တာကို လဲ့လဲ့နဲ့မော်ကြီးက ယူလာပြီး လှန်းပေးခဲ့ရသည်။

"မိုးဦး မိုးဦး နင့်ရင်ထဲ ဗလောင်ဆန်သွားတယ် မဟုတ်လား။ ဟို ငတုံးမ ကရော ဘာဖီလင်တွေ တက်နေရတာတုံး။ ကလေး

http://cyberbooks.myanmarchat.org



ကလေးလို နေစမ်း”

လဲ့လဲ့က ခပ်ရိပ်ရိပ် ရိသွားတာကို မိုးဦးရော နွယ်ချိုပါ ဘာမှပြန်မပြောဖြစ်။ မိုးဦးက မသိချင်ယောင်ဆောင်ကာ ဥရောပစာပေ စာအုပ်ကို ဆက်ဖတ်နေဖြစ်သည်။

“အခု တစ်နာရီကျော်ကျော် အချိန်ရသေးတယ်။ ထမင်း သွားစားမယ်ဟာ။ ဆိုင်မှာ မစားရတာကြာပြီ၊ ငါးပိရည်လေးကို လွမ်းတယ်၊ သွားမယ်နော် မိုးဦး”

မော်ကြီးက မိုးဦးကို စိတ်အပြောင်းအလဲဖြစ်အောင် ထမင်းစား ခေါ်သည်။ မိုးဦးမလိုက်ချင်တော့။ ဒါပေမဲ့ သူငယ်ချင်းတွေအမြင်မှာ မိုးဦးရုပ် မပျက်ခင်။ နွယ်ချိုကတော့ အဝတ်အစားပင် လဲလှယ်ပြီးပြီ။ နွယ်ချိုရဲ့ ပါးကွက်ထူထူကြီးကို ကြည့်ပြီး မိုးဦးစိတ်တွေလည်း သန့်ရှင်း သွားသလိုဖြစ်သွားခဲ့သည်။ အမြဲလို သနပ်ခါးလိမ်းဖို့ပျင်းတဲ့ မိုးဦးနဲ့ မော်ကြီးက နေဗီယာစနိုးလေးကို ခပ်ပါးပါးလိမ်းပြီး အဆောင်နေရင်း ဝတ် ရှပ်အင်္ကျီနဲ့ပဲ ထမင်းစားရန် သွားမိသည်။

မိုးဦးရင်ထဲမှာ ထင့်နေသည်။ သက်မှူးနဲ့ နွယ်နီအတွဲကို မမြင်ရသဖြင့် စိတ်လက်ပေါ့ပါးစွာ ခရမ်းပြာဆိုင်မှာ လက်ဖက်ရည် ဝင်သောက်ပြီး အဆောင်သို့ ခပ်သုတ်သုတ် ပြန်လျှောက်ရသည်။ အချိန်က ၆ နာရီထိုးဖို့ ၁၀ မိနစ်ဖြစ်နေပြီ။ ၆ နာရီ ဒေါင်ထိုးတာနဲ့ မိုးဦးတို့ ယုဇနဆောင်ရဲ့ ဘာဂျာတံခါးက ဂျိမ်းကနဲ ပိတ် သော့ခတ်သွား တော့မည်။ ၅ မိနစ်ပင် အစွန်းထင်းမခံ။ ၆ နာရီထက် နောက်ကျသူ များမှာ အဆောင်မှူးအခန်းမှ ဝင်ရမည်။ အဆောင်မှူးအခန်းမှ ဝင်လျှင်တော့ အဆူအပြောလေးတော့ ဧကန်မလွဲခံရလိမ့်မည်ဟု အဆောင်သူတချို့ ပြောတာ ကြားဖူးသည်။

*    *    *

http://cyberbooks.myanmarchat.org

# အရိုင်းအစိုင်း

ထိုနေ့က လဲ့လဲ့နဲ့မော်ကြီးမှာ အိမ်မှလူကြုံပို့လိုက်သော ပိုက်ဆံနှင့် ဟင်းပုလင်းများယူရန် ကားဂိတ်သို့သွားကြရမည်။ နွယ်ချိုကလည်း မြို့ထဲရှိ အစ်မဝမ်းကွဲထံသို့ရောက်နေသော ပိုက်ဆံနှင့် ဟင်းပုလင်းများ သွားယူရန် ရှိသည်ဟုဆိုကာ လဲ့လဲ့တို့နှင့် လိုက်သွားသည်။ မိုးဦးအိမ် ကတော့ ပိုက်ဆံနှင့် အခြားအစားအသောက်များကို အဆောင်ထိ လူကြုံဖြင့် ပို့သဖြင့် နွယ်ချိုတို့လို သွားယူစရာမလို။ အတန်းချိန် ဖျက်ပြီးသွားကြဖို့ ပြင်တော့ နေ့လယ်စာအားလပ်ချိန် မတိုင်မီ အင်္ဂလိပ်စာအချိန် ဖျက်ပြီး သွားကြသည်။ ကျောင်းသားတိုင်း အတန်းချိန်ဖျက်ဖို့ပြင်တိုင်း အင်္ဂလိပ်စာ အချိန်ကို ဖျက်ကြသည်။ မေဂျာဘာသာတွေက နားမလည်လို့ မဖြစ်ဘူးတဲ့၊ အင်္ဂလိပ်စာကတော့ ရှိုးလို့ရသတဲ့။ အောင်မှတ် ရအောင်တော့ နံထောက်ဖြေလို့ ရသတဲ့ ဆိုပြီး အတန်းဖျက်ကြသည်။ Roll call ခေါ်တဲ့နေ့ကလွဲလို့ အင်္ဂလိပ်စာအချိန်ဆို တစ်ရာကျော်ရှိတဲ့ ကျောင်းသားက သုံးဆယ် လောက်ပင် မတက်ချင်။ ဆရာမကြီးကလည်း အင်္ဂလိပ်လိုသာ ပြော သင်တတ်တော့ ကျန်တဲ့ကျောင်းသားတွေက နားမလည်ဘူးဆိုကာ

http://cyberbooks.myanmarchat.org



မတက်ကြခြင်းလည်းဖြစ်သည်။ အဲဒီအချိန်ဆို မေဂျာမှာ အတန်းတက်ချိန် မမှန်တဲ့ ကျောင်းသားဇော်မိုးသန်းက ဆရာမနဲ့ အင်္ဂလိပ်လို အပြန်အလှန်ပြောပြီး နေတတ်သည်။ ဇော်မိုးသန်းက ဂျူးရဲ့ 'မြစ်တို့၏ မာယာ'ထဲက ကိုမိုးဝေကို သဘောကျပြီး တိုးရစ်ဂိုက်ဖြစ်ချင်သူတစ်ဦးပင်ဖြစ်သည်။ မိုးဦးကတော့ ဆရာမနဲ့ ဇော်မိုးသန်းတို့ အပြန်အလှန်ပြောတဲ့ အင်္ဂလိပ်စကားကို နားလည်အောင် ကြိုးစားနားထောင်ရတာကို ကြိုက်သောကြောင့် အင်္ဂလိပ်စာချိန်ဆို အတန်းမပျက်ခဲ့။

မေဂျာ ဝမ်း၊ တူး၊ သရီး ပြီးသွားချိန်မှာ လဲ့လဲ့၊ မော်ကြီးနဲ့ နွယ်ချိုတို့ မြို့ထဲသို့ သွားကြပြီ။ မိုးဦးတစ်ယောက်တည်းသာ အင်္ဂလိပ်စာ အတန်းတက်နေမိသည်။ အင်္ဂလိပ်စာချိန်ပြီးတော့ နေ့လယ်စာ စားချိန်မှာ မိုးဦးက စားနေကျကင်တင်းသို့သွားပြီး ထိုင်နေကျခုံမှာ နေရာယူရင်း ထမင်းကြော်စားနေခဲ့သည်။ ထိုအချိန်မှာ ကင်တင်းသို့ သက်မှူးဝင်လာတာကို ရိပ်ကနဲ တွေ့လိုက်သောကြောင့် ခေါင်းငုံ့ရင်း ဆက်စားနေမိသည်။ ဒီတစ်ခါ သက်မှူးက မိုးဦးရဲ့ မျက်စိထောင့်စွန်းမှာ ရှိမနေပဲ မျက်ဝန်းရှေ့တည့်တည့်မှာ ရှိနေသည်ဟု စိတ်ထဲထင်မိသောကြောင့် မျက်ဝန်းကို လှန်ကြည့်လိုက်တဲ့အခါ မိုးဦးကို စူးစူးနစ်နစ် ငေးမောနေသည့် သက်မှူးကို တွေ့လိုက်ရသည်။ နှလုံးခုန်သံများ လှုပ်ခတ်သွားသော်လည်း ဣန္ဒြေမပျက် ငုံ့ကာ ဆက်စားနေမိတော့သည်။ မဖြစ်နိုင်တာဟု မိုးဦးဘာသာ စိတ်ထဲက အခါခါငြင်းရင်း ထမင်းလုံးစေ့များကို ဝါးဖို့ပင် အင်အားမရှိသလို ခံစားမိသည်။

“ငါ့ဟာငါ အေးအေးနေပါရစေ နင် မနှောင့်ယှက်ပါနဲ့”လို့ စိတ်ထဲမှာ ပြောနေမိပေမဲ့ ဇွန်းခက်ရင်းကို ကိုင်ထားတဲ့ လက်ချောင်းများက နွမ်းနယ်လွန်းစွာ ဘာကိုမျှ ဆုပ်ကိုင်ထားချင်စိတ် မရှိတော့။ မိုးဦးရဲ့ နှုတ်ခမ်းများနဲ့ မျက်ဝန်းများ ကိုတော့ ပကတိဖြူလုနီးနီး

http://cyberbooks.myanmarchat.org



ဖြစ်အောင် ဟန်ဆောင်ထားရသည်။

"ငါက နင်တို့လို ရှုပ်ရှုပ်ပွေပွေစရိုက်ရှိတဲ့ သူမျိုးကို အပေါင်းအသင်းတောင် လုပ်ချင်တာ မဟုတ်ဘူး။ နင်ငါ့ကို နင့်အရှုပ်ထုပ်ထဲက မိန်းကလေးတွေလို မဆက်ဆံပါနဲ့" မိုးဦးရင်ထဲက ငြင်းပယ်နေတဲ့ စကားသံတွေကို မကြားနိုင်တဲ့သက်မှူးက မိုးဦးကို ခပ်ပြုံးပြုံးလေး စိုက်ကြည့်နေပြန်သည်။ ငုံ့ထားတဲ့ မျက်လွှာကိုပင့်တိုင်း ဝင်ဝင်လာတဲ့ သက်မှူးအရိပ်ကြောင့် မိုးဦးမှာပိုပြီး အနေအထိုင်ခက်ရသည်။ ချက်ချင်း သက်မှူးကို ကျောခိုင်းနေသည့် ခုံသို့ ပြောင်းထိုင်လိုက်ချင်ပေမဲ့ သိပ်ပြီး သည်းသည်းလှုပ်သွားတယ် ထင်မှာစိုးလို့ ပြောင်းမထိုင် ဖြစ်ခဲ့ချေ။ မိုးဦးရဲ့စိတ်ရှုပ်ထွေးနေမှုက ဟန်မဆောင်တတ်သော မိုးဦးမျက်နှာမှာ တဖြည်းဖြည်းပေါ်လွင်လာတော့ သက်မှူးလည်း အားနာသွားပုံရသည်။ သူ့တွင်ပါလာသော မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ကောက်လှန်ကာ ခေါင်းငုံ့စာဖတ်နေတော့သည်။

သက်မှူးခေါင်းငုံ့စာဖတ်နေတုန်းမှာပဲ မိုးဦးက စားလက်စ ထမင်းကြော် ပန်းကန်အောက်တွင် ပိုက်ဆံထားခဲ့ကာ ကသောကမျော အတန်းသို့ ပြန်ပြေးလာခဲ့သည်။

ထိုအကြောင်းကို မိုးဦး ဘယ်သူ့ကိုမှ မပြောဖြစ်ခဲ့။ သက်မှူးနှင့် ပတ်သက်၍လည်း စိတ်မလှုပ်ရှားချင်။ မေမေကလည်း မိုးဦးကို စိတ်လှုပ်ရှားခွင့်ပေးမှာမဟုတ်။

မတူညီနိုင်တဲ့ စိတ်တစ်ခုဟာ အမြဲတမ်းတညီတညွတ်တည်း ဖြစ်ဖို့ ခက်ခဲလိမ့်မည်။ ဒီလိုပဲ မတူညီတဲ့ စရိုက်နှစ်ခု၊ မတူညီတဲ့ တန်ဖိုးထားမှုတွေကြောင့် အချစ်ဆိုတာ ဖြစ်တည်ခဲ့လျှင်တောင် ထိုအချစ်သည် တစ်ဘဝစာလုံးအတွက် ဖြစ်နိုင်မည်မဟုတ်။ တစ်ဘဝစာလုံးအတွက် အချစ်က မတည်မြဲနိုင်ဘူးဆိုလျှင် ထိုအချစ်ကို အစကတည်းက မစခဲ့တာက ပို၍ ကောင်းလိမ့်မည်။ တစ်ခဏတာအတွက်

http://cyberbooks.myanmarchat.org



အသည်းနှလုံးကို ရင်း၍ နှစ်နှစ်ကာကာ ချစ်လိုက်ဖို့ဆိုလျှင် အရှုံး၊ ကြေကွဲမှု၊ နာကျင်မှု၊ အလွမ်း တို့သာ ကျန်ရစ်ခဲ့လိမ့်မည်။ မည်သူမဆို ရှုံးချင်ပါ့မလဲ၊ ကြေကွဲချင်ပါမလဲ၊ နာကျင်ချင်ပါ့မလဲ၊ ဒီလိုပဲ လွမ်းချင်ပါ့မလဲ။ အချစ်ကို မမွေးဖွားမီ အချစ်ကို သတ်ပစ်လိုက်ဖို့သာ ဆုံးဖြတ်မိတော့သည်။

* * *

http://cyberbooks.myanmarchat.org



ထိုနေ့က လဲ့လဲ့၊ မော်ကြီးနဲ့ နွယ်ချိုတို့ သုံးယောက်သား ပြည်စွယ်တော် ဘုရားပွဲသို့ အဆောင်ရှိ ပြည်သူ သန်းသန်းအေး၊ ခင်လေးသွယ်၊ ခင်လေးနွယ်တို့ရဲ့ ပြည်သို့ အလည်အပတ်ခေါ်သွားမှုကြောင့် မိုးဦးမှာ တစ်ယောက်တည်း ကျောင်းတက်ရသည်။ မိုးဦးက မေမေ့ထံ ခွင့်မတောင်းရဲသောကြောင့် မလိုက်သွားဖြစ်ချေ။ လဲ့လဲ့တို့က ငါ့တို့လည်း အခုခိုးသွားတာပဲ ဘာဖြစ်လဲ။ ဖြစ်လာတဲ့ ပြဿနာ နောက်မှ ရှင်းမယ်၊ လိုက်ခဲ့၊ ကြုံခဲတယ်လို့ ခေါ်ပေမဲ့ မလိုက်ရဲခဲ့။ မေမေနဲ့ပတ်သက်ရင် ချက်ချင်းပဲရှင်းရှင်း၊ နောက်မှ ရှင်းရှင်း၊ မရှင်းချင်။ ငါ့အမေအကြောင်း ငါသိတယ် မလိုက်တော့ဘူးဟာလို့ အတင်းငြင်းဆန်တော့မှ ကျန်ရစ်ခွင့်ရခဲ့သည်။

ပြည်စွယ်တော်ပွဲက မည်မျှကြီးကျယ်ခမ်းနားစည်ကားသည် မသိ။ အဆောင်ရှိ ပြည်သူများ၏ ဖိတ်ခေါ်မှုကြောင့် အဆောင်သူအားလုံးနီးပါး သွားကြသည်။ ကျောင်းသူ ၁၅၀ ခန့် သွားသဖြင့် အဆောင်မှာ အတော်ပင် တိတ်ဆိတ်ကျန်ခဲ့သည်။ အိပ်ခန်းဆောင်မှူး ဆရာမ သုံးယောက်ပင် ပြည်သူအချို့၏ ဖိတ်ခေါ်မှုကြောင့် ပါသွားခဲ့သည်။ အဆောင်တွင်သာ တိတ်ဆိတ် ကျန်ခဲ့သည်မဟုတ်၊ တစ်ကျောင်းလုံးလည်း တိတ်ဆိတ်ကျန်ခဲ့တော့သည်။

http://cyberbooks.myanmarchat.org



မိုးဦးတို့အတန်းမှာလည်း သုံးပုံတစ်ပုံလောက်သာ အတန်းတက်ကြသည်။ ဆရာ၊ ဆရာမများကတော့ စာသင်မပျက်ခဲ့။ ထိုနေ့တစ်နေ့လုံး မိုးဦးတစ်ယောက်တည်းသာ အတန်းတက်ရင်း အချိန်ကုန်နေခဲ့သည်။ နေ့လယ် မုန့်စားဆင်းချိန်မှာလည်း မိုးဦးတစ်ယောက်တည်း ကင်တင်းသို့ ဆင်းခဲ့သည်။ သက်မှူးကို တွေ့နေဦးမယ်ဟု စိတ်ထဲထင်နေပေမဲ့ သက်မှူး ထိုဆိုင်လေးသို့ မလာသည်မှာ တစ်ပတ်ခန့် ရှိပြီဖြစ်တဲ့အတွက် သိပ်စိတ်လှုပ်ရှားမှု မဖြစ်ခဲ့။ မိုးဦး တစ်ယောက်တည်း သွားရဲလာရဲ ဖြစ်လာသည်။ တစ်ယောက်တည်း သွားရလာရတာလည်း ပိုလွတ်လပ်သည်။ လမ်းသွားတိုင်း ဘယ်သူ့ကိုမှ မကြည့်ဘဲ ခေါင်းငုံ့၍ ခပ်သုတ်သုတ်လျှောက်တတ်သော အကျင့်ပင် ရလာသည်။

အတန်းဆင်းပြီးတိုင်း နံရံကပ်စာစောင်များမှ ကာတွန်း၊ ကဗျာ၊ ရသစာတမ်းများကို တမေ့တမော သွားဖတ်တတ်နေပြီ။ ဆရာမလာသည့်အချိန်များ၊ အတန်းလွှတ်ချိန်များတွင် စာကြည့်တိုက်မှ မဂ္ဂဇင်းများကို ခေတ္တထိုင်ဖတ်နေတတ်သည်။ သို့မဟုတ်လျှင် အဆောင်ပြန်ကာ အခန်းအောင်းစာဖတ်နေခဲ့တော့သည်။

မိုးဦးတို့ အုပ်စုက အဆောင်ပြန်တိုင်း တာလမ်းလေးအတိုင်း မပြန်ဘဲ ပင်မဆောင်၏ နောက်ဖေးပေါက်မှ ထွက်၍ ပြန်တတ်ခဲ့သည်။ ထိုနေ့ကလည်း မိုးဦးတစ်ယောက်တည်း ပင်မဆောင် ဘေးတံခါးပေါက်မှဝင်လာပြီး လမ်းလျှောက်လာစဉ်တွင် မထင်မှတ်ဘဲ သက်မှူးကိုတွေ့သည်။ မိုးဦးတို့အုပ်စုက သက်မှူးကို လက်ဖက်ရည်ဆိုင်တွင်သာ တွေ့ဖူးသည်။ တစ်ခါမှ လမ်းလျှောက်ရင်း မတွေ့ဖူးခဲ့။

"မိမိုး"

သက်မှူးက မိုးဦးရှေ့တွင် ပိတ်ရပ်ရင်း မိမိုးလို့ ခေါ်လိုက်တော့ တကယ်ပင် လန့်ဖျပ်သွားခဲ့သည်။ တော်ပါသေးရဲ့ ပတ်ဝန်းကျင်က

http://cyberbooks.myanmarchat.org


တိတ်ဆိတ်သလို ကျောင်းသားအသွားအလာလည်း ကျဲပါးလွန်း နေသည်။ တစ်ယောက်စ နှစ်ယောက်စသာ အသွားအလာရှိပြီး ထိုသူများကလည်း မစပ်စုသောကြောင့် တော်သေးသည်။ မိုးဦးက ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီကြည့်ရင်း တကယ်ပင် ကြောက်လန့်ကာ ခြေဖျားလက်ဖျားများ အေးစက်လာခဲ့သည်။ သူလို လူမျိုးကို ကြောက်လန့်ပြီးသား။

"ဟို ဟို ကျွန်မ သွားပါရစေ"

မိုးဦးက ပြောပြောဆိုဆို ရှေ့တစ်လှမ်းတိုးတော့ သက်မှူးက ခြေတစ်လှမ်းနောက်ဆုတ်သွားသည်။

"မိမိုးနဲ့ စကားနည်းနည်းပြောချင်လို့ပါ။ အချိန်နည်းနည်း ပေးပါလား"

မိုးဦး ရင်ထဲမှာ ရှက်စိတ်၊ ကြောက်ရွံ့စိတ်တို့သာ လွှမ်းမိုး နေသည်။ မဖြစ်နိုင်တာ၊ မဖြစ်နိုင်တာဟု တစ်ထစ်ချ ယုံခဲ့သော စိတ် ကြောင့် စိတ်ထဲမှာလည်း ထိုအဖြစ်အပျက်ကို ခါးသီးနေခဲ့သည်။ တခြားမိန်းကလေးတွေတော့ မပြောတတ်၊ မိုးဦးကတော့ စတွေ့ ကတည်းက လန့်ပြီးသား သူ့ကို ရှောင်ဖယ်ချင်သည်။ ဖြစ်နိုင်လျှင် လုံးဝ မပတ်သက်ချင်။ ထိုလိုလူမျိုး၏ လှည့်စားခြင်းကိုလည်း မခံလိုပေ။ ကိုယ့်ပတ်ဝန်းကျင်တွင် ကြားနေရသော သတင်းစကား များကြောင့် မိုးဦးကို လာ၍စော်ကားသည်ဟုပင် ထင်သည်။ သူလိုလူက စလာသောကြောင့် မိုးဦး အရည်ပျော်ရတော့မည်လား မဖြစ်နိုင်။

"ကျွန်မမှာ ရှင်နဲ့ ပြောစရာ စကားတစ်ခွန်းမှ မရှိဘူး၊ ဖယ်ပါ။ ရှင်လိုလူနဲ့ ပတ်သက်ရင် ကျွန်မမှာ လုံးဝနစ်နာတယ်"

မိုးဦးရဲ့ ရင့်ရင့်သီးသီး စကားများကြောင့် သက်မှူးက မျက်လုံး အကြောင်သားဖြင့် မိုးဦးကိုငေးနေသည်။ သက်မှူးနှုတ်မှ "ခင်ဗျာ" ဟူသော အာမေဋိတ်သံလေးက သူ့ကိုယ်သူ တုန်လှုပ်သွားမှုကို

http://cyberbooks.myanmarchat.org



ပြနေသည်။ မိုးဦးရဲ့ မျက်ဝန်းမှာလည်း ဒေါသကြောင့်လား၊ ဝမ်းနည်းရိပ်ကြောင့်လားမသိ မျက်ရည်ဝိုင်းနေသည်။ မိုးဦးရဲ့ တင်းတင်းစေ့ကပ်ထားသော နှုတ်ခမ်းပါးတစ်စုံက မကျေနပ်မှုကို ပေါ်လွင်နေစေခဲ့သည်။

မိုးဦး မျက်နှာပြင် အရိပ်အကဲကိုကြည့်ရင်း သက်မှူးက မိုးဦးရှေ့မှ ခြေတစ်လှမ်း ဘေးတိုးရင်း မိုးဦးကို ဖြတ်ကျော်လျှောက်သွားသည်။

ခပ်လှမ်းလှမ်းမှ အကဲခတ်နေသော ကျောင်းသူတစ်စုက မိုးဦးဖြတ်ကျော်လျှောက်သွားစဉ် မိုးဦး မျက်နှာကို စေ့စေ့လိုက်ကြည့်နေသောကြောင့် ခေါင်းကို ပိုငုံ့၍ လျှောက်လိုက်ရသည်။ ထိုမိန်းကလေးအုပ်စု၏ စပ်စုတဲ့အကြည့်ကို မြင်ယောင်ရင်း မိုးဦးတစ်ယောက်တည်း အရှက်သည်းနေခဲ့သည်။ ဒီသတင်းဟာ တစ်ကျောင်းလုံးသို့ မပျံ့နိုင်ဘူးလို့ ဘယ်သူ အာမခံနိုင်မှာလည်း။ နစ်နာစရာရှိလျှင် မိုးဦးသာ နစ်နာနိုင်သည်။ သက်မှူးက ယောကျ်ားလေးလည်းဖြစ်ပြန်၊ အဆိုတော်တစ်ယောက် ဖြစ်ပြန်ဆိုတော့လေ။

* * *

http://cyberbooks.myanmarchat.org



ပြည်စွယ်တော်ပွဲက ပြီးသွားပြီ။ အဆောင်သို့ ကျောင်းသူများ တစ်စုတဝေးတည်း ပြန်လာပုံရသည်။ ရထားဆိုက်ချိန်အပြီးမှာ ကျောင်းသူများ အုပ်စုလိုက် အုပ်စုလိုက် တပျော်တပါးပြန်လာကြသည်။ လဲ့လဲ့တို့အဖွဲ့က ပြန်မရောက်သေး။ မိုးဦးအခန်းမှာ ပြည်လက်ဆောင်ဖြစ်တဲ့ ခရမ်းချဉ်သီးယို၊ ကတွတ်ယို၊ ချဉ်ပေါင်ယို၊ ချဉ်ပေါင်ဖူးယို၊ ဇီးယိုစသဖြင့် ယိုထုပ်ပေါင်း ၈ ထုပ်ပင် လက်ဆောင်ရနေပြီ။

"ဟေ့ မိုးဦး နင်တို့ဘော်ဒါ လဲ့လဲ့ရော မော်ကြီးရော၊ စွံခဲ့ကြပြီ သိလား"

ခရီးဆောင်အိတ်ကို မနိုင့်တနိုင် ဆွဲလာရင်း သန်းသန်းအေးက သတင်းပေးသည်။

"သူတို့ရော နင်တို့ ရထားနဲ့ ပါလာသလား"

မိုးဦးကလည်း သန်းသန်းအေးရဲ့ အထုပ်ကို ကူဆွဲပေးရင်း အခန်းကို လိုက်ပို့သည်။ အဆောင်သူအချင်းချင်း ညီအစ်မသဖွယ် ကူညီမှုကြောင့် မိုးဦးပင် တစ်ယောက်တည်း သီးသန့်ဆန်ဆန် မနေတတ်တော့။ လူဆိုတာက ကိုယ့်ကို အကြင်နာပေးခံရမှ ကိုယ်က အကြင်နာ ပြန်ပေးတတ်သည်။ ထိုသဘောတရားကို မိုးဦး ယခုမှ နားလည်တတ်သည်။

http://cyberbooks.myanmarchat.org



"ပါလာပါတယ်တော်၊ မခွဲနိုင် မခွာရက်ဖြစ်ပြီး ကိုကိုတွေနဲ့ အတူပြန်ဖို့ ကားငှားနေကြတယ်။ ငါတို့ကတော့ ဆိုက်ကားနဲ့ပဲ လစ်လာတာ။ အဲဒီ့အထဲမှာ နွယ်ချိုကတော့ ကန့်လန့်ကန့်လန့်နဲ့။ သူကတော့ မစွံခဲ့ဘူးဟဲ့"

နွယ်ချို မစွံခဲ့ဘူးကြားတော့ မိုးဦးမှာ ပြုံးမိသေးသည်။ သူလို လူလား စွံမှာ။ ဘယ်တော့မှ အောက်ကျို့မခံ၊ လူတွေကို အကောင်း သိပ်မမြင်တတ်၊ ကိုယ့်ကမ္ဘာနဲ့ကိုယ် ပျော်ရွှင်နေတတ်သူများပီပီ ပတ်ဝန်းကျင်ကို အာရုံမထား၊ အာရုံထားရကောင်းမှန်းလည်း မသိ။ ကိုယ်ထင်မိရာ မြင်မိရာကို နှစ်သက်စွဲလမ်း၊ ဒါမှမဟုတ် ခါးသီး မုန်းတီးနေတတ်လျှင် မုန်းတီးနေတတ်သောကြောင့်ဖြစ်သည်။ ထိုနေရာ တွင် မိုးဦးနဲ့ နွယ်ချိုက အခြေခံအချက်ချင်း သိပ်တူသည်။

သန်းသန်းအေးအခန်းမှာ အထုပ်တွေချပြီးတော့ အခန်းက ပြန်အထွက်မှာ မိုးဦးအတွက် ယိုတစ်ဘူးပေးပြန်သည်။ နင်တို့ယိုတွေ ထဲမှာ ချဉ်ပေါင်ဖူးယို အကောင်းဆုံးပဲ၊ အဲဒါပဲ ငါ့ကိုပေးဆိုတော့ သန်းသန်းအေးက ရယ်မောရင်း ချဉ်ပေါင်ဖူးယို တစ်ဘူးပေးသည်။ ပြီးတော့ ပြည်လက်ဆောင်နောက်တစ်မျိုးဖြစ်တဲ့ တောင်ပေါ် လက်ဖက်ထုပ်လေးများ ပေးသေးသည်။ ထိုလက်ဖက်ထုပ်များက ပြည်၊ ရွှေတောင်၊ ပေါင်းတည်စတဲ့ မြို့များမှာသာ စားကြခြင်းဖြစ်သည်။ ကောက်ညှင်းထုပ်ကဲ့သို့ ထုပ်ထားပြီး ရေနဲ့ အမြဲစိမ်ထားရသော လက်ဖက်ထုပ်များဖြစ်သည်။ မသုပ်တတ်ပါက ရေစိမ်ထားသော အနံ့ထွက်သဖြင့် မိုးဦးတို့ သုပ်မစားတတ်။

"နင်တို့သုပ်မှ လာစားမယ်၊ မကောင်းဘူးလား"

မိုးဦးအမေးကြောင့် အားလုံးက ဝိုင်းရယ်ကာ အေးအေး သုပ်ရင် လာပို့ပေးမယ်လို့ ပြန်ပြောကြသည်။ လပေါင်းများစွာ တစ်ဆောင် တည်း အတူနေလာတာ ကြာသဖြင့် ညီအစ်မတွေလို ချစ်ခင်စွာ

http://cyberbooks.myanmarchat.org



ကူညီရခြင်းကိုလည်း မိုးဦး နှစ်သက်လာသည်။

မိုးဦး အခန်းရှေ့ပြန်ရောက်ရောက်ချင်း ဝရန်တာမှ လမ်းက လေးပေါ် ငုံ့အကြည့်မှာ နွယ်ချိုတို့ ကားအရပ်နှင့် ကြုံတော့သည်။ နွယ်ချိုက ကားနောက်ခန်းမှ ခုန်ဆင်းလိုက်ရင်း အပေါ်မော့ကြည့်ရင်း မိုးဦးလို့ လှမ်းခေါ်လိုက်မှ မိုးဦးမှာ လှေကားမှ ပြေးဆင်းကြိုရ တော့သည်။

"မိုးဦး ဒီနှစ်ကောင်လုံး ရည်းစား ရလာတယ်။ ဟိုမှာ သူတို့ရည်းစားတွေ ဟိုခပ်မည်းမည်းက ကိုဇော်မင်း၊ ဟို ဖြူဖြူ တုတ်တုတ်က ကိုကျော်မော်တဲ့။ သိလား၊ အဲဒီကောင်မ နှစ်ကောင်လုံး ငါ့ကိုပစ်ထားတယ်။ ငါက ကန့်လန့်ကန့်လန့် ဖြစ်နေတာပေါ့။ အဲဒီတော့ တစ်လမ်းလုံး နင့်ကိုလွမ်းနေတာပေါ့"

နွယ်ချိုက ရောက်ရောက်ချင်း ပစ္စည်းတွေ မချသေးဘဲ အတင်းအရင်ချသည်။ ဟန်မဆောင်တတ်သူပီပီ မကျေနပ်တာတွေကို အရင်တိုင်လိုက်ခြင်း ဖြစ်သည်။ မိုးဦးကလည်း ထိုနှစ်ယောက်ကိုကြည့် ရင်း ဘာရယ်မှန်းမသိ မျက်နှာချင်း မဆိုင်ချင်သေး။ နွယ်ချို့အိတ် တစ်လုံး၊ လက်ဆွဲခြင်းတစ်လုံး၊ မော်ကြီးရဲ့ အိတ်တစ်လုံးကို ကောက်ကိုင်ကာ နွယ်ချိုနှင့် နှစ်ယောက်သား အဆောင်ပေါ် ပြေးတက် လာခဲ့သည်။ အခုလိုအချိန်မှာ ထိုယောကျ်ားလေးနှစ်ယောက်ကို အသိအမှတ်မပြုလိုသေး။ အခုပြည်သွားတဲ့ ၅ ရက်တာအတွင်း ရည်းစားထားခဲ့ရတယ် ဆိုတာလည်း ယုတ္တိမရှိဘူးဟု ယူဆနေမိ ပြန်သည်။ ခရီးသွားရင်း ရည်းစားဖြစ်ခဲ့ရတယ်လို့ပင် ဒေါသဖြစ်မိ သေးသည်။ သူတို့နှင့်ကျကာမှ မိန်းမဈေး ကျရပြန်ပြီဟု တွေးမိသည်။ ထိုယောကျ်ားလေးနှစ်ယောက်ကရော ဒီ ၅ ရက်တာအတွင်း တွေ့တဲ့ မိန်းကလေးနှစ်ယောက်ကို အတည်ကြံတာရော ဖြစ်နိုင်ပါ့မလား။ မိုးဦးရင်ထဲတွင် မရှင်းလင်း။ စိတ်မရှင်းလင်းလျှင် စူပုပ်နေတတ်သည့်

http://cyberbooks.myanmarchat.org



အကျင့်အတိုင်း မိုးဦး မျက်နှာစူပုပ်နေရင်း အခန်း၏ ခန်းဆီးနောက် ကွယ်ကနေ မခွဲနိုင် မခွာရက်ဖြစ်နေသော လဲ့လဲ့တို့ အတွဲကို ကြည့်ရင်း အလိုမကျ ဖြစ်ရသည်။

"အဲဒါသာကြည့် မိုးဦးရေ။ တစ်လမ်းလုံး ငါ ဘယ်လို နေခဲ့ ရတယ်ဆိုတာ နင်တွေးကြည့်စမ်း။ မသွားခင်ကတည်းက အချိတ် အဆက်တွေ ဖြစ်နေတာ ငါက မရိပ်မိဘူး။ နင်လည်း မသိဘူး မဟုတ် လား။ ဟိုကျမှ ကိုယ်စီကိုယ်စီတွဲလို့ ငါ့မှာ တစ်ယောက်တည်းပဲ"

နွယ်ချိုပြောသမျှကို မိုးဦး အာရုံမစိုက်နိုင်။ လဲ့လဲ့က ဇော်မင်း မျက်နှာ မော့ကြည့်ပြီး မှာတမ်းတွေ ခြွေနေသလို မော်ကြီးကလည်း ကျော်မော့်မျက်နှာကို မော့ကြည့်ရင်း ဘာတွေပြောနေမှန်းမသိ ပြောနေ တော့သည်။

"ဟိုမှာ ရွှေမျက်မှန် ဘုရားတို့၊ စွယ်တော်လှည့်တော့ သွားကြည့်တာတို့၊ လျှောက်လည်ကြတော့ ငါ့ကိုတွဲဖို့ဆိုပြီး ကောင်တစ် ကောင်ရှာပေးတယ်။ ဘယ်လောက်မိုက်ရိုင်းသလဲ။ အဲဒီကောင်က ခြေထောက်က တစ်ဖက်နိမ့်နေတယ်။ ငါ ဒေါသထွက်လိုက်တာ အဲဒီ နှစ်ကောင်ကို အမှုန့်ကို ကြိတ်ပစ်ချင်တာ။ ငါတော့ အလဲအကွဲ ခံခဲ့ရတာ"

နွယ်ချို့စကားကြောင့် မိုးဦးမှာ မရယ်မောမိ။ နွယ်ချို့အဖြစ်ကို တွေးကြည့်ရင်း ဒေါသတောင် ဖြစ်မိသေးသည်။

"နေဦး နင့်ကို အဲဒီယောကျ်ားလေးနဲ့တွဲဖို့ ဘယ်သူစီစဉ်တာလဲ။ လဲ့လဲ့လား၊ မော်ကြီးလား"

"လဲ့လဲ့ရဲ့ ဘဲနာစုတ် ကိုဇော်မင်းပေါ့၊ ဘယ်ရမလဲ နွယ်ချိုပဲ။ အဲဒီ ဘဲ ငါ့နားကပ်လာတာနဲ့ ငါ အော်ငေါက်ပစ်တာပဲ။ ပြီးတော့ လဲ့လဲ့ကိုအတင်း ဆွဲခေါ်တာပေါ့။ ဘယ်ရမလဲ"

"ဒါပေမဲ့ သိတယ် မဟုတ်လား၊ ငါ ခေါ်လည်း ခဏပဲ၊

http://cyberbooks.myanmarchat.org



ပြီးတော့ ကိုဇော်မင်းနား ပြန်ကပ်သွားတာပေါ့”

ကားထွက်သွားတာတောင် လက်ပြနှုတ်ဆက်ပြီး အဆောင်ပေါ် ချက်ချင်း မတက်သေးတဲ့ နှစ်ယောက်ကို ကြည့်ရင်း မိုးဦး ရင်မောမိပြန်သည်။ သူငယ်ချင်းတွေချင်းအတူတူ ရည်းစားထားတဲ့သူ ပါလာရင် တဖြည်းဖြည်း စိတ်ဝမ်းကွဲလာကြသည်က များသည်။ သူတို့ကို ကြိုက်တဲ့ ယောကျ်ားလေးတွေက မိန်းကလေးတွေရဲ့ကြား ပါလာရင် ပေါ့။

မိုးဦးကလည်း နွယ်ချိုလိုပင် ဟန်မဆောင်တတ်သူပီပီ မျက်နှာ စူပုပ်နေမိသည်။ သူငယ်ချင်းက ရည်းစားထားပြီဆိုတော့ ဝမ်းနည်းတာလား၊ စိတ်မကောင်းဖြစ်တာလား၊ နှမြောမိတာလား မပြောတတ်။ မိုးဦးတို့ကြားမှာ ရည်းစား မထားကြေးဆိုတဲ့ စည်းမျဉ်း မရှိပေမဲ့ ပြန်းစားကြီး ပြန်ကြိုက်လိုက်တာကို မိုးဦးက မနှစ်မြို့။ တကယ်ဆို သူငယ်ချင်းများ အားလုံး တိုင်ပင်ပြီးမှ ကြိုက်သင့်သည်ဟု ထင်သည်။ အခုတော့ မိုးဦးတို့ပင် ဘာမှမသိ ဘာမှ မဝေဖန်ရဘဲ ကြိုက်သွားကြသည်။ မိုးဦးတို့ မျက်နှာများ စူပုပ်နေတော့လည်း လှဲ့လှဲ့ရော မော်ကြီးရော သူတို့ရည်းစားအကြောင်း မဟကြရဲ။ တခြားအကြောင်းအရာများကိုသာ စိတ်မပါစွာ စကားပြောကြရင်း စောစောစီးစီး အိပ်ရာဝင်ခဲ့ကြသည်။

* * *

http://cyberbooks.myanmarchat.org



အဲဒီနောက်ပိုင်း လွဲလွဲနဲ့ မော်ကြီးက မိုးဦးနဲ့ နွယ်ချိုတို့ထဲက ခွဲထွက်သွားသလို ဖြစ်ခဲ့ရတော့သည်။ မနက် ၈ နာရီ အတန်းတက်ဖို့ အဆောင်ထိပ်ကိုပင် လာကြိုသော ကိုဇော်မင်းကိုတော့ မိုးဦး အနည်းငယ် ကျေနပ်သွားတော့သည်။ ကိုဇော်မင်းနေတဲ့ သီဟဆောင်ကနေ မိုးဦးတို့ ယုဇနဆောင်ရှေ့ထိ ခြေကျင်လာပြီး လွဲလွဲကို အရေးတယူ လာကြိုတာဆိုတော့ ကိုဇော်မင်း သည်းသည်းလှုပ်နေပြီမှန်း သိရ၍ ကျေနပ်ရခြင်းဖြစ်သည်။ ဒီအကြောင်းကို ကိုဇော်မင်း သူငယ်ချင်းမများ ကြားသောအခါ အဲသလောက်တောင် အောက်ကျခံရသလားလို့ ပြန်ပြောသံကြားရတော့ မိုးဦးတို့ တဟားဟားနှင့် ရယ်မောရသေးသည်။

"လွဲလွဲ နင်ကံကောင်းတယ်။ နင်က ချီသွားဆိုရင် ကိုဇော်မင်း က ချီသွားမှာ သေချာတယ်သိလား။ ငါတော့ ကိုဇော်မင်းလောက်မှ မချစ်တတ်သူကို ရည်းစားမထားတော့ဘူး"

နွယ်ချိုကလည်း ကိုဇော်မင်း လွဲလွဲအပေါ်ထားသော အချစ်ကို သိရှိနားလည်လာပြီး စိတ်ပျော့ပျောင်းသွားသည်။ မိုးဦးလည်း ဒီအတိုင်းပဲ ဖြစ်နေသလားမသိ။ မိန်းမတွေက ကိုယ့်ထက်ကိုယ့်ကို ပိုချစ်တဲ့ယောက်ျားများနဲ့သာ လက်တွဲချင်သည်။ အနိုင်ရလိုခြင်းထက် ဦးစားပေးခံလိုခြင်း၊ တလေးတစား တန်ဖိုးထားမြတ်နိုးခြင်းကိုသာ ရယူလိုကြခြင်းဖြစ်မည်။

http://cyberbooks.myanmarchat.org



ထိုအချိန်မှာ မော်ကြီးက လှဲ့လှဲ့တို့ အတွဲနဲ့ တတွဲတွဲ ကပ်ပါသွားပြီး မိုးဦးနဲ့ နွယ်ချိုကို တဖြည်းဖြည်း စိမ်းစိမ်းလာသည်။ ကိုဇော်မင်းလို ကိုကျော်မော် မော်ကြီးကို လာမကြိုတာကို မိုးဦးတို့ အပြစ်မမြင်ခဲ့ဖူးပါ။ မနက် ၇း၃၀ နာရီ အဆောင်ရှေ့ လာမကြိုတာနဲ့ ကိုကျော်မော့်အချစ်ကို ပြက်ရယ်မပြုခဲ့ပါ။ ချစ်တိုင်းသည်းသည်းမလှုပ်တတ်သည်ကို သိသောကြောင့် ဖြစ်သည်။ ဒါကို မိုးဦးတို့က နားလည်ပေမဲ့ မော်ကြီးကတော့ မိုးဦးတို့ကို ရှက်ကာ မိုးဦးတို့ကို ခွဲခွာသွားခြင်း ဖြစ်သည်။

နေ့စဉ်ထိုင်နေကျ ဆိုင်ကလေးအတွင်းမှာ တစ်ခါတစ်ရံ လူ ၆ ယောက် ဖြစ်တတ်ပေမဲ့ နေ့စဉ် ပုံမှန်ကတော့ မိုးဦးနဲ့ နွယ်ချိုနှစ်ဦးသာဖြစ်သည်။ ထိုဆိုင်လေးမှာပင် သက်မှူးကလည်း ရန်ကုန်မသွားသည့်ရက်တိုင်း အမြဲပုံမှန် ထိုင်နေဆဲဖြစ်သည်။

မိုးဦးကို အမြဲငေးမောကာ တိတ်ဆိတ်နေမြဲလည်း ဖြစ်သည်။ မိုးဦးကလည်း သက်မှူးရှိနေသည့် ရက်များတွင် ရင်တဖိုဖိုရှိရသော်လည်း သက်မှူးကိုတော့ လုံးဝမကြည့်မိအောင် သတိထားနေမြဲလည်းဖြစ်သည်။ သက်မှူးမလာသည့်နေ့များတွင် စိတ်ပေါ့ပါးစွာ ရှိနေပေမဲ့ တစ်စုံတစ်ခုကြောင့် လေးလံနေမိသည်။ လှဲ့လှဲ့တို့ မရှိစဉ် ရက်က သက်မှူးလာပြီး စကားပြောခဲ့သည်များကိုလည်း လှဲ့လှဲ့တို့အား ပြန်မပြောမိတော့။ ဘာမှဖြစ်လာမှာမှ မဟုတ်ဘဲလို့ စိတ်ထဲတွင် ရှိနေသောကြောင့် ဖြစ်သည်။ မိုးဦးတို့ ရေချိုးကန်မှာ ကြားကြားနေရတတ်သော သက်မှူးသတင်းများက မိုးဦးကို ပိုပြီး မာကျောစေသည်။ ဟိုအဆိုတော်မလေးနဲ့ ဘာလိုလိုသတင်း၊ နွယ်နီအပြင် ချစ်စု၊ အိအိ၊ မီးမီး စတဲ့ ကျောင်းသူတွေနဲ့ ဘာလိုလို သတင်းများကြားမှာ သက်မှူးဟာ မိုးဦးအတွက် အနှောင့်အယှက် တစ်ခုဟုသာ ခံယူမိတော့သည်။ သက်မှူးထံမှာ အချစ်များ ဖောဖောသီသီ ရှိနေခြင်းကပင် မိုးဦးကို

http://cyberbooks.myanmarchat.org



ကြောက်ရွံ့စေမိခြင်းဖြစ်နိုင်သည်။ မိုးဦးဆိုတာ မချစ်တတ်သော မိန်းကလေး တစ်ယောက်အဖြစ် မွေးဖွားခံခဲ့ရတာ မဟုတ်လား။

*　*　*

http://cyberbooks.myanmarchat.org



ထိုနေ့ကလည်း မိုးဦး တစ်ယောက်တည်း ကင်တင်းမှာ ဖြစ်သည်။ နွယ်ချိုက သပြေဆောင်တွင်နေသော သူ့အစ်မဝမ်းကွဲ ဆေးရုံတင်ထားရသဖြင့် ဆေးရုံတွင် လူနာစောင့်အဖြစ် ရောက်နေသည်။ လဲ့လဲ့နဲ့ မော်ကြီးတို့ကတော့ ရည်းစားရပြီးကတည်းက ကင်တင်းတွင် မထိုင်ဖြစ်သလောက် ဖြစ်သွားသည်။ ထိုဆိုင်လေးသို့ မိုးဦးရောက်လာချိန်မှာ သက်မှူးမရှိ။ သက်မှူးမရှိတိုင်း စိတ်လက်ပေါ့ပါးစွာနေမိရင်း ဆိုင်၏ ကက်ဆက်မှ ဖွင့်ထားသော သက်မှူးသီချင်းတစ်ပိုင်းတစ်စကို လိုက်လံပင် အသံထွက်ဆိုညည်းနေခဲ့သည်။

"မိမိုး"

တကယ်ဆို သက်မှူးကျောင်းမတက်တာ၊ အထူးသဖြင့် ဒီဆိုင်လေးမှာ မထိုင်ဖြစ်တာ ၁၅ ရက်ခန့် ရှိနေပြီဖြစ်သည်။ သူ့ရဲ့ တမ်းတ လွမ်းဆွတ်သည့် အကြည့်များက မိုးဦးကို တအံ့တသြ တွေဝေမှင်တက်မိနေစေသည်။ အို ဒါ ငါ့ကို သက်သက်လာပြီး စိတ်တွေယိုင်နဲ့အောင် လုပ်နေတာ။ လက်မခံနဲ့၊ မယုံကြည်နဲ့။ မိုးဦးမျက်ဝန်းက ချက်ချင်းပင် ငြင်းဆန်လိုက်သည်။ မိုးဦးရှေ့ တည့်တည့်တွင် ဝင်ထိုင်နေသော သူ့ကိုကြည့်ရင်း တုန်လှုပ်သွားသည်။ ဘယ်လို အကျည်းတန်ရုပ်ဆိုးမှုတွေ ဖြစ်စေဦးမှာလဲ။ မိုးဦးက

http://cyberbooks.myanmarchat.org



အရာရာတိုင်းကို ဖြူစင်ချင်သူ။ မဟုတ်ဘူးမဟုတ်ဘူး။ ထွက်သွား။ မိုးဦးရင်ထဲမှာ ဗလောင်ဆန်နေမိသည်။

"ဟိုနေ့က ကိစ္စ မိမိုးကို တောင်းပန်မလို့ပါ။ ကျွန်တော့်ကို မိမိုးလန့်နေတယ်ထင်လို့ ဒီနေ့မှ အရဲစွန့်ပြီး ပြောရတာပါ"

သက်မှူး အသံက နူးညံ့ပျော့ပျောင်းလွန်းနေသည်။ ဒါမျိုးပေါ့ ဒီအသံမျိုး၊ ဒီစကားမျိုးနဲ့ မိန်းမတွေရဲ့ အသည်းနှလုံးကို ခူးခူးခြွေ နေတာ။ ရှင်ထွက်သွားစမ်းပါတော့ သက်မှူးရယ်။ မိုးဦး အတွေးထဲမှာ ဘာမှ မတည်ငြိမ်သေး။ မျက်ဝန်းများကတော့ သေကာ အဝေးသို့ ငေးရီနေမိစေတော့သည်။ ရင်ထဲက ငြင်းဆန်နေမှုပမာဏက အပြင်သို့ ဗွက်ကနဲ ထွက်ကျမလာသေး။ ရှင့် အလိမ်အညာစကားတွေကို ကျွန်မက ယုံရမှာတဲ့လား။ ကျွန်မ မပူလောင်ပါရစေနဲ့။ ရှင်ဘာဖြစ်လို့ လူကဲခတ် မှားနေရတာလဲ။ ကျွန်မ ရှင့်ကို တစ်ခါမှ မမျှော်လင့်ခဲ့ပါဘူး။ မိုးဦး ပြောချင်တဲ့စကားများက အတွေးထဲမှာ ရပ်တန့်သွားပြန်သည်။

"ကျွန်တော် အခုလို ထိုင်မိတာ စိတ်အနှောင့်အယှက် ဖြစ်သွားလား မိမိုး"

"ဖြစ်တယ်"

"ခင်ဗျာ"

သက်မှူးရဲ့ နားမလည်နိုင်သော မျက်ဝန်းတစ်စုံ၊ ကြေကွဲဝမ်းနည်း ရသော မျက်လုံးများကိုတော့ မိုးဦး တိတိပပ မြင်လိုက်ရသည်။

"ဒါဖြင့် ခွင့်လွှတ်ပါ။ ကျွန်တော် သွားပါ့မယ်"

သက်မှူး၏ မျက်ဝန်းအစုံက နာကျင်လွန်းနေသည်။ အို ဒါ ငါ့ကို သရုပ်ဆောင်ပြနေတာရော မဖြစ်နိုင်ဘူးလား။ ဒီလို လူမျိုးရဲ့ အချစ်ဆိုတာ ပါးစပ်ဖျားကလာတာ။ အပေါ်ယံ အကြည့်က လာတာ။ မိုးဦးရှေ့မှ တရွေ့ရွေ့လှမ်းသွားသော သက်မှူးရဲ့ ကျောပြင်ကိုကြည့်ရင်း မိုးဦး တွေဝေမနေနိုင်။ ရင်ထဲမှာ ပူလောင်တင်းကျပ်လွန်းသော ခံစားမှု

http://cyberbooks.myanmarchat.org



ကြောင့် ဘာမှ စားချင်စိတ်လည်း မရှိတော့။ မျက်နှာချင်း ရင်းနှီးနေမိသော စားပွဲထိုးအချို့က အံ့ဩကာ ငေးမောနေဆဲ ရှိနေစဉ်မှာပဲ မိုးဦးက လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ထုတ်၍ ဖတ်နေမိတော့သည်။

*　　*　　*

http://cyberbooks.myanmarchat.org



မိုးဦးရဲ့ ထိတ်လန့်တုန်လှုပ်မှု ပမာဏက နွယ်ချိုကို စောင့်မိသည်အထိ ဖြစ်သည်။ နွယ်ချိုက ဆေးရုံမှာပင်အိပ်၊ ဆေးရုံမှာပင် တစ်နေကုန် နေနေတော့သည်။ မော်ကြီးကလည်း သူ့ကို ကျော်မော်နဲ့ အကြောင်းမေးမှာ ပြောမှာစိုးသဖြင့် အားနေရင် စာအုပ်ကို မျက်နှာက မခွာတော့။ စာကျက်နေသူ တစ်ယောက်ကိုလည်း ဒီမဖြစ်စလောက် အကြောင်းလေးတော့ မပြောချင်။ အဆောင်ပိတ်ခါနီးမှ ပြုံးပျော်ပြီး ပြန်လာတတ်သော (ရည်းစားရပြီးကတည်းက လဲ့လဲ့က ညနေတိုင်း ရည်းစားနဲ့ ထမင်းသွားစားတတ်သည်) လဲ့လဲ့ကို ရေချိုးအပြီး စောင့်ကာ ပြောရတော့သည်။

"နင် သက်မှူးကို ဘယ်လိုထင်သလဲ။ ငါ့ကို သက်သက် နှောင့်ယှက်နေတာလို့ မထင်ဘူးလား"

"အဲသလို ထင်ချင်စရာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူရည်းစား များတဲ့ သတင်းက ထွက်နေတာကိုး၊ ဒါပေမဲ့ ပြောလို့တော့ မရဘူး၊ နဂိုတုန်းက သူက ရည်းစားရလို့ ပျော်နေတဲ့သူ။ ရည်းစားက ဦးစား ပေး အလိုလိုက်လို့ စိတ်ချမ်းသာနေတဲ့သူ။ ဒီလို လူမျိုးဆိုက အခု

http://cyberbooks.myanmarchat.org



လိုချိန်မှာ မှန်မှန်ကန်ကန် အဖြေမရနိုင်သေး။

"ဒါဖြင့် သူ ငါ့ကို သတိထားမိတုန်းက လွန်ခဲ့တဲ့ ၃ လ လောက်က။ သူ ငါ့ကိုပဲ ဆိုရင် နောက်ထပ် ရည်းစားတွေ ထပ်ထားစရာ မလိုတော့ဘူး။ အခုတော့ နာမည်တွေကို စုံနေတာပဲ။ သန်းသန်းအေး သာ မေးကြည့်"

အချစ်ဆိုတာ တွေ့ပြီးရင် နောက်ထပ်အချစ်ဆိုတာ မရှိရ တော့ဘူး။ လူတစ်ယောက်အပေါ်မှာ ချစ်တဲ့ အချစ်မျိုးနဲ့ နောက်ထပ် နောက်ထပ်သော လူတွေပေါ်မှာလည်း ဆက်ချစ်နေနိုင်သေးတယ် ဆိုရင် အဲဒါဟာ တကယ့် အချစ်စစ်မဟုတ်ဘူး။ အချစ်စစ်ဆိုတာ တစ်ခါတည်း မီးဇာကုန် ဆီခန်းတောက်လောက်ပြီး သေငြိမ်းသွားတာ မျိုးပဲ ရှိရမယ်။ ဟိုတစ်ယောက် ဒီတစ်ယောက် ပြန့်ကျဲပြီး ချစ်တတ်တဲ့ သူမျိုးမှာလည်း အချစ်စစ်ဆိုတာ မရှိနိုင်ဘူး။ တကယ်လို့ ရှိတယ်ဆိုရင် အဲဒါဟာ အရောအနှောကြားထဲက သီးသန့်အချစ်တစ်ခုပဲ ဖြစ်ရမယ်။ ဒီ သီးသန့်အချစ်ဟာလည်း အရောအနှောကြားမှာ ဘယ်လိုလုပ် လွတ်လွတ်ကင်းကင်း ပွင့်နိုင်ပါ့မလဲ။ ဘယ်လိုလုပ် ဒီအချစ်ကို တန်ဖိုးထားနိုင်ပါ့မလဲ။

"ဒါပေမဲ့ နင်ဆက်ဆံပုံကြီးက ရင့်သီးလွန်းပါတယ်။ နည်းနည်း ပါးပါး စကားပြောကြည့်ပေါ့။ သူ့ကို အကဲခတ်ကြည့်ပေါ့။ အိုကေ ဆိုမှ"

လဲ့လဲ့ကတော့ အချစ်ကို စမ်းသပ်စေလိုသည်။ မိုးဦး ယခုလို ယတိပြတ် ငြင်းပယ်တာကို သူက လက်မခံချင်။ အောင်မြင်စပြုနေတဲ့ အဆိုတော်တစ်ယောက်ရဲ့ ကမ်းလှမ်းချက်ကို ယတိပြတ်ကြီးငြင်းဖို့ မသင့်လို့ ထင်ပုံရသည်။

"ငါ မလုပ်ချင်ဆုံး အလုပ်က အဲဒါပဲ။ ကိုယ်မဝယ်ဘဲနဲ့ အမြည်းစားတဲ့အကျင့် ငါ့မှာ မရှိဘူး။ ငါအမြည်းစားမယ့် ပစ္စည်းက

http://cyberbooks.myanmarchat.org



ငါဝယ်ဖို့ ဆုံးဖြတ်ပြီးလို့ပဲ ဖြစ်ရမယ်"

"နင် တစ်ခုတော့ စဉ်းစားပေါ့၊ သူက အဆိုတော် ဆိုတော့ သူမပြင်းနိုင်တာ၊ မရှောင်သာတဲ့ အခြေအနေတွေ ရှိလာတာမျိုး"

"ပိုက်ချထားရင်တော့ ငါးက တိုးမှာပေါ့ဟာ။ အဲဒီ ပိုက်ကို မသိမ်းပဲ ထားကြည့်ပါလား၊ ငါးက ပြန်ထွက်သွားမှာပေါ့၊ သူက ပိုက်တွေကို ဘယ်နှစ်ခါချ ဘယ်နှစ်ခါသိမ်းပြီး၊ ဘယ်နှစ်ခါ မိနေသလဲ မှ မသိတာ"

မိုးဦးက လဲ့လဲ့ရဲ့ အဖြစ် စိတ်ကလေးကို ဖျက်ဆီးသလိုပင် ဖြစ်နေခဲ့သည်။

"ဒါဖြင့် နင်ဘာဖြစ်လို့ ငါ့ကို လာပြောပြနေတာလဲ"

"နင် မှားပြန်ပြီ။ ငါက နင် တိုက်တွန်းပေးဖို့ ပြောတာ မဟုတ်ဘူး။ ငါ ဒီလို ဆက်ဆံခံနေရတဲ့ အတွက် စိတ်ရှုပ်ထွေးလို့ ပြောမိတာ။ ငါ တစ်ယောက်တည်း သည်းညည်းမခံချင်တော့လို့ ထုတ်ပြောတာ။ တခြားဘက်ကကြည့်ရင် သူ ငါ့ကို အသားလွတ် လာစော်ကားတာနဲ့ မတူဘူးလား။ သူ့မှာ လက်ရှိရည်းစား ၆ ယောက် ၇ ယောက်လောက်ရှိနေတဲ့ကြားက ငါ့ကို သိမ်းသွင်းနေတာက ငါ့ကို ဖျက်ဆီးချင်လို့ပဲ၊ အဲဒီ သဘောမျိုးတွေးမိလို့ ပြောတာ"

ပြောရင်း မိုးဦးမှာ မျက်ရည်တွေပင် ဝိုင်းလာသည်။

"ငါ တကယ် ဝန်ခံရရင် နင်တွေးသလောက်ကို ငါ မတွေး မိဘူး။ သူကလူပျိုပဲ။ ဘယ်အပျိုမဆို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိတယ်။ စကားပြောခွင့်ရှိတယ်။ ရည်းစားတွေ ဘယ်လောက်ထားထား တကယ် ယူရင် တစ်ယောက်တည်းပဲ ယူမှာပဲ။ နင့်ကို သူ လက်ထပ်မယ့် သူလို့များ သဘောထားပြီး ချဉ်းကပ်တာလားမှ မသိတာ"

"တခြားလူတစ်ယောက်ရဲ့စိတ်တော့ မသိဘူး၊ ငါ့စိတ်နဲ့ဆို ရင်တော့ ဒီလို မတွေးမိဘူး။ လူတစ်ယောက်က တကယ်ချစ်သွားပြီ

http://cyberbooks.myanmarchat.org



ဆိုရင် သူ့မှာ ချစ်နိုင်သမျှ ရှိနေတဲ့ အချစ်တွေကုန်အောင် ချစ်လိုက်တာ။ ဘာမှ မကျန်အောင် ချစ်လိုက်တာ။ အဲသလို ချစ်လိုက်တဲ့ အတွက် အဆွယ်အပွားဆိုတာ မရှိနိုင်တော့ဘူး၊ သူ့ရဲ့ အာရုံစူးစိုက်မှုက အဲဒီတစ်ယောက်ရဲ့ အသက်ရှူသံပေါ်မှာ တည်မှီ နေတော့မှာလေ။ ငါ အနီးစပ်ဆုံး ဥပမာပြောမယ်။ နင့်ရည်းစား ကိုဇော်မင်းကို ကြည့်၊ သူရတဲ့ အခွင့်အရေးကလေးမှာ ရသလောက် နင့် အနားမှာ နေပြီး နင့်အလိုကျ လုပ်ပေးပြီး အရိပ်တကြည့်ကြည့်နဲ့နေနေတာ။ နင့်ကို သူ့မှာရှိသမျှ အချစ်တွေ ပုံအော ပေးထားတာ"

လဲ့လဲ့ရော မိုးဦးရော အဝေးကို ငေးကာ တိတ်ဆိတ်နေမိသည်။

"နင်ယုံမလားတော့ မသိဘူး၊ ကံတရားဆိုတာလေ၊ တချို့ဆို ဘယ်လောက်ပွေပွေရှုပ်ရှုပ် မိန်းမယူတော့ ကောင်းသွားတာရှိတယ်၊ တချို့ဆို ရည်းစားဘဝမှာ ဘယ်လောက်ချစ်ချစ် ဘယ်လောက် သည်းညည်းခံခံ အိမ်ထောင်ကျသွားပြီး ရှုပ်တာပွေတာရှိတယ်။ အဲဒီတော့ အဲဒီမိန်းမရဲ့ ကံနဲ့ မဆိုင်ဘူးလား"

"အဟား နင်ကလည်း ကံ့ယုံ၍ ဆူးပုံမနင်းရတဲ့ မမှတ်မိတော့ဘူးလား"

"အင်း နောက်တစ်ခုရှိသေးတယ်၊ ချစ်နေရင်တော့ အပြစ်မြင် ချင်မှ မြင်မှာပေါ့နော်။ မချစ်တော့လည်း အပြစ်မြင်တာ များသွား တယ်ထင်ပါရဲ့"

မိုးဦးက နောက်ဆုံးမှတ်ချက်ကို ကိုယ့်ဘာသာချပြီး ပေါ့ပေါ့ ပါးပါး ရယ်မောရင်း ကျေနပ်နေမိသည်။ ထို အခိုက်အတန့်လေးမှာ မိန်းကလေးတိုင်း ကြိုက်နေတဲ့ နှင်းဆီခိုင်ကြီးကို ငြင်းပယ်ထားနိုင် ခြင်းအတွက် တော်တော်လေး စိတ်ကြီး ဝင်နေမိသည်။

"အေးပေါ့ဟာ တချို့က လက်တွေ့ ဘဝနဲ့ ကိုက်ညီအောင် ညှိပြီး ကိုယ့်မသိစိတ်ကို ကိုယ်ပြန်ဝှက်တတ်တဲ့ ကိုယ့်ဘဝကို ကိုယ်

http://cyberbooks.myanmarchat.org



ပြန်ချုပ်ကိုင်ချင်တဲ့ သူတွေ ရှိနေတယ်။ သူတို့မှာ အဖြေမှန်မရှိဘူးသိလား။ တကယ်သနားဖို့ကောင်းတာက သူတို့မှာ အဖြေမှန်မရှိမှန်း မသိကြဘူးလေ။ ငါသာ အဓိက ကိုး”

လဲ့လဲ့က ပြောပြောဆိုဆို ထွက်သွားတော့သည်။ မိုးဦးသာ တွေဝေစွာ ကျန်ရစ်ခဲ့သည်။ အဖြေမှန် မရှိမှန်း မသိကြဘူးတဲ့။ ဟုတ်ရဲ့လား။ မိုးဦးမှာ အဖြေမှန်ရှိနေပါတယ်။

* * *

http://cyberbooks.myanmarchat.org



မိုးဦး ရေချိုးပြီး တက်လာတဲ့အချိန်မှာ မော်ကြီးက စာကျက်နေတုန်းပင်။ ရေချိုးကန်က ကြားလာတဲ့ သတင်းတချို့က မော်ကြီးနဲ့ ပတ်သက်နေသဖြင့် မော်ကြီးကို စကားပြောချင်သည်။ သနပ်ခါးလိမ်းနေစဉ်မှာပင် မော်ကြီးက ရေချိုးဖို့ ထထွက်သွားသည်။ မိုးဦးပြောချင်သည့်အကြောင်းကို မော်ကြီးက သိနေသလိုဖြစ်ပြီး ထိုအကြောင်းအရာကို မဆွေးနွေး မတိုင်ပင်။ မပြောလိုသောကြောင့် ဖြစ်မည်ဟု ထင်မိသည်။ သို့သော် မိုးဦးတို့ သူငယ်ချင်း အချင်းချင်း အမှန်ကို လက်ခံနိုင်အောင် ပြောပြရမည်။ တစ်စုံတစ်ယောက်၏ နံ့မှာ နစ်မွန်းနေမယ့်အစား လွတ်လပ်စွာ ရှင်သန်ရတာက ပိုကောင်းမည်။ မိန်းကလေး တွေကို ဆော့ကစားလိုသူ တစ်ယောက်အတွက် အသည်းနှလုံးကို ရင်းနှီးရမှာ မတန်လိုက်သည့်ဖြစ်ခြင်းဟု ခံယူမိသည်။ အဓိကကတော့ တန်ဖိုးမထားတတ်သူထံမှာ နေရခြင်းထက် တန်ဖိုးထားတတ်သူထံမှာပဲ သူငယ်ချင်းကို ပျော်မွေ့စေလိုသည်။

မိုးဦး၊ လဲ့လဲ့နဲ့ နွယ်ချို့တို့ ထမင်းစားဆောင်မှာ ထမင်းစားနေတုန်း မော်ကြီး ရောက်လာသည်။ မော်ကြီးကိုယ်တိုင်လည်း တစ်စုံတစ်ရာ လေးလံစွာ ခံစားနေရသလိုမျိုး ရှိနေသည်။ အခုတစ်လောနှုတ်ဆိတ်ကာ စာချည်းကြည့်နေသည်။

http://cyberbooks.myanmarchat.org



“မော်ကြီး နင့်ကိုမေးစရာရှိတယ်။ နင့်စိတ်ထဲမှာ ခံစားနေရတဲ့ အတိုင်းဖြေ၊ ဟုတ်ပြီလား”

ထိုစကားကို မိုးဦးကပဲ စလိုက်ရသည်။ မိုးဦး ဘယ်လိုစကားမျိုး ပြောမလဲဆိုတာ လွဲ့လွဲ့ရော နွယ်ချိုရောနှင့်ပါ ကြိုပြီး တိုင်ပင်မထားခဲ့သဖြင့် သူတို့ကပါ စိတ်ဝင်တစား ရှိလွန်းသည်။ မော်ကြီးကတော့ သိနေတဲ့ ပုံစံအတိုင်း မျက်နှာကို ခပ်ကွယ်ကွယ်ဝှက်ကာ ထမင်းစား နေသည်။

“ငါကြားတာကြာပြီ၊ အရှင်းဆုံးပြောရရင် နင်တို့ပြည်က ပြန်လာတဲ့နေ့ ကတည်းက ကြားတာ၊ ဒါပေမဲ့ ငါဘာကိုမှ မစုံစမ်း ဘူးနော်၊ ဒါကြောင့် ငါ သေသေချာချာ မသိဘူး၊ ငါသိတာ ပတ်ဝန်း ကျင်ကပြောနေတဲ့ စကားသံတွေပဲ၊ အခု ငါပြောနေတာကလည်း နင့်ကိုအပြစ်တင်နေတာ မဟုတ်ဘူး၊ ငါတို့ ဘယ်လို နေထိုင်သွားသင့်တယ်၊ ဘယ်လိုဆက်ဆံသင့်တယ်၊ အဲဒါတွေပဲ တိုင်ပင်မှာ။ ဒါကလည်း နင် တစ်ယောက်တည်း ကျိတ်မှိတ် ဖြေရှင်းနေတာထက် စာရင် ငါတို့ပါ ဝိုင်းရှင်းပေးမှာ။ ဒီအတွက် နင့်စိတ်ထဲမှာ ရှင်းရှင်းထား။ နင် ဘာမှ ရှက်စရာမလိုဘူး”

မိုးဦးရဲ့စကားကို လွဲ့လွဲ့နဲ့ နွယ်ချိုက စိတ်အားထက်သန်စွာ ရှိသလောက် မော်ကြီးကတော့ အေးပါ ရပါတယ်၊ ပြောပါဆိုတဲ့ သူငယ်ချင်းချင်း အားနာတဲ့ လေသံနဲ့ ပြောသည်။

“နင်တို့ပြည်က ပြန်ရောက်ရောက်ချင်းနေ့က ကိုဇော်မင်းတို့နဲ့ နင်တို့နဲ့ အတွဲကိုယ်စီ ဖြစ်ခဲ့တယ်ဆိုတော့ ငါ စိတ်ဆိုးမိတယ်။ ဒီ ၅ရက်အတွင်း ရည်းစားဖြစ်လာရလားလို့ စိတ်ဆိုးတာ။ ဒါပေမဲ့ နင်တို့က ဒီက မသွားခင်ကတည်းက အချိတ်အဆက် ဖြစ်သွားကြတယ် ဆိုတာ နောက်မှ ငါသိရတာ။ ဒါ ထားတော့။ အဲဒီနေ့ အဆောင်ရှေ့မှာ နင်တို့နှုတ်ဆက်လို့ မပြီးသေးခင်ကတည်းက အဆောင်ဝရန်တာမှာ

http://cyberbooks.myanmarchat.org



ထွက်ကြည့် နေတဲ့ လူစုထဲက တစ်ယောက်က ကိုကျော်မော့်ကို ကြည့်ပြီး မော်ကြီးကို သနားတယ်တဲ့။ အဲဒီတုန်းက ငါ သိပ်သဘော မပေါက်ခဲ့ဘူး။ နောက်နေ့တွေ နောက်နေ့တွေ ရေချိုးသွားတိုင်း၊ ကိုကျော်မော် ပွေတယ်၊ ရှုပ်တယ်ဆိုတဲ့ သတင်းကို ကြားနေရတာပဲ။ အဲဒီကတည်းက နင့်အခြေအနေကိုကြည့်နေတာ။ နင့်စိတ်ထဲမှာ ရည်းစားသာရတယ် မပျော်ဘူးဆိုတာ ငါတို့သိနေတယ်။

မိုးဦးကိုကြည့်ရင်း မော်ကြီးက ခပ်နွမ်းနွမ်းပြုံးသည်။ ဒီအကြောင်း တွေကို နွယ်ချိုရော လဲ့လဲ့ပါ သိထားကြသည်။ လဲ့လဲ့က မိုးဦးရဲ့ စကား အသွားအလာကို အကဲခတ်နေပေမဲ့ နွယ်ချိုကတော့ မိုးဦးကို အားပါးတရ ထောက်ခံတဲ့အကြည့်နဲ့ တုန့်ပြန်ခဲ့သည်။

“မော်ကြီး နင့်စိတ်ကို ငါသိတယ်။ နင်က တစ်ယောက်ဆို တစ်ယောက် အသည်းပေးပြီး ချစ်ရတာ။ သူက နင်တစ်ယောက်တည်းကို မဟုတ်ဘဲ လှည့်ပတ်ရှုပ်နေတာ။ အဲဒီတော့ ဘေး လူတစ်ယောက်က ကြည့်ရင် နင် နစ်နာတယ်လေ။ ကြာရင် နင် စိတ်လေသွားမယ်။ တကယ်ဆို နင့်အချစ်နဲ့ မတန်တဲ့သူတစ်ယောက်ကို မဆက်ဆံတော့တာကောင်းတယ်။ အရင်လို ပျော်ပျော်ရွှင်ရွှင် ဖြစ်စေချင်တယ်။ နင့်မျက်နှာကြီး အုံ့မှိုင်းမနေနဲ့။ သစ္စာမရှိတဲ့သူကို တွယ်ကပ်နေစရာ မလိုဘူး။ နောက်ပြီး ငါတို့ကိုလည်း မျက်နှာလွှဲတာတို့ ရှောင်နေတာတို့ မလုပ်နဲ့။ နင်ခံစားနေရလည်း သူကတော့ သူ့ဝသီအတိုင်း ရှုပ်ချင်တဲ့ သူနဲ့ ရှုပ်နေမှာပဲ။

မော်ကြီးကတော့ တွေးကာ ငေးနေသည်။ လဲ့လဲ့ကတော့ အပြစ်ရှိသလို ပုံစံမျိုးနဲ့ မိုးဦးကိုကြည့်သည်။ နွယ်ချိုကတော့ မိုးဦးနဲ့ အကျင့်တူသူ ပီပီ ထောက်ခံမြဲ ထောက်ခံနေသည်။ ကျော်မော် ပွေတယ်၊ ရှုပ်တယ် သတင်းက သက်မျှ ပွေတယ်၊ ရှုပ်တယ် လောက်ထိ သတင်းကြီးသည်။ ကျော်မော်ကလည်း သူတို့မေဂျာရဲ့ ၃ နှစ်ဆက်တိုက်

http://cyberbooks.myanmarchat.org


ကင်း"king" ဖြစ်လာသူကိုး။

မိုးဦးကတော့ စတွေ့ကတည်းက ကျော်မော်ရဲ့ ဂဏှာမငြိမ်တဲ့ အကြည့်ကို ကြည့်မရသောကြောင့် တစ်ခါမျှ ကျော်မော်နဲ့ စကား မပြောဖူးခဲ့။ နွယ်ချိုရဲ့ ယောက်ျားဖြစ်ပြီး မျက်လုံးမှာ အကြည်ဓာတ် မရှိဘူး၊ ကလယ်ကလယ်နဲ့ ကစားတယ်၊ ပတ်ချွဲနပ်ချွဲပြောတယ်၊ ဖွန်တဲ့လုံးတဲ့ နေရာမှာတောင် တော်တော်အောက်တန်းကျတယ်လို့ ပြည်က ပြန်လာလာချင်းကတည်းက ပြောခဲ့သည်။

"နင်တို့ ပြောသလိုတော့ မဟုတ်သေးပါဘူး။ ဒါပေမဲ့ နင်တို့ အမြင်၊ ပတ်ဝန်းကျင်အမြင် အရဆိုရင် သူဟာ မကောင်းဘူးပေါ့။ ငါ စဉ်းစား ပါဦးမယ်ဟာ။ နင်တို့ စိုးရိမ်ပေးတာ ကျေးဇူးတင်ပါတယ်။"

မော်ကြီးကတော့ ပြောပြောဆိုဆို ထမင်းဝိုင်းက ထသွားတော့ သည်။ ဘာပဲဖြစ်ဖြစ် မော်ကြီးအတွက် စဉ်းစားစရာရှိသွားရင် အဖြေ မှန်က သူ့အလိုလို ပေါ်လာလိမ့်မည်ဟု ယုံကြည်မိသည်။

အဲဒီနေ့ကလည်း အတန်းပြီးတော့ မိုးဦးတစ်ယောက်တည်း အဆောင်ပြန်ရသည်။ လဲ့လဲ့နဲ့ မော်ကြီးက အရင်ကလို အတန်းပြီးပြီး ချင်း အဆောင်သို့ မပြန်တော့။ နွယ်ချိုကလည်း သူ့အစ်မအဆောင် သွားပြီး စာကျက်နေတတ်သည်။ ကိုယ့်အဆောင်မှာဆို အပေါင်း အသင်းတွေ လာလာစကားပြောတော့ စာကြည့်ပျက်တယ်ဟု ပြောကာ စာသွားကျက်ခြင်းဖြစ်သည်။ အဲဒီတော့ မိုးဦးတစ်ယောက်တည်း ဖြစ်နေတတ်သည်။

အရင်ကလိုပဲ ပင်မဆောင်ကြီးရဲ့ ညာဘက်တံခါးပေါက်ကနေ ပင်မဆောင်ကြီးကို ဖြတ်ပြီး ဘယ်ဘက်တံခါးပေါက်က ပြန်ခြင်းဖြစ် သည်။ မိန်းပေါက်တည့်တည့်လှေကားမှာ ထိုင်နေသော သက်မှူးကို တွေ့ရလိမ့်မည်ဟု မမျှော်လင့်ခဲ့။ တကယ်ပဲ သက်မှူးကိုတွေ့တော့ ရင်တုန်ကာ ခေါင်းနားပန်းကြီးသွားရသည်။ ဒီနေ့မှ မိုးဦးက ဆံပင်

http://cyberbooks.myanmarchat.org



များကို ကျစ်ဆံမြီးတစ်ချောင်းတည်း ချည်နှောင်ထားသဖြင့် မျက်နှာကို ဆံပင်များကြားတွင် ဝှက်ထားလို့မရတော့။

"မိမိုး"

သက်မှူးက မိုးဦးဘေးမှ ကပ်လျှောက်ရင်းခေါ်လိုက်သည်။ ပတ်ဝန်းကျင်မှာ ဘယ်သူမှ မရှိ။ ရှေ့ဆယ်လှမ်းစာလောက်ဆို ကော်ရစ် ဒါအကွေ့ကို ရောက်တော့မည်။ ထိုထောင့်ကွယ်မှ တစ်ယောက် ယောက်ထွက်သွားပြီး မြင်သွားလျှင်ဆိုတဲ့ စိုးရိမ်စိတ်သာ မိုးဦးရင်ထဲမှာ ရှိနေသည်။ ကွယ်ရာမှာသာ လေကျယ်တတ်ပြီး တကယ့်တကယ် ကျတော့ မိုးဦးမှာကြောက်ရွံ့သည်။ သက်မှူးရဲ့ အရှိန်အဝါကို ကြောက်သလို ဆန့်ကျင်ဘက်လိင်ကို အသိအမှတ်ပြုရင်း၊ ငြင်းဆန်ရ သော ကြောက်ရွံ့မှုမျိုးလည်း ပါဝင်လိမ့်မည်။ လမ်းလျှောက်နေရင်းပင် ရိုးတွင်းချဉ်ဆီများ ခန်းသွားသကဲ့သို့ ရုတ်ခနဲ အင်အားချည့်နဲ့ သွားသည်။

"ခဏလေးပါ မိမိုး၊ မိမိုး စကားပြောခွင့်မပေးလို့ ကိုယ် စာအုပ်ယူလာတယ်။ အဲဒါပဲ ယူသွားပေးပါနော်"

သက်မှူးက ရုတ်တရက် မိုးဦးရဲ့ လက်ကောက်ဝတ်ကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်လိုက်သည်။ ထိုတဒင်္ဂလေး မိုးဦးဘာလို့ အတင်းမရုန်းကန်မိပါလိမ့်။ မိုးဦး ခြေလှမ်းတွေ ရပ်သွားခဲ့ရသည်။ သူပေးသော စာအုပ်ကို ယူလိုက်ရင်း မိုးဦး ခြေစုံရပ်နေမိသည်။

"ကိုယ် မိမိုးကို အနှောင့်အယှက်မပေးတော့ပါဘူး။ မိမိုး စိတ်ချမ်းသာသလို ဖြစ်စေရမယ်နော်"

သက်မှူးက မိုးဦးရဲ့လက်ကို ဘယ်အချိန်က လွှတ်လိုက်သလဲ မိုးဦး မသိတော့။ သက်မှူးပြောသော စကားများကိုလည်း မကြား တစ်ဝက် ကြားတစ်ဝက်ဖြင့် မိန်းမောနေခိုက် ရုတ်တရက် သတိဝင် လာပြီး မိုးဦး သူ့ရှေ့မှ မြန်မြန်လျှောက်ထွက်ခဲ့သည်။ သက်မှူးကတော့

http://cyberbooks.myanmarchat.org



မိုးဦးနောက် လိုက်မလာတော့ဘဲ ကျန်ရစ်ခဲ့သည်။ တစ်စုံတစ်ခုကို စိုးရိမ်ထိတ်လန့်စွာပင် လက်ထဲက စာအုပ်လေးကို လွယ်အိတ်ထဲ ကပျာကရာ ထည့်မိသည်။ ထိုအချိန်မှာ မိုးဦးရင်ထဲ ကျေနပ်ခြင်းလား ပျော်ရွှင်ခြင်းလား၊ တစ်စုံတစ်ရာ အလိုပြည့်မှုလား ဘာမှ မဝေခွဲ တတ်တော့။ သို့သော် ရင်ထဲမှာ ပေါ့ပေါ့ပါးပါး မရှိလှ။ လေးလံလွန်း လှသည်။ မိုးဦး ဖျတ်ခနဲ မြင်လိုက်ရသော သက်မှူးရဲ့ မျက်ဝန်းအိမ်ထဲက ထုထည်ပမာဏ တစ်ခုကြောင့်လည်း ဖြစ်နိုင်သည်။ သက်မှူးက ဒီလို လေးနက်နေတာလား။

မိုးဦးရဲ့ မျက်နှာကို စတင် အကဲခတ်မိသူက နွယ်ချိုပင်။ နွယ်ချိုက ကျောင်းမတက်တော့ဘဲ အဆောင်မှာပဲ စာကျက်ကျန်ခဲ့ တတ်သည်။ သူက အသံဝါလေဆိုးဖြင့် စာအော်ကျက်တတ်သဖြင့် သူများတကာ စာကျက်ချိန်ကို ရှောင်ပြီး ကျက်နေရခြင်းဖြစ်သည်။

"နင့်ရုပ်က အူမြူးနေသလိုလို၊ အူယားနေသလိုလို၊ အူပုပ်နေ သလိုလို၊ ဝမ်းချုပ်နေသလိုလိုနဲ့။ ရာသီဥတု တစ်ခုခု ထူးခြားနေတယ် မဟုတ်လား"

မိုးဦးပင် ကြောင်အသွားရသည်။ ဘယ်သူများမြင်ပြီး နွယ်ချိုကို ပြောလိုက်သလဲဟုပင် စဉ်းစားရသည်။ ကိုယ့်ဘာသာလည်း မလုံမလဲ ဖြစ်ရသည်။ စိတ်ကို တည်တည်ငြိမ်ငြိမ်ဖြစ်အောင် ကြိုးစားလိုက်ပေမဲ့ တစ်စုံတစ်ခုကတော့ အံလွဲနေပုံရသည်။ သက်မှူးရဲ့ တိုးလျှိုးသော အကြည့်ပါးပါးကို မြင်ယောင်ရင်း လွယ်အိတ်ကြိုးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။ နွယ်ချိုကို ဝန်ခံမိရင် တစ်ဆောင်လုံး သိသွား တော့မည်။ မဖြစ်။ သူမက စ၊ နောက်လိုခြင်း သက်သက် ဖြစ်ပေမဲ့ မိုးဦး လူသိမခံရဲ။ သိသွားရင်လည်း သက်မှူးရဲ့ ရည်းစားများစွာထဲက တစ်ယောက်အဖြစ် ဝေဖန်ခံရဦးမည်။ နွယ်ချိုစိတ်ရင်းက ဟားစရာ ရှိတာဟား၊ ရယ်စရာရှိတာရယ်ပြီး၊ ငိုစရာရှိတာ ငိုတတ်သူမို့ မိုးဦး

http://cyberbooks.myanmarchat.org



ထိမ်ချန်လိုက်ရသည်။

"နင်ကရော ဘယ်သွားမလို့တုန်း"

သူ့အခန်းတံခါးကို ပိတ်နေတာကြည့်ပြီး မိုးဦး မေးလိုက်ခြင်း ဖြစ်သည်။ တကယ်တော့ မိုးဦး စကားလွှဲလိုက်ခြင်းသာ ဖြစ်သည်။

"ငါ မဥ္စူဆောင်မှာ စာသွားကျက်မလို့၊ ငါ့အတွက် ညနေစာ ယူထားပြီးပြီ၊ နင်တို့ဘာသာ နင်တို့ စားနှင့်ကြတော့၊ အဆောင်ပိတ် ခါနီးမှ ပြန်လာခဲ့မယ်"

ပြောပြောဆိုဆို ဆင်းသွားသော နွယ်ချိုကို ကြည့်ရင်း မိုးဦး သက်ပြင်း ခိုးချမိသည်။ ထိုစာအုပ်လေးမှာ သက်မှူးဘာတွေ ရေးထား မှာလဲ သိချင်စိတ် ရှိသလို ရည်းစားစာပဲ ဖြစ်မှာပဲလို့ တွေးမိပြီး ရင်ထဲမှာ တစ်ခုခုကို ငြင်းဆန်မိသည်။ သေချာအောင် အခန်းတံခါးကို ချက်ချပြီး သက်မှူး စာအုပ်လေးကို လွယ်အိတ်ထဲမှ ဆွဲထုတ်ယူ လိုက်သည်။ မိုးဦးလက်တွေရော ရင်တွေရော အတော်လေး တုန်လှုပ်နေ သဖြင့် ကိုယ့်ဘာသာကိုယ် ဘဝင်မကျချင်။ ပန်းရောင် အရိပ်ပန်းများ ဖြင့် ဒီဇိုင်းလုပ်ထားသော စာအုပ်လေးရဲ့ အဖွင့်စာမျက်နှာ၊ မိမိုးသို့ . . . ဆိုတဲ့ စာလုံးသုံးလုံးသာ ရေးသားထားသည်။ မိမိုးတဲ့လား . . . ဘာမှန်း မသိ လှိုက်ခနဲ ခုန်သွားသော ရင်ခုန်သံတွင် ပျော်ရွှင်မှုက ရာနှုန်းပြည့် မဟုတ်နိုင်သေး။

http://cyberbooks.myanmarchat.org


၁-၅-၉၂

မင်းမျက်နှာထား ခပ်တင်းတင်းလေးက ကိုယ့်ကို စိတ်ဝင်စားမှု ဖြစ်စေခဲ့တယ်။

ကိုယ့်ပတ်ဝန်းကျင်မှာတော့ မင်းဟာ အထူးအဆန်း ပဲလေ။

ဒါကြောင့်ပဲ စိတ်ဝင်စားခဲ့တယ်။

မင်းကို မှတ်မှတ်ရရရှိလို့ မင်းတို့ ထိုင်တတ်တဲ့ ဆိုင်လေးမှာ ကိုယ်လာလာထိုင်တာပေါ့။

အမှတ်မထင် တွေ့ဆုံခွင့်ပေးခဲ့တဲ့ ဆိုင်ကလေးကို ကိုယ်က ကျေးဇူးတင်နေတာပါ။

http://cyberbooks.myanmarchat.org


**၂-၅-၉၂**

မင်းနာမည် မိုးဦးဝေတဲ့လား . . . ။

ကိုယ်ကတော့ မင်းကို မိမိုးလို့ပဲ ခေါ်ချင်တယ်။

အဲဒီနေ့က ရန်ကုန်က ဧည့်သည်တွေ ရောက်လာလို့ ဆိုင်ကလေးကို အချိန်မီ မရောက်ခဲ့ပေမဲ့ မင်းတို့အတန်းရဲ့ နောက်ဆုံး ခုံကနေ မင်းကို လာကြည့်မိသေးတယ်။

မင်း မသိလိုက်ဘူး မဟုတ်လား။

ကိုယ့်ကိုယ် ကိုတောင် အံ့ဩမိတယ်။

ကိုယ့်ဘဝရဲ့ ပထမဆုံး ရင်ခုန်သံဟာ မိမိုးတဲ့။

ထိုစာရွက်ဖတ်ပြီး မိုးဦး နှုတ်ခမ်း အနည်းငယ် စူမိရင်း မဖြစ်နိုင်တာဟု ကိုယ့်ဘာသာ ရေရွတ်မိသည်။

http://cyberbooks.myanmarchat.org


**၆-၅-၉၂**

မိမိုးကို ထမင်းဆိုင်မှာ မမျှော်လင့်ဘဲတွေ့လို့ အံ့သြနေတုန်း မိမိုးက ဒီလူကြီးများလို့ ကိုယ့်ကိုကြည့်ပြီး ရေရွတ်လိုက်တော့ ကိုယ် အံ့သြခဲ့ရတယ်။

နောက်ပြီး ထမင်းစားနေတဲ့ တစ်ချိန်လုံးရော၊ ထမင်းဆိုင်က ထွက်သွားတဲ့အထိရော ကိုယ့်ကို တစ်ချက်မှ လှည့်မကြည့်တော့ဘူး။

အပြစ်ကင်းစင်မှု အလုံးစုံနဲ့ ကြည်လင်တောက်ပနေတဲ့ မင်းမျက်နှာလေးရယ်။

ကိုယ့်ကို ဥပေက္ခာပြုရက်တဲ့ မင်းရဲ့မာနတွေဟာ ကိုယ့်ကို ရင်ခုန်သံစစ်စစ် ဖြစ်စေသေးတယ်ကွယ်။

မိုးဦး စိတ်မရှည်စွာ နောက်ကို တဖျပ်ဖျပ်လှန်ကြည့်တော့ စာရွက်တိုင်းမှာ ရက်စွဲနဲ့ အဲသလို စာကြောင်းများနှင့်သာ ပြည့်နှက်နေတော့သည်။ ယောက်ျားတွေဟာ ဒီလိုပါပဲလေ။ သူတို့ နံဘေးနားမှာ မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက် တွဲနေပေမဲ့ နောက်ထပ်နောက်ထပ်တွေ အဆင်သင့် ထပ်တွဲနိုင်ဖို့ နောက်ထပ် နောက်ထပ်တွေကို ကြုံရင်ကြုံသလို ရှာနေတာပဲဖြစ်မှာပါဟု မိုးဦး တွေးမိသည်။

အချိန်က ၃ နာရီခွဲ။ ရေချိုးဆင်းရမည်။ အဝတ်လျှော်ရမည်။ မီးပူလည်း တိုက်ရဦးမည်။ စာအုပ်လှန်နေရာမှ ရုတ်တရက် ထရပ်ရင်း စာအုပ်ကို စားပွဲပေါ်ပစ်တင်လိုက်သည်။ ထိုသို့ပစ်တင်ပြီးကာမှ မဟုတ်သေးပါဘူးလို့ ရေရွတ်ပြီး စာအုပ်ကို ပြဌာန်းစာအုပ်များ ထပ်ထားသည့် အထပ်ကြားထဲသို့ ထိုးထည့်ထားမိသည်။ ဒီအကြောင်းကို မိုးဦး ဘယ်သူ့ကိုမှ မသိစေချင်သေး။ နွယ်ချို အရင်ဆုံး မသိဖို့က အရေးကြီးသည်။ ထိုတစ်ညနေလုံး မိုးဦးမှာ စိတ်လက်ပေါ့ပါးပြီး အနည်းငယ် ပျော်ရွှင်ကျေနပ်မှု ဖြစ်နေသည်။ ဒါကို မိုးဦး ကိုယ်တိုင် မသိ။ အဆောင်ပိတ်ခါနီးမှ ပြန်လာသော လဲ့လဲ့က မိုးဦးကို သေချာကြည့်ပြီး ပြောခြင်းဖြစ်သည်။

ဒီကမ္ဘာပေါ်မှာ ဘယ်မိန်းကလေးမဆို ရည်းစားစကားအပြောခံရရင် အနည်းနဲ့အများ တစ်စုံတစ်ခုသော အတိုင်းအတာထိတော့

http://cyberbooks.myanmarchat.org



ကျေနပ်ပျော်ရွှင်နေလိမ့်မိမည်။ ဒါကလည်း မိန်းကလေးတစ်ယောက်ရဲ့ သဘာဝဖြစ်စဉ်ကိုး။ ကိုယ့်ကို ရွယ်တူကောင်လေးတစ်ယောက်က ဂရုတစိုက် ရှိနေတာ၊ ကိုယ်ဟာ ထိုကောင်လေးအတွက်တော့ နံပါတ်တစ် ဖြစ်သွားတာကို သိလိုက်ရရင်ပဲ ကျေနပ်နေမိလိမ့်မည်။ ထိုရည်းစားစကားပြောလိုက်သော သူက သက်မှူးလို နာမည်ရစ အဆိုတော် ဆိုရင်တော့ အတိုင်းထက်လွန် ဖြစ်ကြဦးမည်။

ထိုနေ့ကလောက် ကျေနပ်ပျော်ရွှင်နေမှုကို မိုးဦးဘာနဲ့မျှ မဖုံးကွယ်နိုင်ခဲ့။ ချိုမြမြလေးပင် ဖြစ်နေဦးတော့မည်။

http://cyberbooks.myanmarchat.org


**၁၀-၅-၉၂**

အပြင်မှာ မိုးတွေ ရွာနေတယ် မိမိုးရယ်။

ဒါပေမဲ့ ကိုယ့်ရင်ထဲမှာတော့ ခြောက်သွေ့လွန်းတယ်လို့ ခံစားမိတယ်။

ဒါကြောင့်ပဲ သီချင်းတစ်ပုဒ် စပ်လိုက်တယ်။

“မိုးရွာမှာကို စောင့်နေတယ်”တဲ့။

http://cyberbooks.myanmarchat.org



**၁၅-၅-၉၂**

မိုးကိုလွမ်းလို့ ယုဇနဆောင်ရှေ့ကို ခက်ခက်ခဲခဲ သီချင်းလာဆိုရတယ်။

လမ်းကမရှိတော့ စမ်းတဝါးဝါးနဲ့လာရင်း ကိုယ့်သူငယ်ချင်းနိုင်ဦးတောင် မြောင်းထဲ ပြုတ်ကျသေးတယ်။

ဟိုဘက်ကမ်းက မီးထိန်ထိန်၊ ဒီဘက်ကမ်းက မီးထိန်ထိန်၊ ဆီမီးထိန်ထိန်လင်းပါတဲ့ မိမိုးတို့အိမ်လို့တောင် သူငယ်ချင်းတွေနဲ့ အော်တော့ မိမိုးတို့အခန်း မီးပိတ်သွားတယ်နော်။

ကိုယ်ဆိုခဲ့တဲ့ သီချင်းရော ကြားရဲ့လား။

မိုးရွာမှာကို စောင့်နေတယ်ဆိုတဲ့သီချင်း။ နောက်အခွေမှာ ထည့်မယ့်သီချင်း၊ တစ်နေ့ကမှ ပြီးလို့ မိမိုးကို လာဆိုပြတာ။

Arrangement ပြီးပြီးချင်း မိမိုးနားထောင်ဖို့ အရင်ဆုံး လာဆိုပြတာ။

http://cyberbooks.myanmarchat.org



ထိုစာကြောင်းလေးဖတ်ပြီး မိုးဦး ဓာတ်လိုက်သလို တွန့်ခနဲ ဖြစ်သွားရသည်။ သက်မှူးက မိုးဦးတို့ အဆောင်ရှေ့က ချုံပုတ်တွေ ကြားထဲမှာ သီချင်းလာဆိုပေးသတဲ့။ တဒင်္ဂတွေဝေစွာ ရင်ခုန်နှုန်း အမြင့်ဆုံး၊ အနက်ရှိုင်းဆုံး ဖြစ်သွားခဲ့ရသေးသည်။ မဟုတ်သေးပါဘူး၊ ဒီလောက်ပွေရှုပ်တဲ့ ယောကျ်ားက ဒီလောက်လေး ရေးတာလောက် တော့ အပျော့ပေ့ါဟု စိတ်ထဲမှာ စွဲမှတ်လိုက်ရင်း စာအုပ်ကိုပင် ပစ်လိုက်သည်။ နောက်ထပ် သက်မှူးရေးထားတဲ့ စာမျက်နှာတွေ အများကြီး ကျန်သေးပေမဲ့ မိုးဦး ဆက်မဖတ်ချင်တော့။ ထိုစာရွက်လေး နှစ်ရွက်နှင့်ပင် ခြေကုန်လက်ပန်းကျလုနီးပါး ဖြစ်ခဲ့ပြီ မဟုတ်လား။ ဒီလိုပါပဲ၊ ယောကျ်ားဆိုတာ မိန်းမတွေကို ညာဖို့ အခွင့်အရေးရနေသမျှ ကာလပတ်လုံး ညာဖို့ ကြိုးစားချင်တဲ့သူက ခပ်များများရယ်၊ နောက်ပြီး ယောကျ်ားတွေ ညာနေမှန်း သိရက်နဲ့ အညာခံနေတဲ့ မိန်းမတွေကလည်း ခပ်များများပင် ဖြစ်သည်ဟု မိုးဦးမေမေက ပြောခဲ့ဖူးသည်။ အဲသလို ညာတာတွေ၊ လှည့်ပတ်ဖျား ယောင်းတာတွေကြားမှာ မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်ခြင်းဆိုတာ ကလည်း နင်းခြေ ဖျက်ဆီးခံရဖို့သာ ရှိသည်တဲ့။ မေမေကြောင့်ပင် မိုးဦးမှာ လူတစ်ယောက်ကို ယုံကြည်ဖို့ ခက်ခဲခဲ့သည်။ မိန်းကလေး သူငယ်ချင်းများနှင့်ပင် ဘယ်တော့မှ စိတ်ချလက်ချ မရှိခဲ့။ တစ်ပါး

http://cyberbooks.myanmarchat.org



သူအပေါ် သံသယမထားချင်တဲ့စိတ်ကြောင့်ပင် ကိုယ်တိုင် သီးသန့်နေထိုင်ဖြစ်ခဲ့တာလည်းပါသည်။ မေမေရဲ့ ကိုယ့်အတွေးအခေါ် ကိုယ့်အပြုအမူမှာ ကိုယ့်ကို ဖျက်ဆီးနေသလိုမျိုး ရှိသလား အမြဲဆင်ခြင်ဆိုတဲ့ စကားကပင် မိုးဦးကို တွေ့မြင်သမျှ တိုင်းတာဖို့ စံပေတံကြီး ပေးလိုက်သလို ဖြစ်သွားခဲ့ရတော့သည်။

တကယ်တော့ မိုးဦးနဲ့မေမေတို့ရဲ့ ဆက်ဆံရေးက ခပ်ခြောက်သွေ့သွေ့ပင်။ မေမေရဲ့ ဖျစ်တောက်ဖျစ်တောက်နိုင်တဲ့ ဆုံးမစကားများကို နားမထောင်ချင်ဘဲ နားဝင်နေခဲ့ရတဲ့အဖြစ်ပင်ဖြစ်သည်။ မေမေ့ကို အလိုလိုက်ရင်း နားထောင်ပေးရတဲ့ စကားများက မိုးဦးရဲ့ အသိဉာဏ်ကို တစ်စုံတစ်ရာ ရင့်ကျက်စေခြင်းဖြစ်သလို နှလုံးသားကို အတိုင်းအတာတစ်ခုထိ ထုံထိုင်းနေစေခဲ့သည်။ ထိုအဖြစ်ကပင် ကိုယ့်သီးသန့်ကမ္ဘာမှာ ကိုယ်တစ်ယောက်တည်း ကျေနပ်စွာ နေတတ်နိုင်ခြင်းပင်ဖြစ်သည်။

အချစ်ဆိုသောအရာက အလွန်ပဲကြောက်ဖို့ကောင်းနေပြီလားမသိ။ အချစ်စိတ်မွန်နေချိန်မှာ အရာရာသည် မျက်ကန်းတစ်ယောက်လိုဆင်ခြင်တုံတရားမရှိသူတစ်ယောက်လို ဖြစ်သွားရသည်ဟု ထင်သည်။ မော်ကြီးရဲ့ရည်းစား ကိုကျော်မော်၏သတင်းများ ပိုမိုကျယ်လောင်လာခဲ့ပေမဲ့ မော်ကြီးကတော့ ကျော်မော့်ဘက်က အမြဲတမ်း ရှိနေတော့သည်။ ထို့ကြောင့်လည်း မိုးဦးနဲ့ တစ်ခန်းတည်း နေနေပေမဲ့ မိုးဦးနဲ့ မော်ကြီးမှာ ဝေးနေသလိုကြီး ခံစားနေခဲ့ရသည်။ ဒီလိုပဲ နွယ်ချိုကလည်း သူ့အစ်မဝမ်းကွဲများ ထံသွားသွားပြီး စာသွားကျက်နေ ခဲ့နေတော့သည်။ လဲ့လဲ့တစ်ယောက်သာ ကိုဇော်မင်းနဲ့အတူ မရှိချိန်လေးမှာပဲ မိုးဦးနဲ့ တွဲဖြစ်တော့သည်။ သက်မှူးတို့ သတင်းကြီး ပုံမျိုး ကတော့ဖြင့် မိုးဦးပင်လန့်သွားခဲ့ရသည်။ လဲ့လဲ့ရဲ့ သက်မှူးက နင့်ကို ရည်းစားစာစာအုပ်ပေးတယ် ဆိုတဲ့ စကားကြောင့်ပင် ဖြစ်သည်။ ဒီအချိန်မှာ

http://cyberbooks.myanmarchat.org



မိုးဦးလည်း ဘာမှ မဖုံးအုပ်ချင်တော့။ သက်မှူးရေးထားသော စာအုပ်လေးကို လဲ့လဲ့ထံ ထုတ်ပေးမိသည်။ ထိုသို့ ပေးလိုက်ရခြင်း အတွက် မိုးဦးရင်ထဲမှာလည်း တစ်ခုခု ရှင်းလင်းပေ့ါပါးသွားသလို ခံစားမိတော့သည်။ လဲ့လဲ့ရဲ့ သက်မှူးအပေါ် တစ်ခုခု မှတ်ချက်ချ တာမျိုးလည်း ကြားချင်ခဲ့သည်။ မိုးဦးတစ်ယောက်တည်း သက်မှူးရဲ့ အကြည့်နက်နက်စက်ကွင်းများက အဖန်ဖန်တလဲလဲ လွတ်မြောက် အောင် ရှောင်ရှားခဲ့ရသည်ပင် မောပန်းလွန်းခဲ့ပြီ။ ရေချိုး ဆင်းတိုင်း ရေချိုးကန်မှာကြားရတဲ့ သက်မှူးသတင်းများကလည်း မိုးဦးကို များစွာ အဟန့်အတား ဖြစ်စေသည်။ ဒီနေ့တင် ကြားခဲ့ရပြီ။ မိုးဦးတို့ အဆောင်က ဝင်းဝင်းနှင့် အတွဲဖြစ်နေသည်တဲ့။ မိုးဦးအမြင်မှာတော့ ဝင်းဝင်းဟာ လှပသွက်လက်ပြီး ချစ်စရာကောင်းသော မိန်းကလေးပင်။ မိဘများက ပစ္စည်းဥစ္စာ ချမ်းသာပုံရသလို သူမ၏ အပြင်အဆင်၊ အနေအထိုင် အပြောအဆိုများကလည်း ခေတ်ကိုပင် ဦးဆောင်နိုင်သူ ဆိုရမည်။ တချို့သောသူများက သူမ၏ အနေအထိုင်ကို ကြည့်ပြီး နှာခေါင်းရှုံ့ကြပေမဲ့ မိုးဦးကတော့ သူမ၏ အပြင်ပန်းကြည့်ရသော ဟန်ပန်ကို နှစ်သက်သည်။ သူမ ပုံစံက ဘဝဟာ ပျော်စရာများ အတိဖြင့် ပြီးပြည့်စုံသည်။ ပျော်စရာများကို လူက ဖန်တီးယူနိုင်သည် ဟုပင် ပြောနေသည်ဟုပင် ထင်မိသည်။ ဒီလို မိန်းကလေးမျိုးနဲ့ သက်မှူး ချစ်ကြိုက်နေသည်ဆိုသော သတင်းများ ယုံမှား သံသယ မရှိနိုင်။ မိုးဦးမှာသာ သက်မှူး အကြည့်နက်နက်များနှင့် ရင်ဆိုင်လာ ရတိုင်း အမြဲတမ်း လှပသွက်လက်ပျော်ရွှင်နေတဲ့ ဝင်းဝင်းမျက်နှာ လေးကို မြင်ယောင်ရင်း သက်မှူးကို ဥပေက္ခာပြုနိုင်ခဲ့သည်။ မေမေ ပြောတဲ့ ယောကျ်ားတွေဟာ မိန်းမတွေရဲ့ လှတဲ့ဒဏ်ကို မခံနိုင်ကြဘူး၊ အဲဒီ လှတဲ့ မိန်းကလေးတွေ ချဉ်းကပ်လာရင် ငြင်းဆန်ဖို့ ခဲယဉ်းတယ်။ အဲသလို ငြင်းဆန်ဖို့ ခဲယဉ်းတဲ့ ယောကျ်ားဖြစ်ရင် သူဟာ မိန်းကလေး

http://cyberbooks.myanmarchat.org



တွေအတွက် အိမ်ထောင်မပြုသင့်တဲ့ ယောက်ျားပဲ။ သူဟာ ဘယ်တော့မှ အိမ်ထောင်ရေးကို စိတ်ဝင်စားမှာ မဟုတ်ဘူး။ အဲသလို မိန်းကလေးမျိုး လေးတွေနဲ့ ပျော်ပါးဖို့ပဲ စဉ်းစားနေတော့မှာပဲတဲ့လေ။ မိုးဦးမှတ်ဉာဏ် မှာ မေမေပြောတဲ့ စကားများက ဘယ်က ဘယ်လို အလျှိုလျှို ထွက်လာသည်မသိတော့။ တကယ်တော့ မေမေက မိုးဦးကို ရည်းစား ထားမှာ စိုးရိမ်လွန်းသောကြောင့် ပြောခဲ့သော စကားများသာ ဖြစ်ရမည်။ အရွယ်မတိုင်မီ ချစ်သူထားပြီး အိမ်ထောင်ပြုမှာ စိုးရိမ်လွန်း သောကြောင့် ပြောခဲ့သော စကားများသာ ဖြစ်လိမ့်မည်။ မိုးဦးတစ်ယောက် ဒီလောက် ထိသိနေသမျှတော့ သက်မှူးအတွက် အခြေအနေမလှ ဖြစ်ရဦးမည်ဟု စဉ်းစားမိရင်း ပြုံးမိသည်။

"သက်မှူး နင့်ကို တကယ်ချစ်တာ သေချာတယ်"

သက်မှူးရေးထားသော စာအုပ်ကိုဖတ်ပြီး ပိတ်ကာ ပြောလိုက်သော လဲ့လဲ့စကားကြောင့် မိုးဦးပင် ပြုံးမိသွားရသည်။ "မဖြစ်နိုင်တာ၊ သူ ဒီလောက်ရည်းစား အများကြီး ရှိနေတာ နင်လည်း သိသားနဲ့"

"နင် ယောက်ျားတွေအကြောင်း မသိသေးပါဘူး မိုးဦးရယ်"

လဲ့လဲ့စကားကြောင့် မိုးဦးကပင် သတိလက်လွတ် ရယ်မောခဲ့သည်။

"နင်ကရော ဘယ်လောက်သိလို့လဲ။ ၂၁ နှစ်မှ ရည်းစား စထားဖူးတဲ့ နင်ကရော ငါ့ထက် ဘယ်လောက်ပိုပြီး ယောက်ျားတွေ အကြောင်းသိလို့လဲ"

လဲ့လဲ့၊ မိုးဦးနဲ့ နွယ်ချိုတို့ အခု အရွယ်ထိ ရည်းစားမထားဖူး ခဲ့သလို သန်းသန်းအေး၊ ခင်လေးနွယ်တို့လည်း ရည်းစားမထားဖူးခဲ့ချေ။ ထိုသို့ မထားဖူးရခြင်းများတွင် မိုးဦးနဲ့နွယ်ချိုသာ မိဘက ဆုံးမ လွန်းသောကြောင့် ယောက်ျားများကို အပြစ်မြင်ပြီး ကြောက်ရွံ့ခဲ့ခြင်း ဖြစ်ပေမည်။ လဲ့လဲ့တို့ကတော့ သူတို့ထက် အတွေးအခေါ်မြင့်သော

http://cyberbooks.myanmarchat.org



သူတို့ဘ၀ကို ဦးဆောင်နိုင်သော ယောကျ်ားများကို ရွေးချယ်နေသောကြောင့် ဖြစ်သည်။

“ဘယ်သူမဆို အချစ်စစ်ဆိုတာ တစ်ယောက်အပေါ် မှာတစ်ခါပဲ ဖြစ်ပေါ် ဖူးတယ်၊ ယောကျ်ားလေးတွေလည်း ဒီလိုပဲ၊ ဘယ်လောက်ရည်းစားများများထားထား သူတို့ရင်ထဲမှာ အချိန်ပြည့် တစ်ယောက်တည်းပဲ ရှိနေနိုင်တယ်။ သက်မှူးကတော့ နင်တစ်ယောက်ထဲအပေါ် ပဲ အချစ်စစ်ဆိုတာ ဖြစ်ခဲ့တာလို့ ငါယုံတယ်”

“သေချာလှချည်လား၊ ယောကျ်ားကျွမ်းကြေနေတဲ့ အချစ်ဆရာမကြီးရေ့”

လှဲလှဲစကားကြောင့် မိုးဦးရင်ထဲ ကျလိကျလိ ခံစားနေရတာကို ခပ်ငေါ့ငေါ့ အပြောဖြင့် တုံ့ပြန်လိုက်သည်။

“အေး ငါဆက်ပြောဦးမယ် နားထောင်။ ဒီနေရာမှာ ယောကျ်ားလေးတစ်ယောက်ရဲ့ အချစ်နဲ့ မိန်းကလေးတစ်ယောက်ရဲ့ အချစ်နဲ့က လုံး၀မတူနိုင်ဘူး။ အဲဒါကိုတော့ သွားမနှိုင်းယှဉ်နဲ့။ အထူးသဖြင့် နင့်စိတ်နဲ့ မနှိုင်းယှဉ်နဲ့။ ယောကျ်ားလေးနဲ့ မိန်းကလေးက သဘောချင်းကကို မတူဘူး။ ကြီးပြင်းလာရပုံချင်း မတူဘူး။ ယောကျ်ားတွေက ငါတို့ထက် လွတ်လွတ်လပ်လပ် ကြီးပြင်းခဲ့ရတယ်။ အဲဒီတော့ သူတို့စိတ်တွေကိုက လွတ်လပ်တယ်။ ငါတို့ မိန်းကလေးတွေကျတော့ ဘာမဆို သိုသို၀ှက်၀ှက် ကြီးပြင်းရတာ။ ဘယ်လိုပြောရမလဲ။ နင်လည်း နင့်အစ်ကိုတွေနဲ့ ယှဉ်ကြည့်ပေါ့။ နင်တို့အမေက နင့်အစ်ကိုတွေကို ဆက်ဆံပုံနဲ့ နင့်ကို ဆက်ဆံပုံတူလို့လား။ အဲဒီတော့ သူတို့ရဲ့ လွတ်လပ်တဲ့ အတွေးအခေါ် နဲ့ ရည်းစားအများကြီးထားဖြစ်ပေမဲ့ သူတို့ရင်ထဲမှာ တစ်သက်တာလုံးအတွက် တစ်ယောက်ကိုပဲ စွဲစွဲလမ်းလမ်း ချစ်နေနိုင်တာ။ အဲဒါတော့ နင်ယုံ”

“ဒါဖြင့် နင်ဆိုလိုတာက သက်မှူးက အချစ်စစ်နဲ့ ငါ့ကို

http://cyberbooks.myanmarchat.org



ချစ်နေတာပေါ့ ဟုတ်လား”

မိုးဦးက မယုံသင်္ကာဖြင့် ပြန်မေးရင်း

“ငါကြားဖူးတာတော့ အချစ်စစ်နဲ့ ချစ်တယ်ဆိုတာ ရည်းစားဦးကိုဆို။ ငါက သက်မှုုရဲ့ ရည်းစားဦးမှမဟုတ်နိုင်တာ။ ငါနဲ့ သက်မှုုက ဒီနှစ်မှ တွေ့ရတာ။ အဲဒီ့အချိန်ကတည်းက သူ့မှာ ရည်းစားအများကြီး ရှိနေနိုင်တာပဲ”

မိုးဦးအပြောကို လွဲလွဲက လုံးဝတွေဝေမသွားခဲ့။

ရည်းစားဦးမို့ တစ်သက်မမေ့ဘူးဆိုတဲ့ စကားတွေကတော့ ရှိတာပေါ့။ ဒါပေမဲ့ ယောကျ်ားလေးတိုင်းရဲ့ ရည်းစားဦးတိုင်းဟာလည်း အချစ်စစ်နဲ့ ချစ်နိုင်တာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ ရည်းစားစ,ထားတဲ့ အရွယ်က ဆယ့်လေးငါးခြောက်နှစ်ဝန်းကျင်ပဲ။ သူတို့မှာ လွတ်လပ်မှုကလည်းရှိပြန်၊ ယောကျ်ားလေးအချင်းချင်း အားကျမှုမျိုးကလည်းရှိတော့ လက်တည့်စမ်းပြီး ရည်းစားထားကြတာများတယ်။ ဒီအရွယ်မှာ အချစ်စစ်ဆိုတာ မဖြစ်နိုင်ဘူး။ စိတ်ပျော်ရွှင်ကျေနပ်မှုတစ်ခုအတွက်ပဲ ရည်းစားထားဖြစ်ကြတာလို့ ငါထင်တယ်။

ကဲ. . . ဒါဖြင့် အချစ်ဆရာမကြီးကိုပဲ ထပ်မေးရဦးမယ်။ တကယ်လို့ ယောကျ်ားတစ်ယောက်ဟာ သူတကယ် ချစ်မြတ်နိုးတဲ့ မိန်းမတစ်ယောက်ကို ချစ်ခွင့်ရပြီ၊ အဲဒီ့မိန်းမက သူ့အပေါ်မှာ ပြန်ချစ်လိုက်ပါပြီတဲ့။ အဲဒီ့ယောကျ်ားက တခြားဘယ်မိန်းကလေးကိုမှ မချစ်တော့ဘဲ ခြေငြိမ်သွားမယ်လို့ရော အာမခံသလား။

မိုးဦးရဲ့ မေးခွန်းကြားတော့ လွဲလွဲ မျက်လုံးပြူးသွားခဲ့သည်။ ခေတ္တတွေဝေသွားသည်။ ပြီးတော့မှ

အချစ်စစ်နဲ့ ချစ်နိုင်တဲ့ မိန်းမကတော့ တစ်ယောက်တည်းပါပဲ။ ကျန်တာ ငါမပြောချင်ဘူး။ ဒါပေမဲ့ နင့်အမေရဲ့ အဆုံးအမတွေနဲ့

http://cyberbooks.myanmarchat.org



ကြီးပြင်းနေတဲ့ နင့်ကိုတော့ ငါဖြေပေးလိုက်မယ်။ ယောက်ျားလေး ကတော့ ယောက်ျားလေးသဘာဝပဲ။ ကိုယ် တမင်သက်သက် ဝင်တိုးတဲ့ မိန်းကလေးကို ဘယ်ရှောင်ပြေးမလဲ။ သက်မှူးလို လူမျိုး မှာတော့ ဝင်တိုးတဲ့ မိန်းကလေးတွေ အများကြီးရှိနေတာလေ။

ပြောပြောဆိုဆို ထွက်ပြေးသွားသော လဲ့လဲ့ကို ကြည့်ရင်း မိုးဦး ခေါင်းခါမိသည်။ နောက်ဆုံးရလိုက်သော အဖြေက မေမေ ထုတ်ပေးထားသော အဖြေပင် ဖြစ်နေသည်။ ယောက်ျားလေးဆိုတာ မျက်နှာများချင်တယ်၊ အပျော်အပါး မက်မောချင်တယ်၊ ဒါတွေပါပဲဟု လဲ့လဲ့က အတည်ထပ်ပြုသလို ဖြစ်သွားခဲ့သည်။ သက်မှူးကတော့ မေမေထောက်ပြ ပြောဆိုခဲ့သော အပြစ်အားလုံးထဲတွင် အကျုံးဝင်နေ ပြီပေါ့။

*　*　*

http://cyberbooks.myanmarchat.org



ပထမနှစ်ဝက်အတွင်းမှာပင် လဲ့လဲ့နဲ့ ကိုဇော်မင်းက မိုးဦးထိုင်နေကျဆိုင်မှာ လာထိုင်ခဲ့သည့်အတွက် မိုးဦးအတွက် အတန်ငယ်လွတ်လပ်သလို ခံစားရသည်။ ပုသိမ်မှာ ရှိနေသည့်ရက်တိုင်း သက်မှူးက မိုးဦးထိုင်သောဆိုင်မှာ နေ့လယ်ထမင်းစားချိန်မှာ အမြဲလာထိုင်သည်။ မိုးဦးကို ငေးမောရင်း တစ်ခုခု စားသောက်နေတတ်သည်။ သို့မဟုတ် စာအုပ်တစ်အုပ်မှာ တစ်ခုခု ရေးနေတတ်သည်။ ထို့အတွက် မိုးဦးမှာ အနေကျုံ့ရသည်။ မိုးဦး ဆိုင်ပြောင်းထိုင်လျှင်လည်း ပြောင်းထိုင်မည့်ဆိုင်ကို လိုက်ဦးမည့်အတူတူ မိုးဦးလည်း ဆိုင်ပြောင်း မထိုင်ဖြစ်တော့။ တစ်ခါတစ်ရံ မိုးဦး ပြန်နေကျ လမ်းမှာ စောင့်တတ်သလို အဆောင်ရှေ့မှာလည်း သီချင်းလာလာဆိုတတ်သည်။ လဲ့လဲ့က သက်မှူးက နင့်ကို တကယ်ချစ်တာပါဟာဟု မကြာမကြာ ပြောတတ်ပေမဲ့ မိုးဦးအမြင်အရတော့ မရလို့ တန်ဖိုးကြီးနေတာဟုပင် ပြန်ပြောမိသည်။ အဲဒါကလည်း ယောကျ်ားတွေရဲ့ သဘာဝပင် ဖြစ်လိမ့်မည်။ ဒီနေ့ ဒီအချိန်အထိ မိုးဦးကြားနေရသော သက်မှူးသတင်းများက တစ်ပတ်တစ်မျိုး ဆယ့်ငါးရက် တစ်မျိုး ဖြစ်နေတတ်သည်။

မဥ္ဇူဆောင်က မိုးဝသန်၊ သပြေဆောင်က မေဇော်ဦးစတဲ့ အဆောင်နာမည်များပါ တိကျတဲ့ သတင်းမျိုးက ကိုယ့်အခန်းထဲမှာ

http://cyberbooks.myanmarchat.org



ကိုယ် အေးအေးဆေးဆေး ထိုင်နေရင်း ကြားနေရတဲ့ သတင်းများဖြစ်သည်။ ဒါကြောင့်လည်း မိုးဦးက သက်မှူးနဲ့ပတ်သက်ပြီး ရင်ခုန်မနေတတ်တော့။ လဲ့လဲ့က စနောက်ပေမဲ့ မကြည်နူးတတ်ခဲ့။ ည ၁၁ နာရီသီချင်းဆိုပြန်လာပြီး အိုက်လို့ သီဟဆောင်ရဲ့ ရေချိုးဆောင်က ကန်ကြီးမှာ ခိုးပြီး ရေဝင်ကူးတဲ့အကြောင်း၊ အပေါင်းအသင်းအချို့နဲ့ သောက်စားပြီး ပုသိမ်မုံရွာလမ်းမကြီးရဲ့ အုတ်ခုံတွေမှာ သီချင်းဆိုတဲ့ အကြောင်းစတဲ့ ခပ်ဆိုးဆိုး သတင်းများကြောင့်ပင် သက်မှူးကို လန့်လည်း လန့်နေခဲ့သည်။ ယောကျ်ားတစ်ယောက်ရဲ့ စိတ်ကို ခန့်မှန်းရ ဒီလောက်ထိ လွယ်မှန်းမသိခဲ့။ သက်မှူးလို လူတစ်ယောက်ရဲ့ စိတ်ကိုတော့ ခန့်မှန်းရ ပိုလွယ်လိမ့်မည်။ သက်မှူးက ကျောင်းရဲ့စတား တစ်ယောက်ဖြစ်နေတာကိုး။

ပထမနှစ်ဝက်ကုန်ဆုံးပြီး အိမ်ပြန်ချိန် ပုသိမ်ဘူတာမှာ တစ်ညလုံး ရထားစောင့်ရသည့် နေ့ရက်လေးတစ်ရက်က ကျောင်းသားအားလုံးကို ပျော်ရွှင်စေခဲ့တာ အမှန်ပင်။ မနက် ၄ နာရီမှာ ထွက်မယ့် ပုသိမ်ကြံခင်း အမြန်ရထားကို စီးဖို့အတွက် ပုသိမ်ကြံခင်းလမ်းတစ်လျှောက် မြို့ရွာတွေမှာ နေထိုင်တဲ့ ကျောင်းသူကျောင်းသားများအပြင် ပြည်၊ ရွှေတောင်၊ ပုတီးကုန်း၊ အောင်လံ၊ ဇီးကုန်း၊ ပေါင်းတည်၊ ပေါင်းတလည်၊ လက်ပန်တန်း စတဲ့ မြို့တွေအထိ ပြန်ကြရမည့် ကျောင်းသူ၊ ကျောင်းသား အားလုံးဟာ ဘူတာတစ်ခုံး ခြေချစရာ မရှိအောင် များပြားလွန်းလှသည်။ မိုးဦးတို့အဖွဲ့ကလည်း ညနေ ၅ နာရီကတည်းက ရထားဆင်းပြီး ပလက်ဖောင်းမှာ နေရာတစ်နေရာ ယူထားရသည်။ ထိုသို့မှ ယူမထားလျှင် သူများအဖွဲ့များကြားတွင် တကွဲတပြားစီဖြစ်မှာ စိုးရိမ်လောက်အောင် ကျောင်းသား ကျောင်းသူများက များလွန်းသည်။ ပုသိမ် ကြံခင်း (အစုန်) ရထားက ည ၉ နာရီခွဲမှ ဆိုက်မည်ဖြစ်သော်လည်း ပုသိမ်ပလက်ဖောင်းတစ်ခုလုံး ကျောင်းသား၊ ကျောင်းသူ

http://cyberbooks.myanmarchat.org



များနှင့် စည်ကားလွန်းနေပြီ။ နှစ်စဉ်နှစ်တိုင်း ကျောင်းပိတ်ချိန်တွေဆို ဒီလိုပဲဟု နှစ်ကြီးသမားအချို့က ပြောဖူးသဖြင့် ဒီအတွေ့အကြုံလေးက အသစ် ဖြစ်နေပေမဲ့ ကျောင်းသားအားလုံး ရင်ထဲမှာ ရင်းနှီးပြီး သားဖြစ်သည်။ မိုးဦးတို့ လေးယောက်စလုံး ကျွန်းသေတ္တာတစ်လုံးစီ အဆောင်မှာ အပ်ထားခဲ့ပေမဲ့ သံသေတ္တာတစ်လုံးစီတော့ အိမ်အထိ ပြန်သယ်ခဲ့သည်။ မိုးဦးတို့လိုပဲ ကျောင်းသား ကျောင်းသူတိုင်း သေတ္တာကိုယ်စီ၊ အိတ်ကိုယ်စီ အိမ်ပြန်ယူကြသဖြင့် ပုသိမ်ဘူတာရုံ ပလက်ဖောင်းတစ်ခုလုံးတွင် သေတ္တာများ၊ အိတ်များကြောင့် မနည်း ရှောင်ရှားသွားရသည်။ မိုးဦးတို့အဖွဲ့၊ ကိုဇော်မင်းတို့အဖွဲ့၊ ကိုဇော်မင်း ညီမဝမ်းကွဲအဖွဲ့ စတဲ့ နီးစပ်ရာအဖွဲ့များစုလိုက်တဲ့အခါ မိုးဦးတို့အဖွဲ့မှာ အားလုံး အယောက် ၃၀ ဖြစ်သွားရတော့သည်။ ထို့ကြောင့်ပင် ရထားဆိုက်ဆိုက်ခြင်း ကိုယ့်အဖွဲ့ရှေ့ရှိ ရထားတွဲပေါ် ပြတင်းပေါက် တံခါးများမှ တွယ်တက်ပြီး ခုံနေရာ ဦးသူဦး၊ ပစ္စည်းတင်ပေးသူ တင်ပေးဖြင့် ပျော်စရာလည်းကောင်းသလို ရင်ခုန်စရာလည်း အရမ်း ကောင်းပါသည်။ ထိုသို့ ကျောင်းသားများပြန်တဲ့နေ့ဆို ဘူတာက လက်မှတ်လည်း မရောင်းပေးတော့ချေ။ အထူးရထားအဖြစ် သတ်မှတ်လိုက်ကာ သွားနေကျ ခရီးသည်များကလည်း ကျောင်းသား အုပ်စုနှင့် မျှတထိုင်ကာ သွားကြရသည်။ ကျောင်းသားတွေက များလွန်းသဖြင့် သေတ္တာများကို လေးငါးလုံး ထပ်တင်ရသည့်အပြင် အလှည့်ကျ ထိုင်ရတာမျိုးလည်း ရှိသည်။ ည ၁၀ နာရီခွဲလောက်မှာတော့ ကျောင်းသားတိုင်း လိုလို နေရာယူလို့ ပြီးသွားသည်။ တချို့က တွဲပေါ်မှာ၊ တချို့ကလည်း ပလက်ဖောင်းပေါ်မှာ ထိုင်ကြရင်း၊ ကိုယ့်အဖွဲ့နဲ့ကိုယ် ဂစ်တာတီးရင်း သီချင်းဆိုနေကြခြင်းကလည်း ပျော်စရာပင်။ အတွဲကလည်း ခေတ္တခွဲရတော့မယ် အရေအတွက် ချောင်တွေကပ်တော့ အလွမ်းများသယ်နေကြသလို မိုးဦးတို့ကလည်း သန်းသန်းအေးတို့အဖွဲ့နဲ့ပေါင်းကာ ပလက်ဖောင်းပေါ်က အုပ်စုလိုက်

http://cyberbooks.myanmarchat.org



ထိုင်နေတတ်တဲ့ အသိမိတ်ဆွေထံသွားပြီး နှုတ်ဆက်စကားပြောကြရသည်။ ဒီလိုအချိန်မှာ ကျောင်းတက်တုန်းက မျက်မှန်းတန်းမိရုံရှိတဲ့ အတန်းထဲက သူငယ်ချင်းများ၊ အဆောင်က သူငယ်ချင်းများနဲ့ စကားပြောရင်း ခင်မင်ရင်းနှီးသွားတတ်တာမျိုးလည်း ဖြစ်သွားရသည်။

အဲဒီအချိန်မှာ မိုးဦး၊ နွယ်ချို၊ သန်းသန်းအေး၊ ခင်လေးနွယ်၊ ခင်လေးသွယ်တို့က ဝင်းကိုတို့အုပ်စု သီချင်းဆိုနေတဲ့အနားမှာ သွားထိုင်ရင်း ဝင်းကိုတို့အုပ်စုနဲ့ သံယောင်လိုက်ပြီး သီချင်းထိုင်ဆိုနေလိုက်တယ်။ ဝင်းကိုတို့ သန်းထွန်းတို့က မိုးဦးနဲ့ သိပ်မခင်ပေမဲ့ နွယ်ချိုတို့ သန်းသန်းအေးတို့ကိုကျတော့ ပိုက်ဆံအမြဲချေးနေသူပင် ဖြစ်သည်။ ကျန်တဲ့အချိန်တွေမှာတော့ (အထူးသဖြင့် မေမေ့ရှေ့မှာတော့) ဒီလို သီချင်းသွားမဆိုရဲ။ ဒီနေ့ကတော့ ကျောင်းသားအားလုံးရင်ထဲမှာ ပျော်နေသလို မိုးဦးကိုယ်တိုင်ကလည်း လွတ်လပ်သလို ခံစားမိတာကြောင့် သီချင်းပါဝင်ဆိုမိသည်။

သစ်ရွက် × × × စိမ်းမြတို့ကြွေနေဆဲ × × × ငှါမျက်ရည် ငိုနေတုန်းပေါ့ တချို့တွေ နေနိုင်လွန်းတယ် × × ×

တကယ်တော့ မိုးဦးတို့အုပ်စုက ယောက်ျားလေးတွေဆိုနေတာကို ဝင်ပြီး သံယောင်ဟစ်နေခြင်းဖြစ်သည်။ ထိုသီချင်းတစ်ပုဒ်ပြီးသွားတဲ့အခါ ဝင်းကိုက သက်မှုုရဲ့ သီချင်းတစ်ပုဒ်ကို စတီးလိုက်သည်။ ထိုယောက်ျားလေးတစ်ဖွဲ့လုံးက မိုးဦးကို ပြုံးစစဖြင့် ကြည့်ရင်း သီချင်းဆိုလိုက်တော့ မိုးဦးလည်း ဣန္ဒြေမပျက် လိုက်ဆိုလိုက်ရသည်။ ထိုသီချင်းဆုံးသွားတော့ တစ်ဖွဲ့လုံးက ဒါမှ မိုးဦးကွလို့ တညီတညွတ်တည်း ထအော်လိုက်တယ်။

“ငါက ငါ့သူငယ်ချင်းတွေကို ဦးစားပေးတာ၊ ငါ့ခံစားချက်ထက် ငါတို့အားလုံး ပျော်ရွှင်မှုကို ဦးစားပေးလိုက်တာ၊ တလွဲမထင်ပါနဲ့”

http://cyberbooks.myanmarchat.org



သူတို့ ဒီလို ထအော်လိုက်တော့ မိုးဦး ရှက်သွားရသည်က အမှန်ပင်။ ဒါပေမဲ့ မိုးဦးပဲ။ ဆင်ခြေမရှိဘဲ အလုပ်၊ မလုပ်ဘူးလေ။ အဲသလို ပြောပြီး မိုးဦးဘေးကို လှည့်ကြည့်လိုက်တော့ မိုးဦးဘေးမှာ သက်မှူးရောက်နေတာကို တွေ့လိုက်ရသည်။ မိုးဦး ဘာမှမပြောနိုင်ခင် သက်မှူးက လက်ထဲကအထုပ်တွေကို မိုးဦးကို ပေးသည်။

"မိမိုးတို့ ဆာရောပေါ့၊ ကိုယ် သတိရလို့ ဝယ်လာတာ၊ ခေါက်ဆွဲကြော်နဲ့ အအေးလေး ယူသွားနော်"

"ဟင့်အင်း နေပါစေ မိုးဦးတို့ အခုပဲသွားစားတော့မလို့"

မိုးဦးက ထွက်ပြေးတော့မယ့်ဟန်နဲ့ နွယ်ချို့လက်ကို ဆွဲလိုက်သည်။

"ဟို ကိုယ် မိမိုးတို့ တစ်ဖွဲ့လုံးစားဖို့ တမင်ဝယ်လာတာပါ ယူလိုက်ပါနော်"

မိုးဦး မျက်ဝန်းထဲ ဝင်လာတဲ့ သက်မှူးရဲ့ အရိပ်လေးကို မိုးဦးမျက်စိမှိတ်ပြီး ဖျောက်ပစ်လိုက်ရသည်။ သက်မှူး မျက်ဝန်းထဲမှာ နူးညံ့ညင်သာမှု အလုံးစုံ။ အို ဒီလူတွေက ဒီအတိုင်းချည်းပဲ။

"ဟို အားနာပါတယ်၊ မိုးဦးက သူများပေးတာ မစားတတ်လို့ပါ"

"ကိုယ်ပေးတာ စားပါမိမိုးရယ်။ မိမိုး ညနေ ငါးနာရီ ကတည်းက ရထားဆင်းလာတာ ဆာရောပေါ့၊ ဒါကြောင့် ဝယ်လာတာ။ ဟို မနွယ်ချို ယူထားပေးပါနော်"

သက်မှူးက ပြောပြောဆိုဆို နွယ်ချို့လက်ထဲသို့ အထုပ်အပိုးများထည့်ကာ

"ကိုယ့်ကြောင့် မိမိုး အနှောင့်အယှက် မဖြစ်စေရပါဘူး၊ စိတ်ချပါ" လို့ ပြောရင်း လှည့်ထွက်သွားတော့သည်။ မိုးဦး ရင်ထဲမှာတော့ တဒိန်းဒိန်း ခုန်ကျန်ရစ်ခဲ့တော့သည်။

http://cyberbooks.myanmarchat.org



"မိုးဦးရာ အဆိပ်ခတ်မခတ် သိရအောင် ငါအရင်မြည်းကြည့်မယ်သိလား။ လာချ နွယ်ချို"

သန်းထွဋ်စကားကြောင့် အားလုံးဝိုင်းရယ်ကြသည်။ ပြီးတော့ တစ်ဖွဲ့လုံး ခေါက်ဆွဲကြော်များ စားကြသည်။ မိုးဦးတစ်ယောက်သာ မစားခဲ့။ နွယ်ချိုက စားရင်း

"ဒီအထဲမှာ သူ့ကို ပြန်ကြိုက်မယ့် ပီယဆေးတွေပါရင် ငါပဲပြန်ကြိုက်လိုက်မယ် သိလားဟု နောက်တော့၊ ဟ . . . ငါအရင်ဆုံး မြည်းတာ၊ ငါပဲ ပြန်ကြိုက်မယ် သိလား၊ သန်းထွဋ်စကားကြောင့် မိုးဦးပင် ပျော်ရွှင်ခဲ့ရတော့သည်။ စားပြီးပြီးချင်း အအေးထုပ်လေးတွေကို ဝိုင်းမြှောက်ကာ "ချစ်သူငယ်ချင်း သက်မှူး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဒါထက်မက အောင်မြင်ပါစေ၊ မိုးဦး အချစ်ကိုရရှိပါစေ" လို့ တညီတညွတ်တည်း ဝိုင်းအော်ရင်း ကြွပ်ကြွပ်အိတ်ထဲက အအေးကို ပိုက်ကိုယ်စီဖြင့် စုပ်ကြသည်။ ဒီအချိန်မှာတော့ မိုးဦးလည်း ပျော်ရွှင်နေသဖြင့် ဘာမျှမတုံ့ပြန်တော့ဘဲ ရယ်မောနေခဲ့ တော့သည်။ ပြီးတော့ သန်းထွဋ်တို့အုပ်စုက သက်မှူးသီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုလိုက်တဲ့အတွက် မိုးဦး ထိုနေရာမှ ထွက်ပြေးခဲ့ရသည်။

မိုးဦးတို့နေရာ ရောက်ရောက်ချင်း ကိုဇော်မင်းက စာရွက်ခေါက်လေး မိုးဦးကို လှမ်းပေးလိုက်သဖြင့် ယူပြီးဖြေကြည့်လိုက်ရာ. . .

**မိမိုး**

ကိုယ်လည်း မနက်ဖြန် ရန်ကုန်ပြန်ရမှာမို့ ပြန်သွားပြီ
မိမိုးကို လွမ်းနေမှာပါ။

**သက်မှူး**